# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။ **ယမကဝဂ်(ဓမ္မပဒ-၁၀)**


၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက် | ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၃ ရက်၊ စနေနေ့ | အတွဲ (၅၈)၊ အမှတ် (၃၀၇)


# နိုင်ငံသူ နိုင်ငံသားအားလုံး အခွင့်အလမ်း၊ အဆင့်အတန်းနှင့် တရားဥပဒေအရာတွင် ညီမျှမှုရှိရမည်

## တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထု၏ ဘဝလုံခြုံမှုနှင့် ပျော်ရွှင်မှုကိုပေးနိုင်သည့် အုပ်ချုပ်ရေးယန္တရားဖြစ်စေလို



မန္တလေး ဩဂုတ် ၂

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များ (ပြည်သူ့၊ အမျိုးသားနှင့် တိုင်းဒေသကြီး)၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများအား မန္တလေးကွန်ဗင်းရှင်းစင်တာ၌တွေ့ဆုံပြီး လမ်းညွှန်အမှာစကား ပြောကြားသည်။**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ သူရဦးအောင်ကို၊ ဒေါက်တာမြင့်ထွေး၊ ဦးဟန်ဇော်၊ ဦးအုန်းမောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက မိမိတို့အနေဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရန် ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချထားပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားအားလုံးက ဒီမိုကရေစီကို ပြင်းပြင်းပြပြ လိုလားကြပါကြောင်း၊ ထို့အတူ တိုင်းရင်းသား လူမျိုးစုအားလုံးကလည်း ဖက်ဒရယ်စနစ်ကို တည်ထောင်ချင်ကြပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်သစ်ကို တည်ထောင်မည်ဆိုသည့် မူဝါဒကို ချမှတ်ထားခြင်းဖြစ်ပါကြောင်း၊ ယင်းသန္နိဋ္ဌာန် အောင်မြင်ရန်အတွက် မိမိတို့အားလုံး တက်ညီလက်ညီ တစ်လှေတည်းစီး တစ်ခရီးတည်းသွား၊ ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်တွင် နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသား လူမျိုးများအားလုံး၏ လွတ်လပ်မှု၊ လုံခြုံမှု၊ ပျော်ရွှင်မှုနှင့် ဘဝအာမခံမှုများ ရှိပါကြောင်း၊ ထို့ပြင် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုသည့် လောကပါလတရားများလည်း


စာမျက်နှာ ၃ ကော်လံ ၁ ✤


နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များ (ပြည်သူ့၊ အမျိုးသားနှင့် တိုင်းဒေသကြီး)၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ လမ်းညွှန်အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

**"ပြောင်းလဲမှုသည် ဖွံ့ဖြိုးတိုးတက်မှု၊ သာယာဝပြောမှုနှင့် ဆက်စပ်နေပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် စိုးရိမ်စရာမဟုတ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွက် မိတ်ကောင်းဆွေကောင်း ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် ခြိမ်းခြောက်မှုမဟုတ်ဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသူ နိုင်ငံသားများ၏ သားစဉ်မြေးဆက် ငြိမ်းချမ်းသာယာဝပြောစေရေးအတွက် အခွင့်အခါကောင်းဖြစ်"**



**မကွေးပြည်သူ့ဆေးရုံကြီး၌ အသည်းရောင်အသားဝါ(စီ)ပိုး ကုသရေးစင်တာဖွင့်လှစ်ပြီး ရောဂါရှင်များအား အခမဲ့ကုသပေးမည်** စာမျက်နှာ » ၁၂

**တရုတ်နိုင်ငံမှ တင်ပို့ကုန်များကို နောက်ထပ်အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံဖိုး အခွန်တိုးကောက်မည်ဟု အမေရိကန်ကြေညာ** စာမျက်နှာ » ၁၄




မြန်မာ့အလင်း

# နိုင်ငံစီးပွား ဖွံ့ဖြိုးရေးအတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်

တရားမဝင်ကုန်သွယ်မှုက နိုင်ငံ၏စီးပွားရေးကို အဟန့်အတားဖြစ်စေသည်။ နိုင်ငံအတွက် ရသင့်ရထိုက်သည့်အခွန်အခများလည်း နစ်နာဆုံးရှုံးရပြီး ဝန်ထမ်းများအတွင်း အကျင့်ပျက်မှု၊ အဂတိလိုက်စားမှုတို့ ကူးစက်ပြန့်ပွားလာနိုင်သည်။ တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်ပျက်စီးစေနိုင်သည်။ လူမှုအသိုင်းအဝိုင်းကိုလည်း ဆုံးရှုံးနစ်နာစေသည်။ ဈေးကွက်များအတွင်း တရားမဝင်ရောက်ရှိလာသည့် ကုန်ပစ္စည်းများကြောင့် ပြည်တွင်းရှိအသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများရပ်တည်မှုကို ခက်ခဲစေပြီး ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အတားအဆီးဖြစ်စေသည်။ ထို့ပြင် နိုင်ငံအတွင်း လာရောက်လုပ်ကိုင်မည့် ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကိုလည်း လက်တွန့်သွားစေသည်။

နယ်စပ်ဖြတ်ကျော်၍ အိမ်နီးချင်းနိုင်ငံအချို့နှင့် ပြုလုပ်နေသည့် တရားမဝင် ကုန်သွယ်မှုများတွင် နယ်စပ်ဖြတ်ကျော်ရာဇဝတ်ဂိုဏ်းများလည်း ပါဝင်ပတ်သက်နေတတ်သည်။ တရားမဝင်ကုန်သွယ်မှု သို့မဟုတ် မှောင်ခိုရောင်းဝယ်မှုများတွင် မူးယစ်ဆေးဝါး၊ လူ၊ တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများ၊ ကျောက်မျက်ရတနာ၊ သစ်၊ သတ္တုနှင့် အခြားတရားမဝင်ပစ္စည်းများကို တရားမဝင်လမ်းကြောင်း အသီးသီးတို့မှတစ်ဆင့် ရောင်းဝယ်နေကြခြင်းဖြစ်သည်။ တရားမဝင်သစ်မှောင်ခိုများကြောင့် မြန်မာနိုင်ငံသစ်တောများ၏ ၁၉ ရာခိုင်နှုန်းကို ဆုံးရှုံးခဲ့ရာ တန်ဖိုးအားဖြင့် နှစ်စဉ်ဒေါ်လာသန်းရာနှင့်ချီ၍ ရှိသည်ဟု သတင်းအချို့က ဆိုသည်။ ၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း ကျောက်စိမ်းတင်ပို့မှုများ၏ ၂၀ ရာခိုင်နှုန်းသည်သာ တရားဝင်ဖြစ်ပြီး ၈၀ ရာခိုင်နှုန်းမှာ တရားမဝင်တင်ပို့မှုများဖြစ်သည်ဟု သိရသည်။ မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်းနှင့် လူမှောင်ခို ကုန်ကူးခြင်းကဲ့သို့သော အကျိုးအမြတ်များပြားလှသည့် မှောင်ခိုရောင်းဝယ်မှုများတွင် နယ်စပ်ဖြတ်ကျော်ရာဇဝတ်ဂိုဏ်းများ ပတ်သက်နေမှုမှာ ပြောစရာပင်မလိုသော ကိစ္စများဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုများမှ အရည်အသွေးနိမ့်ကုန်ပစ္စည်းများ၊ ဆေးဝါးအတု သို့မဟုတ် မှတ်ပုံတင်မထားသည့် တရားမဝင်ဆေးဝါးများ၊ စားသုံးရန်မသင့်သည့် စားသောက်ကုန်များ စသည်တို့က လမ်းကြောင်းအမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုးဖြင့် တိမ်းရှောင်ကျော်ဖြတ်ကာ ပြည်တွင်းဈေးကွက်သို့ ရောက်ရှိလာကြသည့်အပြင် အာလူး၊ ကြက်သွန်၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းများစသည့် ကုန်စိမ်းများပင် ဝင်ရောက်လာကြသည့်အတွက် ပြည်တွင်းမှ အသေးစား စီးပွားရေးလုပ်ငန်းရှင်များ၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ အထိနာကြသည်။

တရားမဝင်ကုန်သွယ်မှု၏ ၉၇ ရာခိုင်နှုန်းမှာ အရှေ့ဘက်အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နှင့် ထိုင်းနိုင်ငံများဘက်နှင့် ဆက်စပ်လုပ်ကိုင်နေကြခြင်းဖြစ်သည်။ သွင်းကုန်၊ ပို့ကုန်များနှင့်စပ်လျဉ်း၍ ၎င်းနှစ်နိုင်ငံဘက်မှ စာရင်းများနှင့် မြန်မာနိုင်ငံဘက်မှ စာရင်းများကို နှိုင်းယှဉ်ရာတွင် သွင်းကုန်ကွာခြားချက် ဒေါ်လာ ၅၃၃၉ သန်း၊ ပို့ကုန်ကွာခြားချက် ဒေါ်လာ ၁၀၉၇၅ သန်းရှိကြောင်းနှင့် နိုင်ငံအတွက်တစ်နှစ်လျှင် ဒေါ်လာတစ်ဘီလီယံကျော် နစ်နာနေရသည်ဟု သိရသည်။ တရားမဝင်ကုန်သွယ်မှုများကို မထိန်းချုပ်နိုင်သဖြင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလိုငွေများလည်း မြင့်မားနေသည်။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၉ ခုနှစ်၊ ဇွန် ၂၅ ရက်တွင် လုပ်ငန်းတာဝန် ၁၃ ရပ် ချမှတ်ကာ အဖွဲ့ဝင် ၄၀ ဖြင့် ဖွဲ့စည်းထားပြီဖြစ်သည်။ နယ်စပ်ဒေသများနှင့် ထိစပ်နေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတွင်လည်း အထူးအဖွဲ့များဖွဲ့စည်းပြီး ဖမ်းဆီးအရေးယူခဲ့ရာ ၂၀၁၉ ခုနှစ် ဇွန်လအထိ ဖမ်းဆီးအရေးယူမှု ၆၆၉ ကြိမ် ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁ ဒသမ ၈၂၈ ဘီလီယံ ဖမ်းဆီးနိုင်ခဲ့သည်။ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်မှာ တရားဝင်ကုန်သွယ်မှုများ ခိုင်မာအားကောင်းပြီး တရားမဝင်ကုန်သွယ်မှုများ ပပျောက်ဖို့လိုသည့်အလျောက် တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ရာတွင် အဂတိတရားလေးပါးတို့ကို ရှောင်ရှားကာ ထိထိရောက်ရောက် ထက်ထက်မြက်မြက်ဖြင့် ထမ်းရွက်နိုင်ကြပါစေကြောင်း။ ။

## ကျောက်ပန်းတောင်းမြို့နယ် နဘဲတန်းကျေးရွာတွင် သရက်ပင်မင်္ဂလာတံတားဖွင့်ပွဲကျင်းပ



ကျောက်ပန်းတောင်းမြို့နယ် နဘဲတန်းကျေးရွာတွင် သရက်ပင်မင်္ဂလာတံတားဖွင့်ပွဲ ကျင်းပစဉ်။

**ကျောက်ပန်းတောင်း ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တလင်းကုန်းကျေးရွာအုပ်စု နဘဲတန်းကျေးရွာနှင့် နတ်မောက်မြို့နယ် ကြို့ပင်သာအလယ်ကျေးရွာတို့ကို ဆက်သွယ်သည့် သရက်ပင်မင်္ဂလာတံတားဖွင့်ပွဲကို ဇူလိုင်လနောက်ဆုံးပတ်က အဆိုပါတံတားမုခ်ဦး၌ ကျင်းပသည်။

သရက်ပင် မင်္ဂလာတံတားကို ကျောက်ပန်းတောင်းမြို့နယ် စေတနာရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ တံတားအရှည်ပေ ၂၃၀၊ အကျယ် ၁၀ ပေဖြစ်ကာ စုစုပေါင်း ကုန်ကျငွေကျပ်သိန်း ၃၀၀ ဖြစ်ကြောင်း သိရသည်။ အဆိုပါ တံတားကို ဖွင့်လှစ်ခြင်းမပြုမီ တိုင်းဒေသကြီး သံဃာ့ဝန်ဆောင် (တောင်လှဆရာတော်) ဘဒ္ဒန္တပညာသီရိအမှူးပြုသည့် သံဃာတော်အရှင်သူမြတ် ၂၁ ပါးတို့က တံတားပေါ်တွင် ပရိတ်တရားတော်များ ရွတ်ဖတ်တော်မူကြပြီး မင်္ဂလာအချိန်တွင် တံတားအလှူရှင် ဆရာတော်ဘဒ္ဒန္တခေမိန္ဒ၊ တလင်းကုန်းဆရာတော် ဘဒ္ဒန္တနန္ဒမာလ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကို၊ မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်သာသနာရေးဦးစီးမှူး ဦးနိုင်လွင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများနှင့် လိုအပ်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ယင်းတံတားသည် ပင်းချောင်းကို ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်ပြီး ဆောက်လုပ်ပေးသည့် ကွန်ကရစ်တံတားကြောင့် ကျောက်ပန်းတောင်းမြို့နယ်ဘက်မှ နဘဲတန်း၊ ပန်းကြိုင်၊ တလင်းကုန်း၊ ညောင်ပင်သာ အစရှိသည့် ကျေးရွာများမှ ပြည်သူများနှင့် နတ်မောက်မြို့နယ်မှ ရွာသစ်၊ ကူနီ၊ ကြို့ပင်သာ၊ အလယ်ရွာ၊ ကျေးချောင်း အစရှိသည့် ကျေးရွာများမှ ဒေသခံပြည်သူများမှာ ရာသီမရွေး ဖြတ်သန်းသွားလာနိုင်ကြတော့မည်ဖြစ်ကြောင်း၊ အဆိုပါတံတားကို နဘဲတန်းဆရာတော်၏ သက်တော်(၅၁နှစ်)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် တပည့်ဒါယကာ၊ ဒါယိကာမများ၏ လှူဒါန်းငွေများဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## မလှိုင်မြို့နယ်၌ လူဦးရေစာရင်းအချက်အလက်များ ကောက်ယူမှု ၅၇ ရာခိုင်နှုန်းပြီးစီး

**မလှိုင် ဩဂုတ် ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်၌ အိမ်ထောင်စုအလိုက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူလျက်ရှိရာ ဩဂုတ် ၁ ရက်တွင် ၅၇ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

"မလှိုင်မြို့နယ်မှာ အိမ်ထောင်စုစာရင်းရှိအရ အိမ်ထောင်စုပေါင်း ၃၂၅၅၆ စု ရှိပြီး ဩဂုတ် ၁ ရက်အထိ ၁၈၄၉၅ စု ကောက်ယူပြီးဖြစ်လို့ အိမ်ထောင်စုအားလုံးရဲ့ ၅၇ ရာခိုင်နှုန်းပြီးစီးတာဖြစ်ပါတယ်"ဟု စာရင်းကောက်ယူရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင်က ပြောကြားသည်။

မလှိုင်မြို့နယ်အတွင်း အိမ်ထောင်စုအလိုက် လူဦးရေစာရင်း အချက်အလက်များ ကောက်ယူရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ် ပါဝင်သော အဖွဲ့ဝင်ရှစ်ဦးဖြင့် စာရင်းကောက်ယူရေးလုပ်ငန်းအဖွဲ့ဖွဲ့စည်း၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၆ ခုမှ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ ပါဝင်သော အဖွဲ့ဝင် ခြောက်ဦးစီပါသည့် စာရင်းကောက်ယူရေးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ ကောက်ခံနေကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

## ဘူးသီးတောင်မြို့နယ်၌ ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်


**မောင်တော ဩဂုတ် ၂**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အုတ်တောင်ကျေးရွာ၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျေးရွာအိမ်တိုင်ရာရောက် ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းပြီးစီးမှုအခြေအနေကို ဇူလိုင်လနောက်ဆုံးပတ်က စစ်တွေအခြေစိုက် မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းမှာ ဘူးသီးတောင်မြို့နယ် အုတ်တောင်ကျေးရွာရှိ ဆည်ရေမှ ကျေးရွာအိမ်တိုင်ရာရောက် ရေပိုက်သွယ်တန်းခြင်း ၀/၂ မိုင်ကို ခွင့်ပြုငွေကျပ် ၃၇ ဒသမ ၀၀ သန်းဖြင့် ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ရာ ယင်းကျေးရွာရှိ အိမ်ခြေ ၆၇ အိမ်၊ လူဦးရေ ၃၄၈ ဦးအတွက် နှစ်စဉ်နွေရာသီ၌ ရေရှားပါးမှုဒဏ်ခံစားနေရသည့် ကျေးရွာပြည်သူများ ရေလုံလောက်စွာ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့်
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
(၂၀၁၉-ခုနှစ်၊ ဩဂုတ်လ)
" Invest in Nutrition: Join Hands in Building the Nation "
" အာဟာရတွင်မြှုပ်နှံကာ၊ လက်တွဲတူညီဆောင်ရွက်ပါ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှာ "
ပထမပတ် - မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်
ဒုတိယပတ် - ငါးနှစ်အောက်နှင့်ကျောင်းနေအရွယ်ကလေးနှင့်လူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
တတိယပတ် - ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့မှုကြောင့်ဖြစ်ပွားသောရောဂါများပပျောက်ရေးနှင့် အစာတွင်အဏုအာဟာရ ဖြည့်စွက်ရေးရက်သတ္တပတ်
World Health Organization
Regional Office for South-East Asia
unicef



✤ *ရှေ့ဖုံးမှ*

ထွန်းကားပါကြောင်း၊ ယင်းသည် ဒီမိုကရေစီနိုင်ငံများ၏ အလေ့အကျင့်များဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးများအားလုံး စုပေါင်းထားသည့် နိုင်ငံဖြစ်ပါကြောင်း၊ တိုင်းရင်းသားများ စုပေါင်းပါဝင်သဖြင့် ပြည်ထောင်စုဟု ပြောရပါကြောင်း၊ ပြည်ထောင်စုဟုပြောမည်ဆိုပါက ဖက်ဒရယ်နိုင်ငံ တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ဖက်ဒရယ်နိုင်ငံတွင် နိုင်ငံ၏အချုပ်အခြာအာဏာသည် တိုင်းဒေသကြီး၊ ပြည်နယ်များအထိ ဖြန့်ခွဲသွားပြီး တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးစံများ တည်တံ့ခိုင်မြဲ ဖွံ့ဖြိုးတိုးတက်ရန် ပြုစုပျိုးထောင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တန်းတူညီမျှခွင့်၊ သာတူညီမျှခွင့် စသည့်အခွင့်အရေးများ ရရှိကြမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့်မူကို ကိုင်စွဲထားပါကြောင်း။

**တရားဥပဒေအရာတွင် ညီမျှမှုရှိရမည်**

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်ရာတွင် မိမိတို့လိုလားသည့် အုပ်ချုပ်ရေးသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တရားမျှတမှုရှိသည့် အုပ်ချုပ်ရေးဖြစ်ပါကြောင်း၊ နိုင်ငံသူနိုင်ငံသားအားလုံး အခွင့်အလမ်း၊ အဆင့်အတန်းနှင့် တရားဥပဒေအရာတွင် ညီမျှမှုရှိရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုသည့် အုပ်ချုပ်ရေးစနစ်ဖြစ်စေလိုပါကြောင်း၊ ပြည်သူလူထုကို ဖိနှိပ်ချုပ်ချယ်သည့် အုပ်ချုပ်ရေးစနစ်မဖြစ်ရန်လိုကြောင်း၊ ပြည်သူလူထု၏ ဘဝလုံခြုံမှုနှင့် ပျော်ရွှင်မှုကိုပေးနိုင်သည့် အုပ်ချုပ်ရေးယန္တရားဖြစ်စေလိုပါကြောင်း။

ဒီမိုကရေစီတွင် ပြည်သူသာ အမိ၊ ပြည်သူသာ အဖဖြစ်သည့်အတွက် ပြည်သူကို ဗဟိုပြုရမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်အနေဖြင့် ပြည်သူနှင့်ဆက်ဆံသည့်အခါ ပြည်သူကို အလုပ်အကျွေးပြုသည့် သဘောမျိုးဖြင့် ဆက်ဆံစေလိုပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ပြည်သူက မိမိတို့ကို လုပ်ပိုင်ခွင့်ပေးထားခြင်းသာ ဖြစ်ပါကြောင်း၊ ပြည်သူကို ဝန်ဆောင်မှုပေးသည့်အခါတွင် တာဝန်ကျေစေလိုပါကြောင်း၊ ပြည်သူကို အလုပ်အကျွေးပြုသည့်အခါတွင် လေးလေးစားစားရှိရန်လိုပါကြောင်း၊ အချုပ်အခြာအာဏာသည် ပြည်သူ့ထံတွင်ရှိသည်ဆိုသည့် ပန်းတိုင်ရောက်အောင် မိမိတို့ ဆက်လက်သွားကြရမည် ဖြစ်ပါကြောင်း။

ဥပဒေပြုရေးမဏ္ဍိုင်တွင် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများ ရှိပါကြောင်း၊ ဥပဒေများသည် တိုင်းပြည်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုး ရှိ၊ မရှိ၊ ဒေသ၏ အခြေအနေနှင့် ကိုက်ညီမှု ရှိ၊ မရှိကို လေ့လာသုံးသပ်ကြရန် လိုပါကြောင်း၊ မိမိတို့၏ တိုင်းဒေသကြီး / ပြည်နယ်အတွက် ဥပဒေတစ်ခုပြုမည်ဆိုပါက မိမိတို့၏ ဥပဒေပြုခွင့်ဘောင်အတွင်း ဝင်၊ မဝင် ဂရုစိုက်ကြရန်လိုပါကြောင်း၊ တရားဥပဒေ စိုးမိုးမှုမရှိဘဲ ဒီမိုကရေစီနိုင်ငံကို တည်ဆောက်၍မရပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် တရားဥပဒေစိုးမိုးရေးသည် အခြေခံဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ လုပ်ပိုင်ခွင့်များ၊ ဥပဒေ၊ နည်းဥပဒေများကိုလည်း ကျေကျေညက်ညက် သိရှိနားလည်ထားကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိအောင် ဥပဒေပြုရေးမဏ္ဍိုင်က ထိန်းကျောင်းရန်လည်း လိုအပ်ပါကြောင်း။

**ငြိမ်းချမ်းသာယာရေး ပူးပေါင်းဆောင်ရွက်**

အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်သုံးရပ် အပြန်အလှန်ထိန်းကျောင်း၍ ယှဉ်တွဲညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ နိုင်ငံသားများ ငြိမ်းချမ်းသာယာစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့တွင် မဏ္ဍိုင်တစ်ခုက တစ်ခုကို ဝင်ရောက်စွက်ဖက်ခြင်းသည် ဒီမိုကရေစီကျင့်စဉ် မဟုတ်ပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ကြုံတောင့်ကြုံခဲ သမိုင်းပေးတာဝန်ကို ထမ်းဆောင်ခွင့်ရသည့် ကာလတွင် အဆိုပါမဏ္ဍိုင်ကြီးသုံးရပ်မှ ပုဂ္ဂိုလ်များအပြင် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များကလည်း တစ်ဦးနှင့်တစ်ဦး ပြိုင်ဘက်လိုသဘောမထားဘဲ လုပ်ဖော်ကိုင်ဖက်အဖြစ်သဘောထားပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် လိုကြောင်း။

**တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်**

တရားစီရင်ရေးမဏ္ဍိုင်သည်လည်း ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေး ဖြစ်စေလိုပါကြောင်း၊ တရားစီရင်ရေးတွင် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၊ တည်ဆဲဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ စသည့် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဘက်မလိုက်သည့် တရားစီရင်ရေးတွင် အခြေခံမှုများရှိပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားအားလုံး ဥပဒေနှင့်အညီဖြစ်ရန် လိုအပ်ပါကြောင်း၊ မည်သူမျှ ရာထူးဌာန၊ ဆင်းရဲချမ်းသာ၊ ငွေကြေးနေဥစ္စာ၊ လူတန်းစားခွဲခြားမှုမရှိစေဘဲ ဥပဒေရှေ့မှောက်တွင် အညီအမျှဖြစ်စေရမည်ဖြစ်ပါကြောင်း၊ တရားစီရင်ရေးတွင် ဝင်ရောက်စွက်ဖက်မှု မရှိစေရန်နှင့် ဥပဒေအထက်တွင် မည်သူမျှ မရှိစေရန်လိုအပ်ကြောင်း။

တရားမျှတမှုသည် နိုင်ငံသူ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်ပါကြောင်း၊ တရားမျှတမှုရှိစေရန် ဆောင်ရွက်ပေးနိုင်ပါက ဒီမိုကရေစီစနစ် ခိုင်မာလာမည်ဖြစ်ပါကြောင်း၊ တရားမျှတသည့် လူ့အဖွဲ့အစည်းဖြစ်စေရေး တည်ဆောက်ကြရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိကိုယ်တိုင်က စ၍ပြောင်းလဲရန်လိုအပ်ပြီး ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းအားလုံး မိမိတို့၏ အတွေးအခေါ် အလေ့အထများပါ ပြောင်းလဲရန်လိုအပ်ပါကြောင်း။

ပြောင်းလဲမှုသည် ဖွံ့ဖြိုးတိုးတက်မှု၊ သာယာဝပြောမှုနှင့် ဆက်စပ်နေပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် စိုးရိမ်စရာ မဟုတ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွက် မိတ်ကောင်းဆွေကောင်း ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် ခြိမ်းခြောက်မှုမဟုတ်ဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသူ နိုင်ငံသားများ၏ သားစဉ်မြေးဆက် ငြိမ်းချမ်းသာယာဝပြောစေရေးအတွက် အခွင့်အခါကောင်း ဖြစ်ပါကြောင်း။

**ကျရာတာဝန် ကျေပွန်စွာထမ်းဆောင်**

ပြည်သူနှင့်ဆက်ဆံသည့်အခါ ပြည်သူကို မျက်နှာမူရသည့် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် ပြည်သူကိုဗဟိုပြုပြီး ကောင်းကောင်းမွန်မွန် ဆက်ဆံရန်၊ ချိုချိုသာသာပြောဆိုရန်၊ ပြည်သူကို ပြည်သူလို ဆက်ဆံကြရန်၊ မိမိတို့၏တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊

*စာမျက်နှာ ၄ သို့*



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာ၌ ဝန်ထမ်းများအား ပွင့်လင်းမြင်သာစွာမဲဖောက်၍ အိမ်ခန်းနေရာချထားပေးသည့်အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။**

သတင်းစဉ်




**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာ မဲဖောက်၍ အိမ်ခန်းနေရာချထားပေးသည့်အခမ်းအနားသို့ တက်ရောက်သည့် တာဝန်ရှိသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းသည် လူ့ဂုဏ်သိက္ခာဖြစ်ပါကြောင်း၊ လူတစ်ယောက်၏တန်ဖိုးဆိုသည်မှာ မိမိဖြတ်သန်းလာသည့် ခေတ်ကာလအခြေအနေ၏ သမိုင်းပေးတာဝန် မည်မျှကျေပွန်စွာထမ်းဆောင်ခဲ့သည်ဆိုသည်ကို နောင်မျိုးဆက်များက ဆုံးဖြတ်မည်ဖြစ်ပါကြောင်း၊ ကြွရောက်လာကြသည့် အရာထမ်း၊ အမှုထမ်း တာဝန်ရှိသူများကလည်း လက်အောက်အဆင့်ဆင့်သို့ လမ်းညွှန်ချပြပြီး တည့်မတ်ပေးစေလိုပါကြောင်း၊ ယင်းကိစ္စကို မြန်မြန်ဆန်ဆန် ဆောင်ရွက်စေလိုပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူကို ငဲ့ညှာထောက်ထားပြီး အလုပ်အကျွေးပြုရန် အလေးအနက်မှာကြားလိုပါကြောင်းနှင့် ပြည်သူ၏အခက်အခဲကို ဦးစားပေးဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ဥပဒေပြုရေးနှင့် လွှတ်တော်ရေးရာလုပ်ငန်းစဉ်များ ဆောင်ရွက်မှုကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းက တရားလွှတ်တော်ရေးရာလုပ်ငန်းများနှင့် တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### နိုင်ငံတော်၏ဘဏ္ဍာငွေ ဆုံးရှုံးမှုမရှိစေရေး

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက တရားရုံးများအနေဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်၍ လူ့အခွင့်အရေးကို မြှင့်တင်ပေးရန်လိုအပ်ပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ရဲအချုပ်၊ တရားရုံးအချုပ်၊ ရဲဘက်စခန်းနှင့် အကျဉ်းစခန်းများကို ကြည့်ရှုစစ်ဆေးပေးစေလိုပါကြောင်း၊ အမှုများကို မှန်မှန်နှင့်မြန်မြန် စစ်ဆေးပေးရန်လိုအပ်ပါကြောင်း၊ သက်သေစရိတ်များအား နိုင်ငံတော်မှ ကျခံပေးထားသည်ဖြစ်၍ မှန်မှန်ကန်ကန် ပေးစေလိုပါကြောင်း၊ ဘဏ္ဍာသိမ်း သက်သေခံပစ္စည်းများကိုလည်း နိုင်ငံတော်၏ဘဏ္ဍာငွေ ဆုံးရှုံးမှုမရှိစေရေးအတွက် လျင်မြန်စွာ စီမံခန့်ခွဲစေလိုပါကြောင်း။


နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြို့သာစက်မှုဥယျာဉ် မြို့တော်အတွင်းရှိ မော်တော်ယာဉ်ထုတ်လုပ်သည့်စက်ရုံ၌ လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

### စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း မှန်ကန်ရန်

တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော်များတွင် အဆိုများတင်သွင်းသည့်အခါ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွက် အကျိုးရှိ၊ မရှိ စဉ်းစားသုံးသပ်ရန်လိုအပ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကလည်း ဖြစ်နိုင်ခြေ ရှိ၊ မရှိ စဉ်းစားသုံးသပ်၍ အမှန်တကယ်လုပ်ဆောင်ပေးနိုင်မှသာ ကတိပြုရန်လိုအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း မှန်ကန်ရန်လိုအပ်ပါကြောင်း၊ မြေယာကိစ္စရပ်များတွင် ဌာနဆိုင်ရာများအနေဖြင့် မြန်မြန်ဆန်ဆန် ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် ပြန်လည်စွန့်လွှတ်မြေများကို မူလပိုင်ရှင်မှန်များ ပြန်လည်ရရှိစေရေး နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရသည် မူဝါဒနှင့် လမ်းညွှန်မှုများကိုပေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက လုပ်ငန်းများ အောင်မြင်အောင် အဓိကအကောင်အထည်ဖော် စီမံခန့်ခွဲရပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ လုပ်ငန်းဆောင်ရွက်မှု၊ မြန်ဆန်မှု၊ မှန်ကန်မှု၊ ကောင်းမွန်မှုတို့သည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်နေပါကြောင်း၊ နိုင်ငံသားအားလုံးတွင် စွမ်းဆောင်ရည်နှင့် အလှတရားများ ကိုယ်စီရှိပြီးဖြစ်ပါကြောင်း၊ ယင်းတို့အား တိုင်းပြည်တည်ဆောက်ရေးတွင် အကျိုးရှိရှိ ထိရောက်စွာအသုံးပြုစေလိုပါကြောင်း လမ်းညွှန်မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

### ဆေးဝါးနှင့် အာဟာရများအတွက် အသုံးပြုရန် ငွေလှူ

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံတက်ရောက် ဆေးဝါးကုသမှုခံယူနေသည့် လူနာများ၏အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် လူနာများလိုအပ်သည့် ဆေးဝါးနှင့် အာဟာရများအတွက် အသုံးပြုရန် ငွေကျပ် ၁၀ သိန်းကို မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ တင်တင်မိုးနှင့် ကင်ဆာရောဂါဗေဒဌာနမှူး ပါမောက္ခ ဒေါက်တာ အောင်ဆန်းဦးတို့ထံ ပေးအပ်လှူဒါန်းသည်။

### အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာ မဲဖောက်

ယင်းနောက် နိုင်ငံတော်သမ္မတသည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာအနီးရှိ အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာသို့ရောက်ရှိပြီး ဝန်ထမ်းများအား ပွင့်လင်းမြင်သာစွာမဲဖောက်၍ အိမ်ခန်းနေရာချထားပေးနေမှုကို ကြည့်ရှုအားပေးသည်။

### ရွှေသင်္ကန်းဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်သမ္မတသည် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

### မြို့သာစက်မှုဥယျာဉ် မြို့တော်စီမံကိန်း

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြို့သာစက်မှုဥယျာဉ်မြို့တော်စီမံကိန်းသို့ရောက်ရှိပြီး စက်မှုဥယျာဉ်မြို့တော်အတွင်း စက်ရုံများတည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။ **သတင်းစဉ်**

**လုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံး လုပ်နည်း မှန်ကန်ရန်လိုအပ်၊**

**မြေယာကိစ္စရပ်များတွင် ဌာနဆိုင်ရာများအနေဖြင့် မြန်မြန်ဆန်ဆန် ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် ပြန်လည်စွန့်လွှတ်မြေများကို မူလပိုင်ရှင်မှန်များ ပြန်လည်ရရှိစေရေး နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်၊**

**ပြည်ထောင်စုအစိုးရသည် မူဝါဒနှင့် လမ်းညွှန်မှုများကိုပေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက လုပ်ငန်းများအောင်မြင်အောင် အဓိကအကောင်အထည်ဖော်စီမံခန့်ခွဲရ**

# ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် သြဂုတ် ၂**

၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေးအကြံပြု**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ယနေ့ကျင်းပသည့် အစည်းအဝေးသည် လာမည့် စက်တင်ဘာ ၁၅ ရက်တွင် ပြုလုပ်မည့် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကျင်းပနိုင်ရေးအတွက် ညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို လွှတ်တော်များအနေဖြင့် ၂၀၁၁ ခုနှစ်မှ စတင်၍ ကျင်းပခဲ့သည်မှာ ယခုနှစ်တွင် (၉)ကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီ ဖြစ်ပါကြောင်း၊ ယခုနှစ်ကျင်းပမည့် ဒီမိုကရေစီနေ့ အခမ်းအနားကို အနှစ်သာရရှိရှိ စည်ကားစွာကျင်းပသွားရန် မိမိတို့ ရည်ရွယ်ထားပါကြောင်း၊ ယခုနှစ်သည် Inter-Parliamentary Union (IPU)၏ နှစ်(၁၃၀)ပြည့်နှင့် တိုက်ဆိုင်နေသည့်အတွက် အထိမ်းအမှတ်အစီအစဉ်ကို အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် တစ်ပါတည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေး အကြံပြုစေလိုကြောင်း ပြောကြားသည်။

**အောင်မြင်မည်ဟု ယုံကြည်**

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယခုနှစ်တွင် ထူးခြားသည်မှာ Inter-Parliamentary Union (IPU) ၏ နှစ် (၁၃၀) ပြည့်အစီအစဉ်ကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည့်အတွက် ဒီမိုကရေစီနေ့အခမ်းအနားကို ယခင်နှစ်ထက် ပိုမိုပြီး စည်စည်ကားကားကျင်းပနိုင်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရမည့် အချိန်ကာလနည်းသော်လည်း အချိန်တိုအတွင်း အောင်အောင်မြင်မြင် လုပ်ဆောင်သွားရမည် ဖြစ်ကြောင်း၊ လွှတ်တော်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်တို့က ဒီမိုကရေစီနေ့ ကျင်းပရေးအတွက် ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒီမိုကရေစီနေ့ ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဆောင်ရွက်မည့်အစီအစဉ်များ**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြဆွေးနွေးကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က သုံးသပ်ဆွေးနွေးပြီး လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# (၅၂)နှစ်မြောက် အာဆီယံထူထောင်ခြင်း နှစ်ပတ်လည်အထိမ်းအမှတ် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်




**နေပြည်တော် သြဂုတ် ၂**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ (၅၂)နှစ်မြောက် အာဆီယံထူထောင်ခြင်း နှစ်ပတ်လည်အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ၁၀၀ ကျပ်တန် ရှစ်လုံးတွဲ နှစ်မျိုးအား ၂၀၁၉ ခုနှစ်၊ သြဂုတ် ၈ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက် (ကြာသပတေး)နေ့၊ နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လုပ်ငန်းပြည့်စာတိုက်အသီးသီးတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

**နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်**

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ သြဂုတ် ၈ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မုတ်သုံလေ အားကောင်းနေမည်

**နေပြည်တော် သြဂုတ် ၂**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းနေမည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကမ္ဘာ့ရွှေဈေးကြောင့် ပြည်တွင်းရွှေဈေးနှုန်း အမြင့်ဆုံးဖြစ်လာ

**ရန်ကုန် သြဂုတ် ၂**

ကမ္ဘာ့ရွှေဈေးရုတ်တရက် အပြောင်းအလဲကြောင့် ယနေ့ ရွှေဈေးနှုန်းမြင့်တက်လာပြီး တစ်ကျပ်သားလျှင် ၁၆ ပဲရည် ဈေးနှုန်းမှာ ငွေကျပ် ၁၁၅၂၃၀၀ ကျပ်အထိ မြင့်တက်သွားခဲ့သည်ကို မြင်တွေ့ရသည်။

"ကမ္ဘာ့ရွှေဈေးက တစ်ရက်ထဲမှာ တစ်အောင်စကို ဒေါ်လာ ၅၀ လောက်အထိ ခုန်တက်သွားတယ်။ ကမ္ဘာ့ရွှေဈေးကို မှီနေရတဲ့ ပြည်တွင်းရွှေဈေးကလည်း ဒီကနေ့ လိုက်ပါမြင့်တက်သွားရတာ ဖြစ်ပါတယ်။ ပြည်တွင်းထုတ်လုပ်မှုကလည်း အခုနောက်ပိုင်း အတော်နည်းလာတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်နဲ့ နှိုင်းယှဉ်မယ်ဆိုရင် အများကြီးကွာလာပါတယ်။ ဒါပေမယ့် ဒီနေ့ ဒီကာလတွေ ဈေးတက်ရခြင်းကတော့ ပြည်တွင်းက ရွှေလုပ်ငန်းရှင်တွေ ဈေးဆွဲတင်တာလည်း မဟုတ်ဘူး။ ကမ္ဘာ့ရွှေဈေးခုန်တက်တာကြောင့် ဖြစ်ပါတယ်"ဟု အောင်သမာဓိစိန်ရွှေရတနာလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးမော်က ပြောသည်။

မိုးတွင်းကာလမို့ ရွှေဈေးကွက်သည် နှစ်စဉ် မြင့်တက်လာတတ်သည့် ကာလဖြစ်သော်လည်း ယခုကဲ့သို့ မြင့်တက်ရန် မလွယ်ကူကြောင်း၊ လစဉ်လဆန်းပထမပတ်၏ သောကြာနေ့တွင် စီးပွားရေးဆိုင်ရာ အချက်အလက်များ ရယူစုဆောင်းကာ ကမ္ဘာ့ရွှေဈေးကို ထိန်းညှိတတ်ကြကြောင်း၊ သြဂုတ် ၂ ရက်သည် အဆိုပါ အချက်နှင့်လည်း သက်ဆိုင်ခြင်းကြောင့် ကမ္ဘာ့ရွှေဈေးခုန်တက်ခြင်းဖြစ်နိုင်ကြောင်း ရွှေလုပ်ငန်းရှင်အချို့က သုံးသပ်သည်။



"သြဂုတ် ၁ ရက် ည ၁၀ နာရီဝန်းကျင်မှာ တစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၄၂၇ အမြင့်ဆုံးဈေးဆိုပြီး ကမ္ဘာ့ရွှေဈေးက ပြထားတယ်။ ဒီနေ့ မနက်မှာ တစ်အောင်စကို အမေရိကန်ဒေါ်လာ ၁၄၄၀ နဲ့ ဈေးဖွင့်ပြီး ညနေပိုင်းမှာ ကန်ဒေါ်လာ ၁၄၄၉ အထိ ဖြစ်တယ်။ ညပိုင်းမှာတော့ ကန်ဒေါ်လာ ၁၄၄၆ နဲ့ ဈေးပိတ်သွားတယ်။ အဓိကကတော့ နယူးယောခ့်ဈေးကွက်က အမေရိကန်ရဲ့ စီးပွားရေး၊ နိုင်ငံရေးတွေနဲ့ သက်ဆိုင်တယ်။ သူတို့ဆီမှာ ဘဏ်တိုးနှုန်းလျှော့မယ်ဆိုလိုက်ရင် ၊ နိုင်ငံတစ်ခုခုနဲ့ ဆက်ဆံရေးအခြေအနေ တစ်ခုခုဖြစ်လိုက်ရင် ရွှေဈေးက အရင်ဆုံးမြင့်တယ်။ ကမ္ဘာ့ရွှေဈေးမြင့်တာနဲ့ ပြည်တွင်းရွှေဈေးက တက်ပြန်တာပဲ"ဟု ဦးမော်က ဆိုသည်။

ယခုရောက်ရှိသည့် ရွှေတစ်ကျပ်သားဈေးနှုန်းသည် စံချိန်တင်မြင့်တက်သည့် ဈေးနှုန်းဖြစ်ကြောင်း သိရှိရပြီး ရွှေတစ်ကျပ်သား ဈေးနှုန်းများတွင် မေလကုန်က ငွေကျပ် ၁၀၄၆၀၀၀၊ ဇွန်လကုန်တွင် ၁၁၀၆၅၀၀ နှင့် ဇူလိုင်လကုန်တွင် ၁၁၄၂၀၀၀ ကျပ်အထိ တစ်ရိပ်ရိပ်တက်လာခဲ့သည်။ ယနေ့တွင်မူ ရန်ကုန်ရွှေဈေးကွက် ဈေးဖွင့်ချိန်တွင် တစ်ကျပ်သားလျှင် ကျပ် ၁၁၄၁၄၀၀ မှ အမြင့်ဆုံး တစ်ကျပ်သားလျှင် ကျပ် ၁၁၅၂၃၀၀ အထိ မြင့်တက်ခဲ့ပြီး ဈေးပိတ်ချိန်တွင် ကျပ် ၁၁၅၁၅၀၀ ဖြစ်ခဲ့သည်။

"ဈေးကလည်းမြင့်နေတယ်ဆိုတော့ အရောင်းအဝယ်က ပွင့်ပွင့်လင်းလင်းပြောရင် ပါးပါတယ်။ မိုးတွင်းကာလမို့လည်း ဖြစ်ပါတယ်။ ကမ္ဘာ့ရွှေဈေးပြန်ကျမယ်ဆိုရင်တော့ ပြည်တွင်းရွှေဈေးလည်း ပြန်ကျသွားမှာပါ" ဟု ဦးမော်က ရှင်းပြသည်။

**ခင်ရတနာ**

# မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဂယာမြို့ရှိ ဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်လေ့လာကြည်ညို

နေပြည်တော် ဩဂုတ် ၂

**အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များသည် ယမန်နေ့နံနက်ပိုင်းတွင် မဟာဗောဓိစေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ဝါဆိုကြာသင်္ကန်းဆက်ကပ် လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် မဟာဗောဓိစေတီတော်ကြီး၏ အထက်ပစ္စယံတွင် တည်ထားကိုးကွယ်သည့် ဘုရားလောင်းရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မဟာဗောဓိဓမ္မရိပ်သာကျောင်း တိုက်ဆရာတော် ဘဒ္ဒန္တစန္ဒမုနိထံမှ ဆုံးမဩဝါဒတရား နာယူကြသည်။**



**မဟာဗောဓိဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒမုနိအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဝါဆိုသင်္ကန်း၊ နဝကမ္မ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**
ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**ဓမ္မလက်ဆောင်များ ပေးအပ်**

ယင်းနောက် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဘုရားပရိဝုဏ်အတွင်းရှိ မြတ်စွာဘုရားပွင့်တော်မူရာ မဟာဗောဓိညောင်ပင်နှင့် မဟာဗောဓိပင်၏ အနောက်မြောက်ထောင့် အရပ်ရှိ မြတ်စွာဘုရား ပဋ္ဌာန်းတရားတော်ကို ခုနစ်ရက်ပတ်လုံးဆင်ခြင်၍ ရောင်ခြည်တော်ကွန့်မြူးတော်မူခဲ့သည့် အထိမ်းအမှတ်နေရာ ရတနာဃရသတ္တဌာနရှိ ဗုဒ္ဓရုပ်ပွားတော်၊ မုစလိန္ဒအိုင်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်တို့အား ဖူးမြော်ကြည်ညို၍ ဗုဒ္ဓဂယာဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က မဟာဗောဓိစေတီတော်ကြီး အတွက် အလှူငွေများပေးအပ်လှူဒါန်းရာ မဟာဗောဓိဓမ္မရိပ်သာကျောင်းတိုက် ဆရာတော်က ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဂယာမြို့အတွင်းရှိ မဟာဗောဓိဓမ္မရိပ်သာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ မဟာအောင်မြေကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသီလဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က မဟာဗောဓိဓမ္မရိပ်သာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒမုနိအား ဝါဆိုသင်္ကန်း၊ နဝကမ္မ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ တပ်မတော်အရာရှိကြီးများကလည်း ဂယာမြို့တွင် ရောက်ရှိသီတင်းသုံးနေကြသော သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ ဂယာမြို့ရှိ စာသင်သားသံဃာတော်များနှင့် သာသနာ့ဝန်ထမ်းဝင် သီလရှင်များအား နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**ကြည်ညိုလေ့လာ**

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဗီဟာပြည်နယ်၊ ဗုဒ္ဓဂယာမြို့ ဥရုဝေလတောစခန်းရိပ်သာနှင့် ဗုဒ္ဓဂယာမြို့မှ ကီလိုမီတာ ၉၀ ခန့်အကွာတွင် တည်ရှိသည့် ရာဇဂြိုဟ်သို့ သွားရောက်၍ မြတ်စွာဘုရားရှင်လက်ထက် ရှေးခေတ်ကုန်သည်ကြီးများ သွားလာအသုံးပြုခဲ့သည့် ကျောက်သားလှည်းလမ်းကြောင်းရာနေရာ၊ သမားတော်ကြီးဇီဝက၏ သရက်ဥယျာဉ်နေရာ၊ ဗိမ္ဗိသာရမင်းကြီး၏ အကျဉ်းထောင်နေရာနှင့် ဘဏ္ဍာတိုက်နေရာ၊ အဇာတသတ်မင်းကြီး၏ ဓာတ်တော်တိုက်နေရာနှင့် မြတ်စွာဘုရားရှင် သီတင်းသုံးနေထိုင်ခဲ့ပြီး တရားဘာဝနာများ မြွက်ကြားတော်မူခဲ့သည့် ဝေဠုဝန်ကျောင်းတိုက်နေရာများသို့ သွားရောက်ကြည်ညိုလေ့လာခဲ့ကြရာ မဟာဗောဓိဓမ္မရိပ်သာကျောင်းတိုက်ဆရာတော်ကြီးက လိုက်လံရှင်းလင်းပြသခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဂယာမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြရာ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် သိန်းဇော်နှင့်ဇနီး၊ Officers Training Academy (Gaya) မှ Brig. Gen. Niranjan Kumar နှင့် ဇနီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# သစ္စာ၊ သမာဓိ၊ သတ္တိဆောင်ပုဒ်နှင့်အညီ ပေးအပ်ထားသည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ရင်း ပြည်သူ့အကျိုးကို ကာကွယ်စောင့်ရှောက်

**နေပြည်တော် ဩဂုတ် ၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၉၆) ရဲဗလတပ်ခွဲ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ရဲအရာရှိလေ့ကျင့်ရေးကျောင်းစစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးခဲ့ပြီး ဒုတိယရဲအုပ်လောင်းများမှ အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုသည်။

ယင်းနောက် ရဲချုပ်က အကောင်းဆုံး ကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း ထက်လင်းအောင်၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း အောင်မြတ်သူ၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖြိုးအိစံ၊ ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း မီမီကျော်၊ အင်္ဂလိပ်စာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း နော်ကြည်စမ်းအေးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရဲချုပ်က သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ခေါင်းဆောင်ငယ်များဖြစ်သည်နှင့်အညီ ပေးအပ်သော လုပ်ငန်းတာဝန်နှင့် ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် လက်အောက်ငယ်သားများအပေါ် မှန်ကန်သည့် ဦးဆောင်မှုများပေးကာ တပ်ဖွဲ့နှင့် ဌာနအတွက် ယုံကြည်အားကိုးရသော အရာရှိကောင်းများဖြစ်အောင် ကျင့်ကြံနေထိုင်လုပ်ကိုင်သွားရန်လိုကြောင်း၊ ဒီမိုကရေစီစနစ် ရဲလုပ်ငန်းစဉ်များတွင် အမျိုးသမီးရဲတပ်ဖွဲ့ဝင်များသည်လည်း အရေးပါသော အင်အားတစ်ရပ်ဖြစ်ပြီး အသိပညာ၊ အတတ်ပညာဆိုင်ရာ ထူးချွန်သူများဖြစ်အောင် ကြိုးပမ်းကြရမည့်အပြင် မှုခင်းကြိုတင်ကာကွယ်ရေး၊ မှုခင်းဖော်ထုတ်တိုက်ဖျက်ရေးနှင့် အရေးကြီးပုဂ္ဂိုလ်လုံခြုံရေးတာဝန်များကို အမျိုးသားတပ်ဖွဲ့ဝင်များနှင့်အတူ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နိုင်သည့် ရဲတပ်ဖွဲ့ဝင်များဖြစ်အောင် ကြိုးပမ်းသွားရန်လိုကြောင်း၊ ပြည်သူများ ကိုယ်စိတ်နှစ်ပါး လုံခြုံစိတ်ချစွာ နေထိုင်သွားလာလုပ်ကိုင်နိုင်ရေးအတွက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကလိုအပ်ချက်ဖြစ်သဖြင့် ပြစ်မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအား ဘက်ပေါင်းစုံမှ ဆောင်ရွက်ခြင်း၊ ဒုစရိုက်မှုများ ထိရောက်စွာ နှိမ်နင်းခြင်းတို့ကို မိမိတာဝန်ယူရသော နယ်မြေဒေသနှင့် ကိုက်ညီသော နည်းလမ်းများချမှတ်အကောင်အထည် ဖော်ဆောင်ရွက်ရန် လိုကြောင်း။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများပြဿနာသည် နိုင်ငံတော်အဆင့် အလေးထားကိုင်တွယ်ဖြေရှင်းနေရသည့် ပြဿနာတစ်ရပ်ဖြစ်ပြီး ကျန်းမာရေးနှင့် လူမှုဘဝလုံခြုံရေးကို ထိခိုက်စေသည့်အပြင် ကိုယ်ကျင့်တရားပျက်ပြားကာ ဥပဒေကို မလေးမစားပြုလာခြင်းတို့ကြောင့် ကြီးမားသည့်မှုခင်းများ၊ ဒုစရိုက်မှုများကျူးလွန်၍ ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေနိုင်သည့်အတွက် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးနှိမ်နင်းရေးကို အစွမ်းကုန်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဖြစ်ပေါ်လာသည့် မှုခင်းပုံစံအသစ်များ၊ အုပ်စုဖွဲ့အကြမ်းဖက်မှုနှင့် မတည်ငြိမ်မှုများကို စနစ်တကျကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ရဲလုပ်ငန်းများကို ကျွမ်းကျင်ရမည့်အပြင် နည်းပညာဆိုင်ရာ ပညာရပ်များကိုလည်းသိရှိမှု၊ ပိုမိုတိုးတက်ကျွမ်းကျင်အောင် ဆောင်ရွက်မှုများဖြင့် အရည်အသွေးပြည့်ဝနေအောင် စဉ်ဆက်မပြတ် ဆက်လက်ဆည်းပူးလေ့ကျင့်ရန်လိုကြောင်း၊ ဘဝအတွက်အထောက်အကူပြုပြီး အကောင်းအဆိုးများကို ဝေဖန်ပိုင်းခြားနိုင်မည့်သုတ၊ ရသ စာအုပ်စာပေများကို ဖတ်ရှုလေ့လာခြင်းဖြင့် ကောင်းမွန်သည့် အသိအမြင်၊ အတွေးအခေါ်၊ စိတ်ဓာတ်၊ ခံယူချက်များ မြင့်တက်လာကာ ခေတ်ကာလနှင့် လျော်ညီသည့် အမြင်များရရှိအောင် ဆောင်ရွက်ရန်၊ အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရားကို ကောင်းမွန်အောင် ထိန်းသိမ်းပြီး မိမိတို့ဦးထိပ်ပန်ဆင်ထားသော သစ္စာ၊ သမာဓိ၊ သတ္တိဆောင်ပုဒ်နှင့်အညီ ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ရင်း မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ပြည်သူ့အကျိုးကို ရဲရင့်တည်ကြည် ဖြောင့်မတ်မှန်ကန်စွာ ကာကွယ်စောင့်ရှောက်ကာ တပ်ဖွဲ့၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်အောင် ကြိုးပမ်းနေထိုင်သွားရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။



**မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးစဉ်။**

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယရဲချုပ်၊ ဒုတိယပါမောက္ခချုပ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ရဲအရာရှိကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ် ရဲတပ်ဖွဲ့မှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ၊ သင်တန်းဆင်းအရာရှိ လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ခဲ့ကြပြီး သင်တန်းဆင်းအရာရှိ အမျိုးသား ၁၇၂ ဦး၊ အမျိုးသမီး ၁၀၇ ဦး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယစုံစမ်းရေးမှူးတစ်ဦး၊ အကျဉ်းဦးစီးဌာနမှ လက်ထောက်ကြီးကြပ်ရေးမှူးအဆင့် (၁) ၁၀ ဦး၊ စုစုပေါင်း ၂၉၀ တို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းရာတွင် ပါဝင်မည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်၏အတည်ပြုချက်ရယူ


ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ရှင်းလင်းဖြေကြားစဉ်။


ကျောက်တော် မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း မေးမြန်းစဉ်။


ဒုတိယဝန်ကြီး ဦးကျော်လင်း ရှင်းလင်းဖြေကြားစဉ်။


မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း မေးမြန်းစဉ်။


ဒုတိယဝန်ကြီး ဦးဆက်အောင် ရှင်းလင်းဖြေကြားစဉ်။


တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း မေးမြန်းစဉ်။

**နေပြည်တော် ဩဂုတ် ၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းရာတွင် ပါဝင်မည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်၏အတည်ပြုချက်ရယူသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်မြင့်နွယ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

## ဒေသခံတောင်သူများကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက် လျက်ရှိသော မြေနေရာများဖြစ်ပြီး တပ်ရင်းမှ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိ

ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၏ **တပ်ပိုင်မြေရိယာမဟုတ်သည့် မြေတချို့အား တပ်မတော်မှ လယ်ယာစိုက်ပျိုးမြေအဖြစ် အသုံးပြုနေမှုအား ပြန်လည်စိစစ်ပြီး ပြည်သူလက်ထဲ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဗိုလ်ချုပ်မြင့်နွယ်က မေးခွန်းပါ မြေ ၄၇ ဒသမ ၉၅ ဧကမှာ တပ်ပိုင်မြေနှင့် နယ်နိမိတ်ထိစပ်လျက်ရှိသော်လည်း တပ်ပိုင်မြေအတွင်း ပါဝင်ခြင်းမရှိကြောင်းကို ဒေသခံတောင်သူများအား ၂၀၁၉ ခုနှစ် ကွင်းဆင်းစစ်ဆေးစဉ် ရှင်းလင်းပြောကြားခဲ့ကြောင်း၊ လက်ရှိတွင် ဒေသခံတောင်သူများကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော မြေနေရာများဖြစ်ပြီး တပ်ရင်းမှ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၏ **ပြည်(နဝဒေး) တောင်ကုတ်လမ်းမကြီးအား (BOT) စနစ်ဖြင့် လုပ်ဆောင်ခဲ့ပြီး စာချုပ်ပါ အချက်အလက်များအားကုမ္ပဏီမှ လိုက်နာဆောင်ရွက်ခဲ့မှု ရှိ၊ မရှိနှင့် ထိုလမ်းမကြီးအား ကောင်းမွန်အောင် မည်ကဲ့သို့ ဆက်လက် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်-နဝဒေး-တောင်ကုတ်လမ်း ၁၀၂ မိုင် ၂ ဖာလုံအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် B.O.T စနစ်ဖြင့် ဆောင်ရွက်ရန် ရခိုင်တိုင်းရင်းသားပိုင်ကုမ္ပဏီဖြစ်သည့် နေလသစ္စာ ဆောက်လုပ်ရေးအုပ်စု ကုမ္ပဏီလီမိတက်အား ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီမှ စတင်၍ B.O.T စနစ်ဖြင့် တိုက်ရိုက်တာဝန်ပေး ဆောင်ရွက်ခွင့်ပြုခဲ့ပြီး ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် MIC ပဋိညာဉ်စာချုပ် ချုပ်ဆိုခဲ့ပါကြောင်း။

နေလသစ္စာကုမ္ပဏီမှ ၂၀၁၃ ခုနှစ် ဇွန်လတွင် ၎င်းတို့တာဝန်ယူ ဆောင်ရွက်နေသော ၁၀၂ မိုင် ၂ ဖာလုံအနက် မိုင်တိုင်အမှတ်(၄၁/၀)မှ (၇၄/၀) အထိ ၃၃ မိုင်ကို ပြန်လည်အပ်နှံခဲ့သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး မိုင်တိုင်အမှတ် (၀/၀)မှ (၁၀၂/၂)အထိ ၂၈ မိုင် ၂ ဖာလုံ၊ စုစုပေါင်း ၆၉ မိုင် ၂ ဖာလုံအား B.O.T စနစ်ဖြင့် နေလသစ္စာကုမ္ပဏီမှ ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း၊ လက်ရှိတွင် အဆိုပါ B.O.T လမ်းပိုင်းတစ်ခုလုံး၏ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ဌာနအနေဖြင့် လမ်းပိုင်းတာဝန်ယူဆောင်ရွက်သော B.O.T ကုမ္ပဏီနှင့် Termination Agreement လက်မှတ်ရေးထိုး၍ နိုင်ငံတော်မှ တရားဝင်လွှဲပြောင်းရယူပြီး လမ်းအဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်ရန်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း၏ **မတူပီ-မင်းတပ်လမ်းအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကို ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက မတူပီ-မင်းတပ်လမ်းအား အကျယ် ၃၄ ပေ လမ်းတာချဲ့ခြင်းနှင့် အကျယ် ၁၈ ပေ ကတ္တရာလမ်းအဆင့်မြှင့်တင်ပေးနိုင်ရေးတို့အတွက် ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်ရန်ပုံငွေတို့တွင် နှစ်စဉ်တင်ပြတောင်းခံ ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ၆၄ မိုင် ၆ ဖာလုံအား အကျယ် ၃၄ ပေ လမ်းတာချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း၊ နှစ်စဉ်မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းသားပဲ့ကျခြင်း၊ တောင်ပြိုခြင်းများကြောင့် လမ်းသားပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် အဆိုပါလမ်းမကြီးအား အလေးထားပြုပြင် ထိန်းသိမ်းပေးလျက်ရှိပါကြောင်း၊ မင်းတပ်- မတူပီလမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် နှစ်စဉ်ရန်ပုံငွေများ တင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးရန် ကျန်ရှိသောလမ်းပိုင်းများကို ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ဆွမ်ဗီယန်တံတားအား သံကူကွန်ကရစ်တံတား တည်ဆောက်နိုင်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ တည်ဆောက်ပေးသွားမည်

ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ၏ **မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အန္တရာယ်ရှိတံတားဖြစ်သော ဆွမ်ဗီယန်တံတားနှင့် ဖုန်အင်တံတားတို့အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်တံတားအသစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ဆွမ်ဗီယန်တံတားအား အရှည် ပေ ၂၂၀ ရှိ နှစ်လမ်းသွား သံကူကွန်ကရစ်တံတား တည်ဆောက်နိုင်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဖုန်အင်တံတားကို အရှည် ၂၆၄ ပေရှိ နှစ်လမ်းသွား သံကူကွန်ကရစ်တံတား တည်ဆောက်နိုင်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း၏ **ဂျပန်-ကိုရီးယား စက်မှုလက်မှုလုပ်ငန်းများ မြန်မာပြည်သို့ လာရောက်ရင်းနှီးမြှုပ်နှံမည့် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဆက်အောင်က လည်းကောင်း၊ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး၏ **မိုင်းပန်မြို့ရှိ မြို့နယ်ဦးစီးဌာနဆိုင်ရာ ရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ နှစ်လုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး၏ **ဗလမင်းထင်တံတားပေါ် ပြည်သူများဖြတ်သန်းသွားလာချိန်ကို ၂၄ နာရီပိတ်ချိန်မရှိခွင့်ပြုပေးရန်နှင့် မလိုအပ်သော စစ်ဆေးရေးဂိတ်ကို ဖြုတ်သိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့အား ဒုတိယဝန်ကြီး ဦးကျော်လင်းက လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာဦးစိုးမိုးသူ၏ **ဘဏ္ဍာရေးနှစ် ပြောင်းလဲသတ်မှတ်ခြင်း၏ အနှစ်သာရအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်စေရေးအတွက် လာမည့်ဘဏ္ဍာရေးနှစ်မှစတင်ကာ တည်ဆောက်ရေးတင်ဒါခေါ်ယူခြင်းလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်၏ ပထမသုံးလပတ်အတွင်း အပြီးအပြတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတင်သွင်းသည်။

## ပြည်ထောင်စုအစိုးရအဖွဲ့မှ ဘဏ္ဍာရေးနှစ် ပြောင်းလဲ သတ်မှတ်လိုခြင်း၏ အဓိကအကြောင်းအရင်းမှာ အခြေခံ အဆောက်အဦများ အရှိန်အဟုန်ဖြင့် တည်ဆောက်နိုင်ရေး လိုအပ်နေခြင်းကြောင့်ဖြစ်

မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာဦးစိုးမိုးသူက ပြည်ထောင်စုအစိုးရအဖွဲ့မှ ဘဏ္ဍာရေးနှစ် ပြောင်းလဲသတ်မှတ်လိုခြင်း၏ အဓိကအကြောင်းအရင်းမှာ အခြေခံအဆောက်အဦများ အရှိန်အဟုန်ဖြင့် တည်ဆောက်နိုင်ရေး လိုအပ်နေခြင်းကြောင့်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရန် တစ်ဆက်တည်းဖြစ်သော ပွင့်လင်းရာသီများသို့ ရောက်ရှိစေရန်နှင့် ၃ လပတ်အလိုက် ဘဏ္ဍာငွေသုံးစွဲမှု ပိုမိုညီညွတ်မျှတရန်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့မှ တင်ဒါခေါ်ယူရေးနှင့်ပတ်သက်သည့် ချမှတ်ထားသော မူဝါဒသည် ပြည့်စုံသည့် မူဝါဒတစ်ရပ်ဖြစ်သော်လည်း အချို့ဒေသများတွင် တည်ဆောက်ရေး တင်ဒါခေါ်ယူခြင်းဖြင့် လုပ်ငန်းများကြာမြင့်နှောင့်နှေးလျက်ရှိသောကြောင့် မူဝါဒဖော်ဆောင်မှုပိုင်းတွင် စီမံခန့်ခွဲမှု အားနည်းချက်များဖြစ်ပေါ်နေပါကြောင်း၊ ပြောင်းလဲခဲ့သည့် ဘဏ္ဍာရေးနှစ်နှင့်အညီ တည်ဆောက်ရေးတင်ဒါခေါ်ယူခြင်းလုပ်ငန်းများအား ပထမ ၃ လပတ်အတွင်း အပြီးသတ်ဆောင်ရွက်နိုင်မှသာ ဘဏ္ဍာရေးနှစ်ပြောင်းလဲသတ်မှတ်ခြင်း၏ အနှစ်သာရအား ပြည့်ပြည့်ဝဝ ခံစားရမည်ဖြစ်ကြောင်း အဆိုတင်သွင်းရာ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်က ထောက်ခံဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူသည့်အတွက် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **၂၀၁၉ ခုနှစ် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်း** တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုပြီး ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဩဂုတ် ၆ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်**

# စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ အဆင့်မြင့်သုတေသနအဆောက်အအုံများဆောက်လုပ်ရန် ပြည်ပပညာရှင်များနှင့် ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများအား နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ခေတ်မီနည်းပညာအသုံးပြု၍ သုတေသနအတွက် အမှန်တကယ်လိုအပ်သည့် ရွေ့လျားနိုင်သော ခေတ်မီမိုးကာအဆောက်အအုံများနှင့် ထိန်းချုပ်နိုင်သည့် မှန်လုံအိမ်အဆောက်အအုံများကို နိုင်ငံတော်၏ ရန်ပုံငွေဖြင့် ထပ်မံဆောက်လုပ်သွားမည်ဖြစ်ရာ အိန္ဒိယနိုင်ငံ Bhahu Biotech Private Limited မှ ပညာရှင်များအဖွဲ့နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်လွင်ဦးနှင့် တာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းခြင်းကို ယမန်နေ့က စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ပြုလုပ်သည်။

ထို့အပြင် ဩစတြေးလျအပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသနဌာန၏ အထောက်အပံ့ဖြင့် အပြည်ပြည်ဆိုင်ရာ ပဲတီစိမ်းဖွံ့ဖြိုးတိုးတက်မှုကွန်ရက်တည်ထောင်ခြင်း စီမံကိန်းအရ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဆီထွက်နှင့် ပဲမျိုးစုံသီးနှံသုတေသနဌာနခွဲ၊ ပဲမျိုးစုံသီးနှံသုတေသနဌာနစုတွင် ထိန်းချုပ်နိုင်သည့် မှန်လုံအိမ်အဆောက်အအုံ ဆောက်လုပ်ရန်အတွက် Bhahu Biotech Private Limited မှ တာဝန်ရှိသူများက ဆောက်လုပ်မည့်နေရာနှင့် ဒီဇိုင်းအနေအထားတို့အား စိုက်ပျိုးရေးသုတေသနပညာရှင်များ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိရန် စံချိန်စံညွှန်းများ ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ရေငတ်ဒဏ်ခံနိုင်သော သီးနှံမျိုးများ ဖော်ထုတ်ရန်အတွက် လိုအပ်သည့် ရွေ့လျားနိုင်သော ခေတ်မီမိုးကာအဆောက်အအုံများအား စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရေဆင်း)ရုံးချုပ်တွင် လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးသုတေသန ဗဟိုဌာနအဖြစ် တိုးမြှင့်တည်ထောင်မည့် ဇလုပ်(စစ်ကိုင်းတိုင်းဒေသကြီး)နှင့် အောင်ပန်း (ရှမ်းပြည်နယ်တောင်ပိုင်း) သုတေသနခြံများတွင် လည်းကောင်း၊ ယာသီးနှံ အဓိကသုတေသနပြုဆောင်ရွက်သည့် တပ်ကုန်းသုတေသနခြံတွင်လည်းကောင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထပ်မံဆောက်လုပ်မည့် အဆင့်မြင့်သုတေသနအဆောက်အအုံများအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တင်ဒါခေါ်ယူခြင်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတကာကုမ္ပဏီများကိုလည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သိရသည်။ **သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# နိုင်ငံခြားသုံးသီးသန့်ငွေ ပြောင်းလဲမှုအခြေအနေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သုံးလတစ်ကြိမ် ထုတ်ပြန်သည့် ငွေရေးကြေးရေးဆိုင်ရာ စာရင်းအင်းတွင် ထည့်သွင်းဖော်ပြထား

**နေပြည်တော် ဩဂုတ် ၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ မေးခွန်းငါးခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစိုးသိန်း၏ **နိုင်ငံတော်၏ငွေကြေးကဏ္ဍအခြေအနေ ပွင့်လင်းမြင်သာစေရေးအတွက် နိုင်ငံတော်၏ အရန်နိုင်ငံခြားသုံးငွေ (Foreign Exchange Reserve)၊ အရန်ရွှေပမာဏ (Gold Reserve) နှင့် ငွေကြေးဖောင်းပွမှုညွှန်းကိန်း (Inflation Index) တို့ကို သုံးလတစ်ကြိမ် ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း**က နိုင်ငံတကာခေါ်ဝေါ်သုံးစွဲမှုနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ(၅၈) တွင် ဖော်ပြချက်များအရ နိုင်ငံခြားသီးသန့်သုံးငွေ (Foreign Exchange Reserves) တွင် အဓိကအားဖြင့် အပိုင်းနှစ်ပိုင်း ပါဝင်ပါကြောင်း၊ ပထမအပိုင်းသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် နိုင်ငံပိုင်ဘဏ်များ၏



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြေကြားစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကိုကိုနိုင် မေးမြန်းစဉ်။

လက်ဝယ်တွင် ငွေသားအဖြစ်လည်းကောင်း၊ ပြည်ပရှိ ၎င်းတို့၏ အဆက်အသွယ်ဘဏ်များရှိ ဘဏ်စာရင်းတွင်လည်းကောင်း ထားရှိသည့် နိုင်ငံခြားငွေပိုင်ဆိုင်မှု စုစုပေါင်းဖြစ်ပါကြောင်း၊ ဒုတိယပိုင်းသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပိုင်ဆိုင်သည့် နိုင်ငံခြားငွေအဖြစ် အသိအမှတ်ပြုခံရသည့် ရွှေ (Monetary Gold Holding) ဖြစ်ပါကြောင်း၊ ၎င်းတို့ နှစ်ရပ်ပေါင်းကို နိုင်ငံတော်၏ နိုင်ငံခြားသီးသန့်ငွေ (Foreign Exchange Reserves) ဟု ခေါ်ပါကြောင်း။

နိုင်ငံတော်၏ နိုင်ငံခြားသုံးသီးသန့်ငွေ ပြောင်းလဲမှုအခြေအနေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သုံးလတစ်ကြိမ် ထုတ်ပြန်သည့် ငွေရေးကြေးရေးဆိုင်ရာ စာရင်းအင်း (Quarterly Financial Statistics Bulletin) တွင် ထည့်သွင်းဖော်ပြထားပါကြောင်း၊ အဆိုပါ Bulletin တွင် စီးပွားရေး၊ ငွေကြေးနှင့် ငွေရေးကြေးရေးဆိုင်ရာ အချက်အလက်များစွာပါဝင်ပြီး စာအုပ်အဖြစ်ထုတ်ဝေခြင်းဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Website တွင် ဖော်ပြခြင်းဖြင့်လည်းကောင်း အများပြည်သူသိရှိနိုင်ရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း။

## ငွေကြေးဖောင်းပွမှုနှုန်း(Inflation Rate) ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ "လစဉ်စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှု အခြေအနေ"အဖြစ် ပြုစု၍ ထုတ်ပြန်ပေးလျက်ရှိ

ငွေကြေးဖောင်းပွမှုနှုန်း(Inflation Rate)ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ "လစဉ်စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုအခြေအနေ"အဖြစ် ပြုစု၍ ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ၎င်းတို့၏ Website ဖြစ်သည့် www.mmsis.gov.mm တွင် ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ပါကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှထုတ်ပြန်သည့် Bulletin တွင်လည်း သုံးလပတ်အလိုက် ဖော်ပြသည့် ငွေကြေးဖောင်းပွမှုကိန်းဂဏန်းများကို စားသုံးသူဆနှုန်းကိန်းဖြင့် ဖော်ပြထားပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်သန်း၏ **ကယားပြည်နယ် ဘောလခဲခရိုင် ဘောလခဲမြို့ မြို့မရဲစခန်းအဆောက်အဦကို အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ **ရှမ်းပြည်နယ် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ရဲဝန်ထမ်းအိမ်ရာကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် အသစ်ပြင်ဆင်ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**၊ ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈) မှ ဒေါ်အိအိပြုံး၏ **မှုခင်းသတင်းပရဟိတအဖွဲ့ ဖွဲ့စည်းထားခြင်း၏ ရည်ရွယ်**



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌ ဦးစိုးသိန်း ဖြေကြားစဉ်။



ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစိုးသိန်း မေးမြန်းစဉ်။

**ချက်များ၊ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့်တကွ မည်သည့်ဌာနမှ တာဝန်ခံချိတ်ဆက်၍ ကြီးကြပ်ကွပ်ကဲနေသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကိုကိုနိုင်၏ **မြန်မာနိုင်ငံအတွင်းရှိ မြို့ပြနှင့်ဝေးကွာပြီး အချက်အချာကျသည့် ကျေးရွာများတွင် နယ်မြေမီးသတ်စခန်းများ တိုးချဲ့တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**များနှင့် စပ်လျဉ်း၍ **ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ**က ဘောလခဲမြို့မရဲစခန်းအတွက် လိုအပ်လျက်ရှိသည့် ရဲစခန်း (အချုပ်ပါ) နှစ်ထပ် တစ်လုံး ဆောက်လုပ်ပေးရန် လိုအပ်သည့်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(မူလ)အသုံးစရိတ်လျာထားမှုကို ၂၀၁၉ ခုနှစ် မတ်လ ၂၈ ရက်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အတည်ပြုချက်ရရှိရန် ပေးပို့တင်ပြထားပြီးဖြစ်သဖြင့် ဦးစားပေး အစီအစဉ်အလိုက် နောက်လာမည့် ဘဏ္ဍာရေးနှစ်များ၏ ငွေလုံးငွေရင်း(မူလ) အသုံးစရိတ်တွင် ထည့်သွင်းလျာထားတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဟိုပန်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းအတွက် လိုအပ်လျက်ရှိသည့် ခြောက်ခန်းတွဲ နှစ်ထပ် တစ်လုံးနှင့် လူ ၃၀ ဆံ့ လူပျိုဆောင် တစ်ဆောင်တို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(မူလ) အသုံးစရိတ်တွင် လျာထားတင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး တစ်ထပ်တစ်လုံး ဆောက်လုပ်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(မူလ) အသုံးစရိတ်တွင် လျာထားတင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း။

## အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကို ကိုင်တွယ်ကျင့်သုံးသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဥပဒေနှင့်အညီ ထိန်းကျောင်းနိုင်မည်

မှုခင်းပရဟိတအဖွဲ့နှင့်စပ်လျဉ်း၍ မှုခင်းပရဟိတအဖွဲ့အမည်ဖြင့် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည်ကို သိရသော်လည်း မြန်မာနိုင်ငံမှုခင်းသတင်းထောက်များအသင်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ တရားဝင်မှတ်ပုံတင်ထားပါကြောင်း၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် မြန်မာနိုင်ငံ မှုခင်းသတင်းထောက်များအသင်း အမည်ကို အမှန်တရားချစ်မြတ်နိုးသူများအသင်း(အမှန်တရားကူညီမှုအဖွဲ့) ဟု အမည်ပြောင်းလဲရန် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြထားရှိပါကြောင်း၊ အသင်းအဖွဲ့များဥပဒေကို ယခင်က ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ခံစီမံခန့်ခွဲခဲ့ပါကြောင်း၊ ယခုအခါ အဆိုပါဌာနသည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန လက်အောက်သို့လွှဲပြောင်းဖွဲ့စည်းခဲ့ပြီး အသင်းအဖွဲ့များဆိုင်ရာကိစ္စရပ်များကို အဆိုပါဦးစီးဌာနက ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ မှုခင်းသတင်းထောက်များအသင်းသည် မြန်မာနိုင်ငံ မှုခင်းသင်းထောက်များအသင်းအမည်ဖြင့် တရားဝင်မှတ်ပုံတင်ခွင့်လျှောက်ထားရယူထားရှိပြီး အမှန်တရားချစ်မြတ်နိုးသူများအသင်း(အမှန်တရားကူညီမှုအဖွဲ့)ဟု အမည်ပြောင်းလဲရန် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြထားရှိသော်လည်း "မှုခင်းကူညီမှုနှင့် ပရဟိတအဖွဲ့"အမည်ဖြင့် ပြောင်းလဲရန် အကြောင်းကြားထားခြင်း မရှိပါကြောင်းနှင့် အဆိုပါအသင်းအဖွဲ့သည် သီးခြားအဖွဲ့အစည်းတစ်ရပ်ဖြစ်၍ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကို ကိုင်တွယ်ကျင့်သုံးသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဥပဒေနှင့်အညီ ထိန်းကျောင်းနိုင်မည်ဖြစ်ပါကြောင်း။

မီးသတ်ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ မြို့ပြနှင့် ဝေးကွာပြီး အချက်အချာကျသည့် ကျေးရွာများတွင် နယ်မြေမီးသတ်စခန်းများဖွင့်လှစ်ရာတွင် ကျေးရွာအုပ်စုရှိ အိမ်ခြေနှင့် လူဦးရေထူထပ်မှု၊ အရန်မီးသတ်တပ်ဖွဲ့အင်အား၊ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် စက်ရုံအလုပ်ရုံများတည်ရှိမှု၊ ဈေးများတည်ရှိမှု၊ ၁၀ နှစ်အတွင်း မီးလောင်မှုအကြိမ်အရေအတွက်နှင့် ဆုံးရှုံးမှုတန်ဖိုး၊ မီးသတ်ယာဉ်ဝင်ထွက်နိုင်သည့် လမ်းများစသည့်အချက်များပေါ်မူတည်၍ ဦးစားပေးအဆင့် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဦးစီးဌာနအနေဖြင့် ဖွဲ့စည်းပုံခွင့်ပြုထားပြီးဖြစ်သည့် နယ်မြေမီးသတ်စခန်း ၇၀၃ စခန်းအနက် ဖွင့်လှစ်ရန်ကျန်ရှိနေသည့် စခန်း ၃၀၁ စခန်းတို့ကို ဖွင့်လှစ်နိုင်ရေးအတွက် မြေနေရာရရှိရေး၊ အဆောက်အဦဆောက်လုပ်နိုင်ရေးနှင့် မီးသတ်ယာဉ်/စက်ပစ္စည်းကိရိယာများ ဖြည့်တင်းနိုင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မီးသတ်ဦးစီးမှူးများမှ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များထံ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၅) မှ ဒေါက်တာတင်တင်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၂) မှ ဦးစိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးခင်မျိုးဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃) မှ ဒေါ်ရွှေရွှေစိန်လတ်နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၈)မှ ဒေါ်အိအိပြုံးတို့က ဆွေးနွေးကြသည်။

**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၅)မှ ဒေါက်တာတင်တင်ဝင်း**က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းတွင် ပြည်သူ့လွှတ်တော်မှ အသစ်ထည့်ပြီး အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားသည့် အခန်း ၂၊ အပိုဒ် ၃ - ဆ ရှိ ကျေးလက်ဒေသနေပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်း တိုးတက်ကောင်းမွန်ရေး၊ ကျေးရွာတွင် လမ်း၊ ကုန်ထုတ်လမ်းနှင့် တံတားများ တည်ဆောက်ပြုပြင်ထိန်းသိမ်းရေး၊ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးနှင့် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆိုသည့်အပိုဒ်ကို ပြန်လည်ထည့်သွင်းလိုပါကြောင်း၊ ဦးစီးဌာန၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ အခန်း ၄၊ အပိုဒ် ခွဲ ၉ (ဃ) (၅) တွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ထားသည့် တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများအတွက် နည်းပညာ၊ ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်ရရှိနိုင်ရန်စီစဉ်ဆောင်ရွက်ရေးအပိုဒ်တွင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဈေးကွက်ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ရေးဟု ဖြည့်စွက်လိုပါကြောင်း၊ အဆိုပါအပိုဒ်တွင် တန်ဖိုးမြှင့်ပစ္စည်းများ ဖော်ဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်ရေးဟူ၍လည်း ဖြည့်စွက်လိုပါကြောင်း ဆွေးနွေးသည်။

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်နိုင်သည့် အရက်ပုန်းဆိုင်နှင့် လောင်းကစားလုပ်ငန်းများကို တားဆီးခြင်းနှင့် သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများထံ တင်ပြခြင်းဟု ဖြည့်စွက်လို

**ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ် (၈) မှ ဒေါ်အိအိပြုံး**က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ အခန်း ၃၊ ပုဒ်မ (၅)(င)တွင် ကျေးလက်နေပြည်သူများနှင့် အမျိုးသမီးများအလုပ်အကိုင်ဆိုသည်ကို ဖြည့်စွက်လိုပါကြောင်း၊ အခန်း ၄၊ ပုဒ်မ(၇)(ခ)တွင် ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် နှစ်စဉ်၊ နှစ်ရှည်၊ နှစ်တိုစီမံကိန်းများကို ကျေးလက်နေပြည်သူများနှင့် ရေးဆွဲ၍ ဗဟိုကြီးကြပ်ရေးကော်မတီသို့ တင်ပြရမည်ဟု ဖြည့်စွက်လိုပါကြောင်း၊ အခန်း ၅ ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များတွင် ပုဒ်မ ၈ (ဃ)(၄)တွင် ကျေးလက်နေပြည်သူများနှင့် အမျိုးသမီးများ အလုပ်အကိုင်ရရှိရေးဟု ဖြည့်စွက်လိုပြီး (ဃ)(၅) တွင် ကျေးလက်ကုန်ထုတ်လမ်းများ ဖော်ဆောင်ပေးခြင်းဟု ထပ်မံဖြည့်စွက်လိုပါကြောင်း၊ (ဃ)(၇) တွင် ကျေးလက်နေပြည်သူများမှ ဒေသဖွံ့ဖြိုးရေးထိခိုက်နိုင်သည်ဟု ယူဆသော အရက်ပုန်းဆိုင်၊ လောင်းကစားလုပ်ငန်းများကို တင်ပြလာပါက ထိရောက်သော အရေးယူမှုများပြုလုပ်နိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ချိတ်ဆက်အကူအညီပေးခြင်းဟု ထပ်မံဖြည့်စွက်လိုပါကြောင်း၊ အခန်း (၆) ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်တွင် ပုဒ်မ ၁၀ (င) တွင်လည်းကောင်း ပယ်ဖျက်ထားသည့် ပုဒ်မနေရာတွင်လည်းကောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်နိုင်သည့် အရက်ပုန်းဆိုင်နှင့် လောင်းကစားလုပ်ငန်းများကို တားဆီးခြင်းနှင့် သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများထံ တင်ပြခြင်းဟု ဖြည့်စွက်လိုပါကြောင်း၊ ပုဒ်မ ၁၁ တွင် (က) မိမိ၏ကျေးရွာတိုးတက်ရေးလုပ်ငန်း အလုပ်အကိုင်အခွင့်အလမ်းများဆောင်ရွက်ပေးရန် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဌာနအဖွဲ့အစည်းများသို့ တင်ပြခွင့်ဟု ထပ်မံဖြည့်စွက်လိုပါကြောင်း၊ အခန်း ၉၊ ပုဒ်မ (၂၅)(ဂ)တွင် မြေယာပိုင်ဆိုင်မှုကို ဥပဒေနှင့်အညီ စနစ်တကျသတ်မှတ်ရေးနှင့် ကုန်ထုတ်လမ်းများ ဖော်ဆောင်ပေးနိုင်ရေးဟု ထပ်မံဖြည့်စွက်လိုပါကြောင်း၊ အခန်း ၁၃၊ ပုဒ်မ ၄၇ တွင် ဦးစီးဌာနမှ မည်သူကိုမဆို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပစ္စည်း သို့မဟုတ် ငွေကြေးကို အလွဲသုံးစားပြုလျှင် ထိုသူကို ဥပဒေအရ အရေးယူရမည်ဟု ပြင်ဆင်လိုပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၉ ခုနှစ် ဩဂုတ်လ ၆ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**မင်းမင်းဇော်(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဩဂုတ် ၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးနိုင်သောင်းညွန့်၊ မော်လမြိုင်မဲဆန္ဒနယ်၏ မိတ်ဆွေ သုံးဦး၊ ဦးဌေးမင်းသိန်း၊ ကြို့ပင်ကောက်မဲဆန္ဒနယ်၏ မိတ်ဆွေ ငါးဦး၊ ဒေါက်တာ ဦးစိုးမိုးသူ၊ မြောင်းမြမဲဆန္ဒနယ်၏ မိတ်ဆွေ ၅၆ ဦးနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနမှ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာနနလွင် ဦးဆောင်သည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ၃၂၆ ဦး စုစုပေါင်း ၃၉၀ တို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတင်ကျင်းပသည့်နေ့ရက်မှ ယနေ့အထိ ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ဧည့်သည် စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၅၃၅၀၈ ဦးနှင့် ပြည်ပဧည့်သည် ၂၂၂၅ ဦးရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာတိုက်တို့မှ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့တွင် ရန်ကုန်မြို့ရှိ မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာတိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။**

ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)လမ်းရှိ မြန်မာ့အလင်း သတင်းစာတိုက်သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက ရန်ကုန်၊ နေပြည်တော်ရှိ ဝန်ထမ်းအင်အားအခြေအနေ၊ လက်ရှိသတင်းစာစောင်ရေနှင့် သတင်းစာများတွင် ကဏ္ဍစုံလင်စွာ ပါရှိရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက သတင်းစာအရည်အသွေး တိုးတက်ကောင်းမွန်ရေးနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာတည်းခန်းနှင့် ပုံနှိပ်စက်ခန်းတို့ကို လည်းကောင်း၊ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်တိုက် အဆောက်အအုံတည်ဆောက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ The Global New Light of Myanmar သတင်းစာတိုက်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့အလင်းသတင်းစာတိုက် အစည်းအဝေးခန်းမ၌ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ငါးထပ်ကြီးဘုရားလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဖိုတိုလစ်သိုပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်နေမှု၊ စက္ကူသိုလှောင်ရုံ၊ ပုံနှိပ်စက်ခန်းနှင့် စာအုပ်ချုပ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုဇွန်တောင်မြို့နယ်ရှိ ကြေးမုံသတင်းစာတိုက်၌ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

သတင်းစာတိုက်များမှ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သတင်းစာများတွင် စာဖတ်ပရိသတ်များ စိတ်ဝင်စားသည့်၊ စာဖတ်ပရိသတ်များ နှစ်သက်သည့် အကြောင်းအရာများ ပိုမိုဖော်ပြနိုင်ရေး၊ Content ပိုင်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရေး၊ အရည်အသွေးရှိသည့် ကာတွန်း၊ ဆောင်းပါး၊ သတင်းများ ပိုမိုဖော်ပြနိုင်ရေး၊ စီမံခန့်ခွဲမှုများ စနစ်တကျရှိစေရေးနှင့် စာမူခထုတ်ပေးမှု၊ စာမူများစုဆောင်းမှု၊ စာမူရှင်များနှင့် ဆက်သွယ်မှု၊ ဆက်ဆံမှု ကောင်းမွန်အဆင်ပြေရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**

## ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ်ဆိုင်ရာ အစီရင်ခံစာပြုစုရေးလုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂**

ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review-UPR)ဆိုင်ရာ အစီရင်ခံစာ ပြုစုရေးလုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက UPR အစီရင်ခံစာဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ မြန်မာနိုင်ငံ၏ အစီရင်ခံစာကို ပြုစုလျက်ရှိပါကြောင်း၊ အစီရင်ခံစာတွင် ပါဝင်ရမည့် အခန်းကဏ္ဍနှင့် အကြောင်းအရာများအလိုက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများက စာတမ်းများနှင့် အချက်အလက်များကို ပြုစုပေးပို့ခဲ့ပါကြောင်း၊ အဆိုပါအချက်အလက်များကိုအခြေခံ၍ စာတမ်းပြုစုရေးကော်မတီက လေ့လာပြုစုခဲ့ပြီး အစီရင်ခံစာပြုစုရေး လုပ်ငန်းကော်မတီသို့ ဆက်လက်တင်ပြခဲ့ပါကြောင်း၊ အစီရင်ခံစာပြုစုရေး လုပ်ငန်းကော်မတီအနေဖြင့် တင်ပြလာသည့်မူကြမ်းအပေါ် စိစစ်တည်းဖြတ်ဖြည့်စွက်ပြီး ယနေ့အစည်းအဝေးတွင် အစီရင်ခံစာမူကြမ်းကို တင်ပြထားပါကြောင်း၊ တက်ရောက်လာကြသူများက အဆိုပါမူကြမ်းအပေါ်လေ့လာ၍ ပြင်ဆင်ဖြည့်စွက်ရန် ရှိသည်များကို ညှိနှိုင်းဆွေးနွေးအကြံပြုပေးရန် ဖြစ်ပါကြောင်း၊ အကြံပြုဆွေးနွေးချက်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်သည့်မူကြမ်းကို အမျိုးသားအဆင့်ကော်မတီသို့ တင်ပြမည် ဖြစ်ပါကြောင်း၊ အစီရင်ခံစာမူကြမ်းအပေါ် သက်ဆိုင်ရာကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ဆွေးနွေးအကြံပြုချက်များရရှိရေးအတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ပြည့်စုံကောင်းမွန်သည့် အစီရင်ခံစာတစ်ရပ် ပြုစုနိုင်ရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက မိမိတို့၏ ဖြစ်ပေါ်တိုးတက်မှုများကို ပြည့်ပြည့်စုံစုံဖြည့်စွက်ပေးကြရန် လိုအပ်ပါကြောင်းနှင့် ဆောင်ရွက်သင့်သည်များကို အကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဌာနအဖွဲ့အစည်းများက အစီရင်ခံစာမူကြမ်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ အစီရင်ခံစာပြုစုရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**





## ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သို့ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ကုန်သည်လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB)၏ ပြည်တွင်းငွေကြေးဈေးကွက်နှင့် ပြည်ပငွေကြေးဈေးကွက်တွင် Bloomberg ၊ Refinitive IT နည်းပညာဖြင့် ပြည်ပဈေးကွက်သို့ ဘဏ်မှချိတ်ဆက်ဆောင်ရွက်နေမှု၊ ပို့ကုန်သွင်းကုန်ကုန်သွယ်မှုဈေးငွေ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နေမှု၊ နေ့စဉ် မြန်မာကျပ်နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းချပေးသည့် FX Market လုပ်ငန်းများ၊ မြန်မာကျပ်ဖြင့် Treasury Bils၊ Treasury Bonds ဆောင်ရွက်မှု၊ ပြည်တွင်းဘဏ်များအကြား နိုင်ငံခြားငွေ လဲလှယ်ရောင်းချခြင်း၊ ဘဏ်အချင်းချင်း ချေးငွေထုတ်ချေးခြင်း (Bilateral Interbank Lending)၊ နိုင်ငံခြားငွေမှာ ငွေကြေးအား အာမခံရယူ၍ ကာလတို မြန်မာကျပ် ချေးငွေထောက်ပံ့ခြင်း၊ စာရင်းပိုထုတ်ချေးငွေ၊ ကာလတိုချေးငွေ၊ နှစ်လတ်နှင့် နှစ်ရှည်စီမံကိန်းချေးငွေများ ထုတ်ချေးခြင်းတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်နှင့်အညီ ဆုံးရှုံးနိုင်ခြေမရှိအောင် စီမံခန့်ခွဲမှုအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ချယ်ရီလွင်က ဘဏ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့မှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပြည်ပနိုင်ငံခြားငွေကြေးဈေးကွက်လုပ်ငန်းကို ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လေ့လာထားရန်၊ ချေးငွေများတွင် Non-Performing Loan (NPL) ကျဆင်းရေး ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ပြီး **(အပေါ်ပုံ)**မွန်းလွဲ ၁ နာရီတွင် ပြန်လည်ထွက်ခွာကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ချင်းတိုင်းရင်းသားများပါတီ

## [Chin National Party (CNP)] ကို

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၄၁/၂၀၁၉)
၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

**ချင်းတိုင်းရင်းသားများပါတီ [Chin National Party (CNP)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အောင်လံမြို့နယ်၊ ကျောက်အိုးတောင် အုပ်စု၊ ကျောက်အိုးတောင်ကျေးရွာတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ချင်းတိုင်းရင်းသားများပါတီ [Chin National Party (CNP)]** ကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့် အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ချင်းတိုင်းရင်းသားများပါတီ [Chin National Party (CNP)]** ၏ မှတ်ပုံတင်အမှတ်သည် (၁၁၈) ဖြစ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## သစ္စာစီမံချက်ဖြင့် ကွင်းဆင်းပြုလုပ်ပေးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ကောလင်း ဩဂုတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ သစ္စာစီမံချက်ဖြင့် မြို့ကုန်းမြို့မနှင့် သုဝဏ္ဏရပ်ကွက်တို့အား ကွင်းဆင်းပြုလုပ်ပေးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲ အခမ်းအနားကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၁ ရက် မွန်းလွဲ ၁နာရီက ကျင်းပသည်။ ကတ်ပြားပေးအပ်ပွဲတွင် လက်ထောက်မြို့နယ်ဦးစီးမှူး ဒေါ်စိမ်းစိမ်းတင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၆၀ နှင့် အိမ်ထောင်စုစာရင်းအစောင် ၁၁၀ တို့ကို သက်ဆိုင်သူများအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အများနှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အသင်းအဖွဲ့စိတ်ဓာတ်များ လေ့ကျင့်ပေးပြီး တာဝန်ခံ တာဝန်ယူမှုဖြင့် မိမိတို့၏တာဝန်ကို အကောင်းဆုံးဆောင်ရွက်

**စစ်ကိုင်း ဩဂုတ် ၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး) များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစောပြုံးနိုင်က စစ်ကိုင်းပညာရေးတက္ကသိုလ်၏ ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုကို သုတေသနအခြေခံ အချက်အလက် အထောက်အထားများပေါ်တွင်မူတည်ပြီး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ၂၁ ရာစုနှင့် လိုက်လျောညီထွေဖြစ်သော အရည်အသွေးရှိသည့် ပညာရေး ပြုပြင်ပြောင်းလဲမှုဖြစ်သည်ကို အသိပေးပြောကြားလိုပါကြောင်း၊ ယခုလို ပညာရေး ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာတွင် ထိရောက်ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်နိုင်ရန် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)နှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်(၂၀၁၈-၂၀၃၀) တွင် ဖော်ပြထားသည့် မျှော်မှန်းရလဒ်များကို ပြည့်မီအောင် ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး) များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။

ပညာရေးဝန်ကြီးဌာန အနေဖြင့် ဦးစားပေးလုပ်ငန်း ၁၂ ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အခြေခံမူဝါဒဖြစ်သည့် မည်သည့်ခွဲခြားမှုမျှမရှိရေး၊ ပညာသင်ကြားခွင့်ရရှိရန် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ချန်မထားရေး၊ ကျောင်းထွက်သူပပျောက်ရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ မျှော်မှန်းရလဒ်အနေဖြင့် လူသားကောင်းများ မွေးထုတ်ပေးနိုင်ရေး၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှု၊ လေးစားမှု၊ ကူညီတတ်သည့် အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ပေးရေး၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အသင်းအဖွဲ့ စိတ်ဓာတ်များ လေ့ကျင့်ပေးရေး၊ တာဝန်ခံ တာဝန်ယူမှုဖြင့် မိမိတို့၏တာဝန်ကို အကောင်းဆုံးဆောင်ရွက်နိုင်ကာ ဆန်းသစ်တီထွင်ဖန်တီးနိုင်စွမ်းရှိပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့နံနက် ၉ နာရီကလည်း မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် မျိုးဆက်သစ်လူရည်ချွန်များအဖွဲ့(ဗဟို)မှ ကျင်းပသော Welcome Conference and Gathering Camp 2019 အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားရာတွင် ထူးချွန်သူများကို ပိုမိုထူးချွန်စေရန် ပံ့ပိုးပေးလိုပါကြောင်း၊ နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် ပညာရပ်များကို နက်နက်နဲနဲနှင့် တစ်သက်တာသင်ယူကြရန် စနစ်တကျသင်ကြား သင်ယူလေ့ကျင့်ရမည် ဖြစ်ပါကြောင်း၊ တန်ဖိုးထားရမည့် စံနှုန်းများကိုလည်း အထူးအလေးထား လေးစားလိုက်နာရန် လိုအပ်ပါကြောင်း၊ ထူးချွန်သူများအနေဖြင့် ဆရာ ဆရာမများအဖြစ် ဆောင်ရွက်မှသာ မိမိထက်တော်သော ထူးချွန်သောသူများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပါသဖြင့် ဆရာ ဆရာမ အလုပ်ကို လုပ်ဆောင်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတက္ကသိုလ် အင်း၀(၉) ဆောင်တွင် ကျင်းပသည့် ဆရာကြီး ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၏ Education Leadership and Management ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းရင်းသားဘာသာစကား ၂၅ မျိုးဖြင့် ရေးဆွဲထားသော မိတ်ဆက်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် UNICEF တို့ ပူးပေါင်း၍ တိုင်းရင်းသားဘာသာစကား ၂၅ မျိုးဖြင့် ရေးဆွဲထားသော ဒေသသင်ရိုးမိတ်ဆက်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တိုင်းရင်းသားဘာသာစကား ၂၅ မျိုးဖြင့် ရေးဆွဲထားသော ဒေသသင်ရိုးမိတ်ဆက်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။

### အကူအညီများ ရရှိရေး

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တိုင်းရင်းသားစာပေ သင်ကြားရေးဆောင်ရွက်ရာတွင် ယခင်က တိုင်းရင်းသားစာပေ ဒေသသင်ရိုးညွှန်းတမ်းများ စနစ်တကျ မရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ပညာရေးကဏ္ဍများ၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စနစ်တကျရှိမှသာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့ခိုင်မြဲမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် ကျင့်သုံးနေသည့် နည်းပညာများ၊ နည်းလမ်းများ၊ အတွေ့အကြုံကောင်းများကိုရယူ၍ မိမိတို့လူမျိုး၏ ယဉ်ကျေးမှုနှင့်ကိုက်ညီသော တိုင်းရင်းသားကလေးငယ်များ လိုက်ပါသင်ယူနိုင်စွမ်းရှိသည့် အခြေအနေများအပေါ်သုံးသပ်ပြီး သင်ရိုးညွှန်းတမ်းများရေးဆွဲမှသာ ကလေးငယ်များ သင်လွယ်၊ တတ်လွယ်ကာ ထိရောက်အောင်မြင်မှုရှိသည့် သင်ရိုးညွှန်းတမ်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ UNICEF ၏ ပံ့ပိုးကူညီမှုဖြင့် ပြည်နယ်လေးခုမှ တိုင်းရင်းသားစာပေအဖွဲ့ ၂၅ ဖွဲ့၏ ဒေသသင်ရိုးများ ပြုစုရေးဆွဲမှုလုပ်ငန်းများ ပြီးမြောက်စေရေးအတွက် အစဉ်အဆက်ကူညီပေးနေသော UNICEF အဖွဲ့အား ကျေးဇူးတင်ရှိပါကြောင်း၊ ရှေ့ဆက်ပြီး ကျန်ရှိနေသည့် အခြားသော တိုင်းရင်းသားများ၏ ဒေသသင်ရိုးများ ပေါ်ထွက်နိုင်ရေးအတွက် ဆက်လက်ကူညီပေးစေလိုပါကြောင်း၊ UNICEF အဖွဲ့နှင့် ပူးပေါင်းပြီး တိုင်းရင်းသားဒေသသင်ရိုးစာအုပ်ပေါ်ထွက်လာရေးအတွက် စိတ်ပါဝင်စားစွာဖြင့် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပညာရှင်များအားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် UNICEF တို့သည့် ဝန်ကြီးဌာန၏ မိတ်ဖက်အဖွဲ့အစည်းများဖြစ်ပြီး လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုပါကြောင်း၊ အခြားသော ဝန်ကြီးဌာနမှ အကူအညီများ ရရှိရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ငွေကြေးနှင့်နည်းပညာများ ပံ့ပိုးပေး

ထို့နောက် UNICEF ကိုယ်စားလှယ် ပညာရေးမူဝါဒအရာရှိ ဒေါ်မာလာစန်းက တိုင်းရင်းသားဘာသာစကား ၂၅ မျိုးဖြင့် ရေးဆွဲထားသည့် ဒေသသင်ရိုးများရေးဆွဲခြင်းအားဖြင့် တိုင်းရင်းသားလူမျိုးများအတွက် ကောင်းကျိုးများ ရရှိနိုင်သည့်အတွက် ပညာရေးဝန်ကြီးဌာန၊ ဒေသသင်ရိုးရေးဆွဲရေးကော်မတီများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ လုပ်ငန်းစဉ်တွင် ငွေကြေးနှင့် နည်းပညာများ ပံ့ပိုးပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်တို့မှ တိုင်းရင်းသားဘာသာစကား ၂၅ မျိုးဖြင့် ရေးဆွဲသော ဒေသသင်ရိုးရေးဆွဲရေးကော်မတီများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တက်ရောက်လာကြသော ကိုယ်စားလှယ်များက မိမိတို့ ပြည်နယ်တွင် ဆောင်ရွက်ထားသည့် လုပ်ငန်းစဉ်များ၊ နည်းပညာများ၊ နည်းလမ်းများ၊ အတွေ့အကြုံကောင်းများကို ရယူပြီး တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ကိုက်ညီသော ကလေးငယ်များ၏ သင်ယူနိုင်စွမ်းရှိသော အခြေအနေများကို သုံးသပ်၍ သင်ရိုးညွှန်းတမ်းများ ရေးဆွဲရာ၌ သင်လွယ်တတ်လွယ်ပြီး ထိရောက်အောင်မြင်မှုရှိသော သင်ရိုးညွှန်းတမ်းများ ရရှိနိုင်မည့်ကိစ္စရပ်များ ဆွေးနွေးကြသည်။

အခမ်းအနားသို့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ရဝမ်၊ လော်ဝေါ်၊ လာချိဒ်၊ လီဆူ၊ ဇိုင်ဝါး၊ ဂျိမ်းဖော၊ တိုင်းလုံ၊ တိုင်းလျမ်၊ တိုင်းလေ၊ တိုင်းဆာ၊ တိုင်းခမ်းတီ၊ ကော်ယော်၊ မနုမနော၊ ကယား၊ ကယန်း၊ ကယော၊ ယင်းတလဲ၊ စကော၊ ပိုး၊ ဂေဘား၊ ဘွဲ၊ ပကညော(စကော)၊ ရှမ်း၊ ပအိုဝ်း၊ မွန် စသည့်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အသင်းအဖွဲ့ စုစုပေါင်း ၂၅ ဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်သည်။ ဒေသသင်ရိုးသင်ကြားရခြင်းဖြင့် တိုင်းရင်းသားကျောင်းသားကျောင်းသူများသည် မိမိတို့ပြည်နယ်ဒေသတွင်း ဗဟုသုတများကို မြန်မာဘာသာဖြင့်လည်းကောင်း၊ တိုင်းရင်းသားဘာသာဖြင့်လည်းကောင်း စနစ်တကျသင်ကြားခွင့်ရရှိမည်ဖြစ်ပြီး ဘက်စုံထူးချွန်သော လူငယ်များဖြစ်လာမည့်အပြင် တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုမှ ငြိမ်းချမ်းရေးကိုပါ အထောက်အကူပြုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

❐ *ကျောဖုံးမှ*

ဝေဖန်ပြောဆိုတဲ့ ဒီလိုအနေအထားမျိုးကို ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ လုံးဝ လက်မခံပါဘူး။ အဲဒါကို ကျွန်တော်တို့ ကန့်ကွက်ပါတယ်။ ကန့်ကွက်တာကိုလည်း ပြီးခဲ့တဲ့ ရက်ပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ က မလေးရှား သံအမတ်ကြီးကိုခေါ်ပြီး ဒီကိစ္စတွေပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

"ဒုတိယအကြောင်းအရာအနေနဲ့ မြန်မာနိုင်ငံက ဂြိုဟ်တုလွှတ်တင်တဲ့ကိစ္စဖြစ်ပါတယ်။ အဲဒီကိစ္စကိုအဆင့် သုံးဆင့်နဲ့ ဆောင်ရွက်နေတယ်ဆိုတာကို ရှင်းပြချင်ပါတယ်။

**ယခင်က ဂြိုဟ်တုငှားရမ်းနေရတဲ့စျေးနှုန်းထက် အများကြီးသက်သာ**

"ပထမအဆင့်ကတော့ လက်ရှိအခြားနိုင်ငံကပိုင်တာကို ကျွန်တော်တို့နိုင်ငံက ငွေကြေးနဲ့ငှားပြီး လက်ရှိမှာ Myanmar Sat 1 ဂြိုဟ်တု ငှားရမ်းသုံးစွဲနေတာ ဖြစ်ပါတယ်။ ဒုတိယအဆင့်အနေနဲ့ အချိုးကျပူးတွဲပိုင်ဆိုင်တဲ့စနစ်ဖြစ်ပြီး ဒီစနစ်ကို အကောင်အထည်ဖော်ဖို့အတွက် ၂၀၁၉ ခုနှစ် ဩဂုတ်လ ၇ ရက်ကစပြီး ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းလွှတ်တင်တာ ဖြစ်ပါတယ်။ ကုန်ကျငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၅၅ ဒသမ ၇ သန်းဖြစ်ပါတယ်။ အဲဒီငွေရဲ့ ၃၀ ရာခိုင်နှုန်းကို ၂၀၁၈ ခုနှစ် ၆ လပိုင်းကုန်မှာ နှစ်ကြိမ်ပေးချေခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ၅၀ ရာခိုင်နှုန်းကို လေးကြိမ်ခွဲပြီးပေးဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ လာမယ့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ နောက်ဆုံးကျန်တဲ့ ၂၀ ရာခိုင်နှုန်းကို နှစ်ကြိမ်ခွဲပြီး ပေးချေရမှာဖြစ်ပါတယ်။ ဒီဂြိုဟ်တုမှာ မြန်မာနိုင်ငံအနေနဲ့ အသုံးပြုနိုင်တဲ့ C – band လိုင်း အင်အားပေါင်း 432 MHz နဲ့ Ku – band လိုင်းအင်အားပေါင်း 432 MHz နဲ့ စုစုပေါင်း 864 MHz ကို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒါကိုလည်း ဂြိုဟ်တုငှားရမ်းခ နိုင်ငံခြားငွေ ပေးချေမှုသက်သာဖို့အတွက် ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ သစ်တော၊ နယ်စပ်နဲ့ အခြားဌာနတွေမှာအကျိုးရှိအောင် အသုံးပြုသွားဖို့ ဖြစ်ပါတယ်။ ဝန်ကြီးဌာနတွေ ယခင်က ဂြိုဟ်တုငှားရမ်းနေရတဲ့စျေးနှုန်းထက် အများကြီး သက်သာပါတယ်။ စုစုပေါင်းလိုင်းအင်အား 864 MHz ဖြစ်ပြီး ဂြိုဟ်တုသက်တမ်း ၁၅ နှစ်ကာလဖြစ်ပါတယ်။ တတိယအဆင့်အနေနဲ့ မြန်မာနိုင်ငံက အလုံးစုံပိုင်ဆိုင်တဲ့ ကိုယ်ပိုင်ဂြိုဟ်တုလွှတ်တင်ဖို့ ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ် ။ ဒီအဆင့်ကို နည်းပညာ အတွေ့အကြုံကြွယ်ဝပြီး ကိုယ်ပိုင်ထိန်းချုပ်နိုင်တဲ့အချိန်နဲ့ အသုံးပြုမယ့် လိုင်းအင်အား ပိုပြီးများပြားလာတဲ့အချိန်မှာ ကုန်ကျစရိတ် အသင့်အတင့်ရှိမယ့် ဂြိုဟ်တုလွှတ်တင်မှုကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နည်းပညာရဖို့အတွက်၊ နိုင်ငံတော်အတွက် လိုအပ်တဲ့ ဝန်ဆောင်မှုတွေပေးနိုင်ဖို့ Earth Observation Micro – Satellite (EOS) အမျိုးအစားဂြိုဟ်တုကို တည်ဆောက်လွှတ်တင်မှာ ဖြစ်ပါတယ်။ ကိုယ်ပိုင်ဂြိုဟ်တု တည်ဆောက်လွှတ်တင်ရေးအတွက် ဂျပန်နိုင်ငံ Hokkaido တက္ကသိုလ်နဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

"အဲဒါက ပထမနှစ်နှစ်မှာ အမေရိကန်ဒေါ်လာ ၈ သန်းကျော် ကုန်ကျပါမယ်။ နောက်နှစ်နှစ်မှာ အမေရိကန်ဒေါ်လာ ၆ သန်းကျော်ကုန်ပါမယ်။ စုစုပေါင်း အမေရိကန် ဒေါ်လာ ၁၅ သန်းကျော်ကုန်မယ်လို့ မှန်းထားပါတယ်။ အခု Myanmar Sat – 2 အခုလွှတ်မယ့်ဂြိုဟ်တုက လာမယ့်ဩဂုတ်လ ၇ ရက် နံနက် ၂ နာရီမှာ လွှတ်တင်သွားမှာဖြစ်ပြီး အမေရိကန်ဒေသစံတော်ချိန် ဩဂုတ်လ ၆ ရက် ညနေ ၄ နာရီခွဲ ဖြစ်ပါတယ်။ မြောက်အတ္တလန္တိတ်ကမ်းခြေ အာရီယန်ဒုံးစခန်းကနေ လွှတ်တင်သွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

**သံဃာတော်ထုအတွင်းမှာ သင်းကွဲစေတဲ့ဟာမျိုးမဖြစ်အောင် သတိထားဖို့ မေတ္တာရပ်ခံ**

News Watch ဂျာနယ်မှ သတင်းထောက် ဦးမောင်မောင်ထွန်း၏ သာသနာရေးဝန်ကြီးဌာနဆိုင်ရာမေးခွန်းနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး က "ဒီကိစ္စက ကျွန်တော်တို့ ဘာသာရေး သာသနာရေးနဲ့ဆက်နွှယ်နေတဲ့ အဓိက ကိစ္စ ဖြစ်ပါတယ်။ ပြောရရင် တကယ်လည်း အရေးကြီးပါတယ်။ အကဲဆတ်တယ်၊ ထိလွယ်ရှလွယ် ကိစ္စရပ်ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လည်း မီဒီယာတွေကို မေတ္တာရပ်ခံချင်ပါတယ်။ ဒီကိစ္စတွေနဲ့ပတ်သက်လို့ ရေးသားကြတဲ့အခါ အထူးသတိထားဖို့ပေါ့။ ကျွန်တော်တို့ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင်အများစုဖြစ်တဲ့ သံဃာတော်ထုအတွင်းမှာ အပိုင်းပိုင်း သင်းကွဲစေတဲ့ဟာမျိုးတွေမဖြစ်အောင် သတိထားဖို့ ပထမဆုံးအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ နောက်တစ်ချက်ကတော့ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်ဖြစ်ပါတယ်။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ လက်ရှိနိုင်ငံအတွင်းက အခြေအနေ၊ နိုင်ငံအတွင်းမှာရှိတဲ့ တည်ငြိမ်အေးချမ်းမှု၊ ဖြစ်ပေါ်လာမယ့် နောက်ဆက်တွဲ အကျိုးဆက်တွေ ဒါတွေကို အားလုံးခြုံငုံသုံးသပ်ပြီး တာဝန်ယူတာဝန်ခံမှုအပြည့်နဲ့ ဆောင်ရွက်သွားဖို့ပဲ ရှိပါတယ်။

"ဒုတိယမေးခွန်းကတော့ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အိမ်မှာ မနေ့ည က ညစာစားတယ်။ ဒီညစာစားပွဲဟာ အရင်တုန်းကတည်းက စီစဉ်ထားတာ ဖြစ်ပါတယ်။ ဒီဟာက အကြောင်းအချိန်အခါ တိုက်ဆိုင်သွားတဲ့အတွက် မနေ့ကမှ စားဖြစ်တာဖြစ်ပါတယ်။ မနေ့ကမှ ချက်ချင်းစီစဉ်တဲ့ကိစ္စ မဟုတ်ပါဘူး။ အရင်ကတည်းက ပြောထားတဲ့ ညစာစားပွဲဖြစ်ပါတယ်။ ဘယ်ကနေ ညစာစားပွဲဖြစ်လာသလဲဆိုရင် နှစ်စဉ် ဥပ္ပါတသန္တိဘုရားကြီးမှာ ဆရာတော်တွေ၊ လူပုဂ္ဂိုလ်တွေကို ဘွဲ့တံဆိပ်တော်တွေ ဆက်ကပ်တဲ့ပွဲရှိပါတယ်။ ဘွဲ့တံဆိပ်တော်တွေ ဆက်ကပ်ပြီးရင် ဆွမ်းဆန်စိမ်းလောင်းပါတယ်။ သမ္မတရုံး၊ အတိုင်ပင်ခံရုံး၊ လွှတ်တော်ရုံး စသည်ဖြင့် မဏ္ဍပ်တွေထိုးပြီး ဆွမ်းဆန်စိမ်းလောင်းပါတယ်။ အဲဒီလို လောင်းတဲ့အခါ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ကို ဝန်ကြီး အချိန်ဘယ်လောက်ကြာမလဲလို့ မေးပါတယ်။ ဝန်ကြီး သူရဦးအောင်ကိုက ၂ နာရီကျော်လောက်ဆိုရင် ပြီးမယ်လို့ ပြန်ဖြေပါတယ်။ တကယ်တမ်း ဆွမ်းဆန်စိမ်းလောင်းတဲ့ အချိန်မှာ ၃ နာရီကျော်လောက် ကြာပါတယ်။ အဲဒါက ပထမတစ်နှစ် ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်၊ နောက်နှစ်မှာလည်း အဲဒီအတိုင်းပဲ ဖြစ်ပါတယ်။ အဲဒီမှာလည်း ဝန်ကြီး ဘယ်လောက်ကြာမလဲလို့ မေးပါတယ်။ ဒါဆိုရင်တော့ ပြောတဲ့အချိန်နဲ့မကိုက်ဘူး။ ဝန်ကြီးကို ဖိုင်းတပ်ရမယ်ဆိုပြီး တော့ ပြောတယ်။ ဖိုင်းတပ်တော့ ဝန်ကြီး သူရဦးအောင်ကိုက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကို ဒဏ်ကြေးလာပေးတယ်။ ဒဏ်ကြေးကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မသုံးဘူး၊ ဒီလိုမျိုးပြောထားတဲ့အချိန်ထက် ကျော်ပြီးနောက်ကျတဲ့အတွက် ဒဏ်တပ်တဲ့ အနေနဲ့ ထမင်းကျွေးရမယ်၊ ညစာကျွေးရမယ်၊ ကျွေးတဲ့အခါမှာ ကျွန်တော်တို့ သမ္မတရုံး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးနဲ့ လုံခြုံရေးတွေလည်း ရှိတယ်၊ အားလုံးပေါင်း ၈၀ ကျော်



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ပြည်တွင်း ပြည်ပ သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲတွင် ရှင်းလင်းပြောကြားစဉ်။

**"မြန်မာနိုင်ငံက အလုံးစုံပိုင်ဆိုင်တဲ့ ကိုယ်ပိုင်ဂြိုဟ်တုလွှတ်တင်ဖို့ ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီအဆင့်ကို နည်းပညာအတွေ့အကြုံကြွယ်ဝပြီး ကိုယ်ပိုင်ထိန်းချုပ်နိုင်တဲ့အချိန်နဲ့ အသုံးပြုမယ့် လိုင်းအင်အား ပိုပြီး များပြားလာတဲ့အချိန်မှာ ကုန်ကျစရိတ်အသင့်အတင့်ရှိမယ့် ဂြိုဟ်တုလွှတ်တင်မှုကို ဆောင်ရွက်သွားမှာဖြစ်"**

လောက်ကို ပြည်ထောင်စုဝန်ကြီးက ညစာကျွေးရတာ ဖြစ်ပါတယ်။ ဒါက သူပြောထားတဲ့ တိုင်ပင်နဲ့ မကိုက်ညီတဲ့အတွက် ဖိုင်းတပ်တဲ့အနေနဲ့ ညစာစားပွဲကျွေးတာ ဖြစ်ပါတယ်။ ဒါကို ပြည်ထောင်စုဝန်ကြီးရဲ့ မိသားစုဝင်တစ်ယောက်က facebook မှာ တင်တာ တွေ့ပါတယ်။ နိုင်ငံ့ခေါင်းဆောင်တွေ၊ နိုင်ငံ့အကြီးအကဲတွေ Private Dinner လုပ်တဲ့ ဟာကို အများပြည်သူအတွက် ထုတ်ပြန်သင့်တယ် မထုတ်ပြန်သင့်ဘူး၊ တင်သင့် မတင် သင့်ဆိုတာကို စဉ်းစားဖို့လိုတယ်။ ကျင့်ဝတ်လည်းရှိဖို့လိုတယ်လို့ ကျွန်တော်တို့မြင်တယ်။ အပြင်ကနေ ဝေဖန်ပြောကြားနေတဲ့ ဒီအပေါ်မှာ ထောက်ခံမှုပြသတဲ့အနေနဲ့၊ အားပေးကူညီမှုပြသတဲ့အနေနဲ့ လုံးဝ လုံးဝ မဟုတ်ပါဘူးလို့ ရှင်းရှင်းလင်းလင်း ဖြစ်အောင် ဖြေချင်ပါတယ်"ဟု ဖြေကြားသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနဲ့အညီ ဆောင်ရွက်**

ရောဝတီသတင်းဌာနမှ သတင်းထောက် ထက်နိုင်ဇော်၏ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ပထမဆုံး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကိစ္စက အားလုံးသိတဲ့အတိုင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ကိုင်တွယ်တာ ဖြစ်ပါတယ်။ အထူးသဖြင့် ပြောချင်တာက တရားဥပဒေစိုးမိုးရေး ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့လည်း နားလည်ဖို့လိုပါတယ်။ ဒါက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနဲ့အညီ ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ အုပ်ချုပ်ရေးအရ ဒီအပေါ်မှာ တစ်စုံတစ်ရာ ပါဝင်ပတ်သက်တာ၊ ဝင်ရောက်စွက်ဖက်တာမျိုး မရှိပါဘူး။ အဂတိလိုက်စားမှုကော်မရှင်က သူ့ဥပဒေနဲ့အညီ ဆောင်ရွက်နေတဲ့အတွက် အချိန်တန်ရင် ထုတ်ပြန်ပါလိမ့်မယ်။ အစိုးရက ကော်မရှင်ရဲ့လုပ်ငန်းစဉ်တွေအပေါ်မှာ တစ်စုံတစ်ရာ ပါဝင်ပတ်သက်မှာ မဟုတ်ပါဘူး။

"ဒုတိယအချက်က စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ရာထူးက နုတ်ထွက်ခွင့်ပြုတဲ့ကိစ္စ ဖြစ်ပါတယ်။ ဒီကိစ္စကို အစိုးရက ကိုင်တွယ်တာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ နိုင်ငံတော်သမ္မတကြီးဆီကို တိုင်စာရောက်ပါတယ်။ သမ္မတကြီးက ဆင်ခြင်သုံးသပ်ပြီး ဝန်ကြီးအဆင့် ၃ ဦးပါတဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့ပါတယ်။ တိုင်ကြားစာအပေါ်မှာ အခြေခံပြီး အသေးစိတ်အချိန်ယူပြီး စစ်ဆေးမေးမြန်းမှုတွေ ပြုလုပ်ပါတယ်။ နောက်ဆုံးအဖွဲ့ရဲ့ တွေ့ရှိချက်က တိုင်ကြားခံရတဲ့ကိစ္စဟာ ရုံးပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းလွဲမှားခြင်းလို့ စစ်ဆေးပေါ်ပေါက်ပါတယ်။ စစ်ဆေးပေါ်ပေါက်ချက်အရ သူ့ရဲ့တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ နုတ်ထွက်ခွင့်တင်ရတာ ဖြစ်ပါတယ်။ ဒီနုတ်ထွက်ခွင့်အပေါ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက နုတ်ထွက်ခွင့် ပေးတာ ဖြစ်ပါတယ်။

"ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းကို စက်မှုဝန်ကြီးဌာနကို တွဲပြီးတော့ကိုင်ခိုင်းရတဲ့ အကြောင်းက နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့က စဉ်းစားပြီး ဆောင်ရွက်တာ ဖြစ်ပါတယ်။ လက်ကျန်ကာလကလည်း အစိုးရသက်တမ်းက တစ်နှစ်ခွဲကျော်ကျော်လောက်ပဲ ကျန်တော့တယ်။ ဒီအချိန်မှာ ဝန်ကြီးအသစ်ခန့်အပ်ခြင်းကိစ္စ၊ နောက်တစ်ချက်က စက်မှုဝန်ကြီးဌာနကိုကြည့်လိုက်ရင် လွှတ်တော်မှာလည်း တင်ပြထားတာတွေ ရှိပါတယ်။ နိုင်ငံပိုင်လုပ်ငန်းတွေ ပိတ်သိမ်းထားတာ ၁၈ ခုလောက်ရှိပါတယ်။ နိုင်ငံပိုင်စက်ရုံပိတ်သိမ်းထားတာတွေကို ပုဂ္ဂလိကပိုင်လွှဲပြောင်းခြင်း၊ အကျိုးတူပူးပေါင်းခြင်းစသည်ဖြင့် ဒါတွေကို ကိုင်တွယ်ဖို့ အဓိကလုပ်နေရတာဟာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်ပါတယ်။ ဘတ်ဂျက်သုံးစွဲမှု၊ ဝန်ထမ်းလစာတွေနဲ့ ဆက်စပ်ပြီး ဒီကာလမှာ အသင့်တော်ဆုံး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းကို ပူးတွဲပြီး ကိုင်ခိုင်းတာ ဖြစ်ပါတယ်"ဟု ရှင်းလင်းသည်။

**နိုင်ငံတကာ ဖိအားပေးမှုတွေအပေါ်မှာ ဖြေရှင်းရ**

ဆက်လက်၍ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်၍ ဦးဇော်ဌေးက "အဓိက ကျွန်တော်တို့ကူးပြောင်းမှုကို ထိခိုက်တာကတော့ ရခိုင်ပြည်နယ်မြောက်ပိုင်းကိစ္စ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းကိစ္စက အစိုးရသစ် တက်လာကတည်းက အလေးထားပြီး ဗဟိုကော်မတီဖွဲ့ ဆောင်ရွက်တယ်။ ဆောင်ရွက်ပြီးတဲ့နောက်ပိုင်းမှာ ARSA တိုက်ခိုက်မှုတွေ ဖြစ်လာတယ်။ ဖြစ်လာတဲ့ အချိန်မှာ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက်တွေဖြစ်တယ်။ ခုနောက်ပိုင်း ဇန်နဝါရီလ ၄ ရက်မှာ AA တိုက်ခိုက်မှုတွေ ဖြစ်လာတယ်။ ဖြစ်လာတော့ ဒီဒေသမှာ တည်ငြိမ်အေးချမ်းမှုကို ဦးတည်လုပ်ရတဲ့အတွက် အဲဒီအပေါ်မှာ နိုင်ငံတကာဝေဖန်မှုတွေလည်း ရှိတယ်။ ဖိအားပေးမှုတွေလည်း ရှိတယ်။ ဒီအပေါ်မှာ ကျွန်တော်တို့ ဖြေရှင်းရတဲ့ အနေအထားရှိတယ်။

**နိုင်ငံပေါင်း ၃၀ ကို သုတေသနလုပ်ထားတဲ့ ကမ္ဘာ့ဘဏ်စစ်တမ်း**

"နောက်တစ်ချက်ကတော့ ဒီမိုကရေစီအကူးအပြောင်းပါ။ ဒီမိုကရေစီအကူးအပြောင်းနဲ့ ပတ်သက်လို့ ၁၉၈၅ ခုနှစ်ကနေ ၂၀၀၉ ခုနှစ်အတွင်းမှာ အပြောင်းအလဲတွေ ဖြစ်ပွားခဲ့တဲ့ နိုင်ငံပေါင်း ၃၀ ကို သုတေသနလုပ်ထားတဲ့ ကမ္ဘာ့ဘဏ်စစ်တမ်းရှိပါတယ်။ အဲဒီစစ်တမ်းအရ ပြန်ကြည့်မယ်ဆိုရင် စံချိန်မီအပြောင်းအလဲဖြစ်ခဲ့တဲ့ နိုင်ငံ ၂၀ ကို ရွေးလိုက်တယ်။ ရွေးပြီးတော့ သူတို့ရဲ့စံချိန်စံညွှန်းအရ ဒီမိုကရေစီခိုင်မာမှုအဆင့်ကို ရောက်ဖို့ ပျမ်းမျှနှစ်ပေါင်း ၂၀ ကြာတယ်လို့ သူတို့တွေ့ပါတယ်။ အဲဒီထဲမှာ အမြန်ဆုံး နိုင်ငံက ဘယ်လောက်ကြာသလဲဆိုရင် ၁၂ နှစ်ကြာပါတယ်။ သူတို့စစ်တမ်းမှာ တချို့နိုင်ငံတွေမှာ တပ်မတော်ရဲ့ ပါဝင်မှုတွေရှိတယ်။ တပ်မတော်ရဲ့ ပါဝင်မှုတွေကို မူလနေရာ ပြန်သွားဖို့ဆိုရင် ပျမ်းမျှဆိုရင် ၁၇ နှစ်ကြာတယ်။ အမြန်ဆုံးက ၁၀ နှစ်ကြာတယ်။ ဒါပေမယ့် အဲဒီနိုင်ငံတွေမှာ ကျွန်တော်တို့မြန်မာနိုင်ငံလို ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ဒီလောက်မရှိဘူး။ နောက်တစ်ခါ ကျွန်တော်တို့ကြုံနေရတဲ့ ရခိုင်ပြည်နယ်ပြဿနာမျိုး မရှိဘူး။ ဒီ Condition နှစ်ရပ်နဲ့ နှိုင်းယှဉ်လိုက်ရင် အမြန်ဆုံးဆိုတဲ့ နိုင်ငံတွေက ၁၂ နှစ်ပေါ့။ ဒီလို ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခနဲ့ ယှဉ်နေရတဲ့နိုင်ငံဆိုရင် ဘယ်လောက်ထိကြာမယ်ဆိုတာ တွက်လို့ရပါတယ်။

"နောက်တစ်ချက်ကတော့ ဒီနိုင်ငံတွေရဲ့ ကောင်းမွန်သောအုပ်ချုပ်မှုကို ကြည့်လိုက်တဲ့အခါ ပျမ်းမျှ ၃၆ နှစ်ကြာတယ်။ အမြန်ဆုံးဆိုတဲ့ နိုင်ငံက ၁၃ နှစ်ကြာတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ ပတ်သက်လို့ အဂတိလိုက်စားမှု သိသိသာသာလျော့ကျသွားလို့ ကင်းစင်လုနီးပါးအခြေအနေရောက်အောင် ပျမ်းမျှ ဘယ်လောက်ကြာသလဲဆိုရင် ၂၇ နှစ်ကြာတယ်။ အမြန်ဆုံးနိုင်ငံက ၁၆ နှစ်ကြာတယ်။ နောက်တစ်ချက်က တရားဥပဒေစိုးမိုးရေးဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက်လို့ ဒီနိုင်ငံတွေကို ပြန်ပြီးတော့လေ့လာတဲ့အချိန်မှာ ပျမ်းမျှ ၄၁ နှစ်ကြာတယ်။ အမြန်ဆုံးနိုင်ငံက ၁၇ နှစ် ကြာတယ်။

"နောက်တစ်ခါ ၂၀၁၀ ပြည့်နှစ်က လုပ်ခဲ့တဲ့စစ်တမ်းတစ်ခုရှိတယ်။ ဒီစစ်တမ်းက ၁၉၈၅ ခုနှစ်ကနေ ၂၀၀၇ ခုနှစ်အတွင်းမှာ ဒီမိုကရေစီအကူးအပြောင်းဖြစ်ခဲ့တဲ့ နိုင်ငံ ဖြစ်စဉ်စုစုပေါင်း ၁၁၅ ခုကို သူတို့ကလေ့လာတယ်။ နိုင်ငံပေါင်း ၈၆ နိုင်ငံမှာ ဖြစ်ခဲ့တာ ဖြစ်တယ်။ နိုင်ငံပေါင်း ၈၆ နိုင်ငံမှာ အကြိမ်ပေါင်း (၁၁၅)ကြိမ်ဆိုတာ တချို့က အာဏာသိမ်းလိုက် ပြန်သွားလိုက်ဖြစ်တဲ့ ထိုင်းနိုင်ငံလိုမျိုးတွေ ပါတယ်။ အနောက်နိုင်ငံတွေက စံထားတဲ့ ဒီမိုကရေစီခိုင်မာတဲ့အဆင့်ကို ရောက်သွားတာ ဒီ ၈၆ နိုင်ငံမှာ ၁၅ နိုင်ငံပဲ ရောက်တယ်။ ဒီထဲမှာ (၂၇)ကြိမ်က နောက်ကြောင်းပြန်တယ်။ အာဏာသိမ်းမှုတွေ ဖြစ်တယ်။ ဒီမိုကရေစီမအောင်မြင်ဘူးဆိုတဲ့ အကြိမ်က (၂၇)ကြိမ်ရှိတယ်။ အဲဒီလို နောက်ကြောင်းမပြန်ဘူး၊ ဒီမိုကရေစီခိုင်မာတဲ့အဆင့်ကိုလည်း မရောက်ဘဲ ဖြစ်နေတာ နှစ်ပေါင်း ၃၀၊ ၄၀ လောက်ကြာတယ်လို့ သိရတယ်။ ဒေသအလိုက် ပြန်ကြည့်လိုက်ရင် လက်တင်အမေရိကနိုင်ငံတွေမှာ အနောက်နိုင်ငံတွေက စံထားတဲ့ ဒီမိုကရေစီ ခိုင်မာအားကောင်းတဲ့အဆင့်ထိ ဘယ်နိုင်ငံမှ မရောက်ဘူး။ ဆိုလိုတာက ဒီမိုကရေစီကူးပြောင်းရေးအဆင့်မှာပဲ လည်နေတဲ့ အနေအထားရှိတယ်။ ဒီအထဲမှာ အောင်မြင်တယ်၊ အနောက်နိုင်ငံတွေက စံထားတယ်ဆိုတဲ့ နိုင်ငံတွေကြည့်ရင် ဥရောပ နိုင်ငံတချို့ပဲ ပါတယ်။ ဒီဥရောပနိုင်ငံ၊ ဥရောပစံနှုန်းတွေနဲ့ တချို့ပဲ ကူးပြောင်းတဲ့အချိန်မှာ ခိုင်မာတဲ့အဆင့်ကို ရောက်တယ်။

*စာမျက်နှာ ၁၂ သို့*

# အဂတိလိုက်စားမှုကော်မရှင်က သူ့ဥပဒေနဲ့အညီ ဆောင်ရွက်နေတဲ့အတွက် အချိန်တန်ရင် ထုတ်ပြန်ပါလိမ့်မယ်။ အစိုးရက ကော်မရှင်ရဲ့လုပ်ငန်းစဉ်တွေအပေါ်မှာ တစ်စုံတစ်ရာ ပါဝင်ပတ်သက်မှာမဟုတ်

*စာမျက်နှာ ၁၁ မှ*

"မြန်မာနိုင်ငံအနေနဲ့ကျတော့ ကျွန်တော်တို့ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွေကနေ စပြီးကူးပြောင်းတယ်လို့ ဆိုပါစို့။ အခု အရပ်သားအစိုးရတက်လာခါစတော့ ၂၀၁၅ ရွေးကောက်ပွဲအလွန်ပေ့ါ။ အဲဒီအချိန်မှာ ကျွန်တော်တို့ ကူးပြောင်းမှုမှာ စိန်ခေါ်မှုတွေက အများကြီးဖြစ်ပါတယ်။ ဒီလို ဒီမိုကရေစီကူးပြောင်းရေးနိုင်ငံတွေကို ပြန်ကြည့်လိုက်ရင် ဘာတွေရှသလဲဆိုရင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ကျွန်တော်တို့ နိုင်ငံလောက် ကြီးကြီးမားမားမရှိသလို လက်နက်ကိုင်တပ်ဖွဲ့ကလည်း ကျွန်တော်တို့ နိုင်ငံလောက်မရှိဘူး။ အဲဒီအထဲမှာ ကြီးကြီးမားမားပြဿနာက ရခိုင်ပြည်နယ်ပြဿနာပါ။ ဒါက နိုင်ငံတကာမှာ တော်တော်လေးရင်ဆိုင်ရတဲ့ ပြဿနာမျိုး အဲဒီနိုင်ငံတွေမှာ မရှိခဲ့ပါဘူး။ ကျွန်တော်တို့ရဲ့ ကူးပြောင်းမှုက ခက်ခဲတယ်။ ခက်ခဲတဲ့အနေအထားကို ဖြတ်သန်းနေရတယ်ဆိုတာလည်း မှန်တယ်။ အဲဒီအပေါ်မှာလည်း ကမ္ဘာနဲ့ချီပြီးတော့ တချို့ကိစ္စတွေကို ရှင်းလင်းပြောကြားတဲ့အခါမှာ အခက်အခဲတွေရှိသလို မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီကူးပြောင်းရေးအောင်မြင်ရေးကို ဂရုစိုက်အလေးပေးတဲ့နိုင်ငံ ဒီနေ့အချိန်မှာ ဘယ်နှနိုင်ငံ ရှိသေးလဲဆိုတာကို ပြန်ကြည့်ဖို့လိုတယ်။ ဆိုလိုတာက မြန်မာနိုင်ငံ ဒီမိုကရေစီကူးပြောင်းမှုအောင်မြင်ရေးကို အာရုံစိုက်သလား။ ရခိုင်ပြည်နယ်အရေးကိစ္စကို အာရုံစိုက်သလား။ ဒီတိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို အာရုံစိုက်သလား။ ဒီအပေါ်မှာ နိုင်ငံတကာ အာရုံစိုက်မှုတွေက မတူပါဘူး။ အဲဒီလို အလေးထားမှု၊ အာရုံစိုက်မှုမတူသလို ကျွန်တော်တို့ ဖြေရှင်းနေရတဲ့အနေအထားက တစ်ချိန်တည်းမှာပဲ decentralization အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုကိုလည်း သွားနေရတာတွေလည်း ရှိတယ်။ ဒါကြောင့် စစ်တမ်းတွေအရ ပြန်ကြည့်လိုက်ရင် ကမ္ဘာတစ်ဝန်းမှာ ကြုံလေ့ကြုံထရှိတဲ့ ကိစ္စဖြစ်တယ်။ အတတ်နိုင်ဆုံးတော့ မြန်မာ့မော်ဒယ်ပေ့ါ။ ဒါမျိုးဖြစ်အောင်တော့ အစဉ်အဆက်ကြိုးစားသွားဖို့လိုတယ်။ ဒီတော့ လူတွေစံထားတဲ့ လူသားဘဝလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားမျှတရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွေကတော့ ဖြည်းဖြည်းချင်း လုပ်သွားရင်တော့ ကျွန်တော်တို့နိုင်ငံက နောက်လန်ကျမယ့် အထဲမှာတော့ မရှိဘူး၊ ရှေ့ကိုတော့သွားနေတယ်၊ နှေးကောင်းနှေးလိမ့်မယ်၊ နောက်တော့ ပြန်မလှည့်ဘူးဆိုတဲ့ အနေအထားတော့ရှိပါတယ်"ဟု ဖြေကြားသည်။

**အကြံပြုချက်တွေကို တင်ပြဖို့ဖြစ်တယ်**

ရေနံချောင်းမြေနုကျွန်းနှင့်စပ်လျဉ်းသည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးဇော်ဌေးက "မြေနုကျွန်းကိစ္စနဲ့ပတ်သက်ပြီး ဖြစ်စဉ်တွေကိုလည်း ကျွန်တော်တို့မေးပါတယ်။ မကွေးတိုင်းဝန်ကြီးချုပ်က ကော်မတီဖွဲ့ထားတယ်။ တိုင်းဒေသကြီး အလုပ်သမားရေးရာဝန်ကြီးနဲ့ ဌာနဆိုင်ရာ တာဝန်ရှိတဲ့သူတွေဖွဲ့ထားတယ်။ သူတို့တွေက စုံစမ်းစစ်ဆေးမှုတွေလုပ်တယ်။ သူတို့က ဝန်ကြီးချုပ်ဆီကို လာမယ့်တနင်္လာနေ့မှာ report တင်ရမယ်။ တင်တဲ့အခါ သူတို့ရဲ့ အဓိကလုပ်ငန်းတာဝန်က မြေနုကျွန်းနဲ့ ပတ်သက်လို့က မြန်မာနိုင်ငံအလယ်ပိုင်းမှာ ခဏခဏဖြစ်လေ့ဖြစ်ထရှိတဲ့ ကိစ္စတွေရှိတယ်။ အခုဖြစ်သွားတဲ့ကိစ္စမှာ ဘယ်သူတွေက တာဝန်ရှိသလဲ၊ တာဝန်ချို့ယွင်းတာတွေရှိခဲ့သလဲ၊ ဒါတွေကို သူတို့ စစ်ဆေးဖော်ထုတ်မှာဖြစ်တယ်။ နောင်မှာ အလားတူကိစ္စမျိုးတွေ မဖြစ်အောင် ဘယ်လိုတွေဆောင်ရွက်သွားမလဲ၊ ဥပမာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အားနည်းတယ်ဆိုရင် ဌာနကို ဘယ်လိုလုပ်မလဲ၊ ရဲတပ်ဖွဲ့ကအားနည်းရင် ဘယ်လိုလုပ်မလဲဆိုတဲ့ အချက်တွေကို သူတို့က တင်ပြရမှာဖြစ်ပါတယ်။ အခုနောက်ဆုံး လေးယောက်ကို ဖမ်းဆီးပြီး စစ်ဆေးနေတယ်။ စက်လှေမောင်းတစ်ယောက်၊ ကာယကံရှင်အချင်းချင်းတရားစွဲတာ သုံးယောက်ရှိတယ်။ အဲဒီလေးယောက်ကို ရဲစခန်းမှာ ထိန်းသိမ်းပြီးစစ်ဆေးနေတယ်။ ရဲစစ်ဆေးချက်တွေက ဖြစ်သွားတဲ့ ဖြစ်စဉ်အပေါ်မှာ ဥပဒေကြောင်းအရ အရေးယူမယ်။ စုံစမ်းစစ်ဆေးရေးကော်မတီက လုပ်မှာက ဒီဖြစ်စဉ်မှာ ဘာတွေအားနည်းချက်ရှိတယ်။ တာဝန်ပျက်ကွက်သူက ဘယ်သူရှိသလဲ၊ နောင်မှာ ဒါမျိုးမဖြစ်အောင် ဘယ်လိုလုပ်ကြမလဲဆိုတဲ့ အကြံပြုချက်တွေကို တင်ပြဖို့ဖြစ်တယ်"ဟု ပြောကြားသည်။

**NVC ကတ် ကိုင်ဆောင်ခြင်းရဲ့အကျိုးကျေးဇူး**

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံခရီးစဉ်ဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူသွားတယ်။ ကိုးဦးပါတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့၊ နောက်တစ်ခုက အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ AHA Centre က ကိုယ်စားလှယ်တွေပါတယ်။ ဒီအဖွဲ့ဝင်တွေနဲ့အတူ ဘင်္ဂလားဒေ့ရှ်ကို ဇူလိုင်လ ၂၇ မှ ၂၉ ရက်အထိ သွားရောက်ခဲ့တာဖြစ်ပါတယ်။ သွားတဲ့အချိန်မှာ ကော့စ်ဘဇား ဒုက္ခသည်စခန်းမှာ နေရပ်စွန့်ခွာသူ ၅၀ ခန့်လောက်နဲ့တွေ့တယ်။ အဆောက်အဦတွေကို ဘယ်လိုလုပ်ထားတယ်၊ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အဆင့်ဆင့်၊ သူတို့တွေအတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ NVC ကတ် ကိုင်ဆောင်ခြင်းရဲ့ အကျိုးကျေးဇူး၊ နိုင်ငံသားဖြစ်မှုဆိုရင် ဘယ်လိုလုပ်ရတယ်၊ ဒါတွေကို ကျွန်တော်တို့ စီစဉ်ထားတဲ့ အရာတွေကို အသိပေးရှင်းလင်းခဲ့တာ ဖြစ်ပါတယ်။

**ကနဦးလုပ်ငန်းစဉ်အတွက် လူဦးရေစစ်တမ်းတွေကောက်**

တစ်ချိန်တည်းမှာ ဒီခရီးစဉ်ရဲ့ထူးခြားချက်က အာဆီယံက ကိုယ်စားလှယ်အဖွဲ့ကလည်း ကနဦးလုပ်ငန်းစဉ်အတွက် လူဦးရေစစ်တမ်းတွေ ကောက်ပါတယ်။ စစ်တမ်းကောက်တဲ့အပေါ်မှာ ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေ ရွေးချယ်တာရှိပါတယ်။ ဒီလုပ်ငန်းစဉ်ကိုလည်း ကျွန်တော်တို့ ရှင်းလင်းပြောကြားတယ်။ အဲဒီမှာ ဦးမြင့်သူနဲ့အဖွဲ့က မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာနဲ့ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ဆိုင်ရာ Fact Sheet ဆိုတာကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြုစုပေးတာ ဖြစ်ပါတယ်။

ဒ့ါအပြင် အလွယ်တကူသိရှိနိုင်အောင် Fact Sheet လက်ကမ်းစာစောင်တွေ ကျွန်တော်တို့ပေးတယ်။ နောက်တစ်ချက်က မြန်မာနိုင်ငံဘက်က ဦးမြင့်သူဦးဆောင်တယ်၊ ဟိုဘက်က DG ဦးဆောင်တယ်။ ဒီအဖွဲ့တွေက နှစ်နိုင်ငံအစည်းအဝေးလုပ်ပါတယ်။ ရှေ့ဆက်ပြီး ဘယ်လိုလုပ်မယ်ဆိုတဲ့အရာတွေ ဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့အခါမှာလည်း ကျွန်တော်တို့ အဓိကအားဖြင့် 1982 Law, Citizinship Law အရ ပြုနိုင်ငံသား၊ နှစ်နိုင်ငံသဘောတူညီချက်နဲ့ ဘယ်လိုလုပ်လို့ရတယ်ဆိုတာကို သူတို့ကိုယ်တိုင် စဉ်းစားဆုံးဖြတ်ဖို့ မှာကြားခဲ့တာ ဖြစ်တယ်။

**နေရပ်စွန့်ခွာသွားကြတဲ့လူတွေ ပြန်လာဖို့ အခြေအနေတွေရှင်းပြ**

နောက်တစ်ချက်က သူတို့ပြန်လာတဲ့အခါမှာ UNDP ၊ UNHCR နဲ့ MoU လက်မှတ်ထိုးထားတဲ့ သုံးဦးသုံးဖလှယ် ဆောင်ရွက်တဲ့ကိစ္စတွေကိုလည်း UN ကလုပ်နေတာတွေရှိပါတယ်။ ဒါတွေကိုလည်း အသိပေးပြောကြားပါတယ်။ နောက်တစ်ချက်က ဟိန္ဒူဘာသာဝင် ကိုယ်စားလှယ် ၁၀ ဦး၊ ခရစ်ယာန်ဘာသာဝင် ကိုယ်စားလှယ်လေးဦးကိုလည်း တွေ့ပါတယ်။ တွေ့တဲ့အချိန်မှာလည်း မြန်မာနိုင်ငံမှာ ရခိုင်ပြည်နယ်ကနေ နေရပ်စွန့်ခွာသွားကြတဲ့လူတွေ ပြန်လာဖို့အတွက် ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ အခြေအနေတွေ ရှင်းပြပါတယ်။ အဲဒီခရီးစဉ်မှာ ဦးမြင့်သူကို ၂၀၅၄၇ ယောက်ရဲ့ အချက်အလက်တွေကို ပေးလိုက်ပါတယ်။ ပထမဆုံးအကြိမ် ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနဲ့ကြားမှာ ပြန်လည်လက်ခံဖို့ဆိုပြီး သူတို့ပေးတာက ၈၀၃၂ ယောက်ရှိတယ်။ ဒုတိယအကြိမ်မှာ ၂၂၄၃၂ ယောက်ရှိတယ်။ အားလုံးပေါင်းလိုက်ရင် ၅၀၀၀၀ ကျော်ရတယ်။ ဒီစာရင်းကျွန်တော်တို့ဆီမှာ ရှိပါတယ်။ အဲဒီစာရင်းမှာ ပြန်ကြည့်လိုက်တော့ အထူးသဖြင့် ဓာတ်ပုံတွေက ကာလာနဲ့ မဟုတ်ဘူး။ အဖြူနဲ့အမည်းပုံစံတွေ ဖြစ်နေတယ်။ သတ်မှတ်ထားတဲ့ပုံစံနဲ့မဟုတ်တဲ့အတွက် ဦးမြင့်သူက Soft Copy ပို့ပေးဖို့ သူတို့ကို ပြောခဲ့ပါတယ်။ ကျွန်တော်တို့ဘက်ကတော့ နှစ်နိုင်ငံ သဘောတူညီချက်နဲ့အညီ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလကစပြီး အသင့်ပြင်ခဲ့တာ ဖြစ်ပါတယ်။

ဦးမြင့်သူရဲ့နောက်ဆုံးသွားရောက်ခဲ့တဲ့ ခရီးစဉ်က အာဆီယံက ကိုယ်စားလှယ်တွေလည်းပါတယ်။ ဒုက္ခသည်တွေကိုလည်း ရှင်းလင်းပြောကြားမှုတွေ လုပ်နိုင်ခဲ့တယ်။ ပြောရင် ဒီခရီးစဉ်က တိုးတက်မှုရတဲ့၊ တိုးတက်မှုရှိတဲ့ ခရီးစဉ်လို့ ဆိုနိုင်ပါတယ်" ဟု ရှင်းလင်းသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ပြည်တွင်း ပြည်ပသတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**သတင်းစဉ်**

## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)တွင် စာပေဟောပြောပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂**

ကျောင်းသူ ကျောင်းသားများ ဗဟုသုတရရှိစေရေး၊ ကိုယ်ရည်ကိုယ်သွေးမြင့်မားစေရေးတို့အတွက် ရည်ရွယ်၍ Personal and professional development(ppd) ဖြင့် စာပေဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်) ရွှေရတုခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် စာရေးဆရာ ညီမင်းညိုက "ရသနှလုံးသားရသကမ္ဘာ" ခေါင်းစဉ်၊ ဆရာမ ခင်သန္တာက "လူငယ်များနှင့်စကားစမြည်" ခေါင်းစဉ်တို့ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှ ယူ-၂၃ ဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲများ ထွက်ပေါ်

**ရန်ကုန် ဩဂုတ် ၂**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၉ အာရှ ယူ-၂၃ ဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲများ ထွက်ပေါ်လာပြီဖြစ်ပြီး မြန်မာအသင်းသည် ဟောင်ကောင်အသင်းနှင့် အုပ်စုအဖွင့်ပွဲ စတင်ကစားရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဩဂုတ် ၃ ရက်မှ ၁၁ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းအပါအဝင် အသင်း ၁၆ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် မြန်မာ၊ သီရိလင်္ကာ၊ ဩစတြေးလျ၊ ဟောင်ကောင်၊ အုပ်စု (ခ) တွင် ဂျပန်၊ ကာဇက်စတန်၊ ဆော်ဒီအာရေဗျ၊ ဗီယက်နမ်၊ အုပ်စု (ဂ) တွင် တရုတ်(တိုင်ပေ)၊ ပါကစ္စတန်၊ ကာတာ၊ ဘာရိန်း၊ အုပ်စု (ဃ)တွင် ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ နယူးဇီလန်အသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် ဟောင်ကောင်အသင်းနှင့် အဖွင့်ပွဲယှဉ်ပြိုင်ပြီးပါက ဩဂုတ် ၄ ရက်တွင် သီရိလင်္ကာအသင်း၊ ဩဂုတ် ၅ ရက်တွင် ဩစတြေးလျအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စုပွဲများကို ဩဂုတ် ၃ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပထမနေ့အဖြစ် ယနေ့ နံနက် ၁၁ နာရီတွင် မြန်မာအသင်းနှင့် ဟောင်ကောင်အသင်း၊ ကာဇက်စတန်အသင်းနှင့် ဗီယက်နမ်အသင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် ဘာရိန်းအသင်းနှင့် တရုတ်(တိုင်ပေ)အသင်း၊ နယူးဇီလန်အသင်းနှင့် ထိုင်းအသင်း၊ ညနေ ၄ နာရီတွင် ဆော်ဒီအာရေဗျအသင်းနှင့် ဂျပန်အသင်း၊ ကာတာအသင်းနှင့် ပါကစ္စတန်အသင်း၊ ညနေ ၆ နာရီခွဲတွင် ဩစတြေးလျအသင်းနှင့် သီရိလင်္ကာအသင်း၊ တရုတ်အသင်းနှင့် အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၂၃ ဘော်လီဘောအသင်းကို လက်ရွေးစင်အသင်းအတွက် ကာလတိုခေါ်ယူထားသည့် အမေရိကန်နိုင်ငံသားက နည်းပြချုပ်အဖြစ် ကိုင်တွယ်နေပြီး လက်ရွေးစင်ကစားသမား အချို့လည်း ပါဝင်လာသည်။

ပြိုင်ပွဲဝင် မြန်မာ ယူ-၂၃ ဘော်လီဘောအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးမျိုးဝဏ္ဏထွန်း၊ နည်းပြချုပ်အဖြစ် ဂျေဗန်ဗာ့ခ် (အမေရိကန်)၊ လက်ထောက်နည်းပြအဖြစ် ဦးကျော်စွာဝင်း၊ ဦးစိုင်းညီလေး၊ ဦးဖြိုးဝေအောင်၊ ကစားသမားများအဖြစ် ရထိုက်ဝေ၊ ဇော်ထက်အောင်၊ သော်တာလင်း၊ ဇော်လွင်ထွန်း၊ အောင်ဖြိုး၊ ခိုင်ထက်ထွန်း၊ စောနီရိုး၊ လှိုင်ဝေကျော်၊ ထက်လင်းအောင်၊ မျိုးထက်ဦး၊ ကျော်မင်းလှိုင်နှင့် ကောင်းမြတ်သူတို့ ပါဝင်ကြသည်။

အာရှဘော်လီဘောအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ၂၀၁၅ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး နှစ်နှစ်တစ်ကြိမ် ကျင်းပလျက်ရှိကာ ယခုပြိုင်ပွဲမှာ တတိယအကြိမ် ကျင်းပခြင်းလည်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲကို ၂၀၁၅ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ဒုတိယအကြိမ် လက်ခံကျင်းပခြင်းဖြစ်သည်။ **ညီမြတ်သော်တာ**




## မကွေးပြည်သူ့ဆေးရုံကြီး၌ အသည်းရောင်အသားဝါ (စီ)ပိုး ကုသရေးစင်တာဖွင့်လှစ်ပြီး ရောဂါရှင်များအား အခမဲ့ကုသပေးမည်

**မကွေး ဩဂုတ် ၂**

မြန်မာနိုင်ငံ၏ ၁၀ ခုမြောက်ဖြစ်လာမည့် အသည်းရောင်အသားဝါ(စီ)ပိုး ကုသရေးစင်တာကို မကွေးပြည်သူ့ဆေးရုံကြီး၌ ဩဂုတ်လအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး ရောဂါရှင်များအား အခမဲ့ကုသပေးသွားမည်ဖြစ်ကြောင်း အမျိုးသား အသည်းရောင်အသားဝါ ရောဂါကာကွယ်ထိန်းချုပ်ရေး စီမံချက်မန်နေဂျာ ဒေါက်တာခင်စန္ဒာအောင်ထံမှ သိရသည်။

မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါ(စီ)ပိုးအခမဲ့ ကုသရေးစင်တာများကို ၂၀၁၇ ခုနှစ်မှ စတင်ကာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ ဆေးရုံကြီးများတွင် စတင်လုပ်ဆောင်ခဲ့ပြီး ၂၀၁၈ ခုနှစ်၌ မြစ်ကြီးနားနှင့် မော်လမြိုင်ဆေးရုံများတွင် ထပ်မံဖွင့်လှစ်ခဲ့ပြီးနောက် မကွေးမြို့ပြည်သူ့ဆေးရုံကြီး၌ ဖွင့်လှစ်မည့်စင်တာမှာ မြန်မာနိုင်ငံ၏ ၁၀ ခုမြောက် အသည်းရောင်အသားဝါ(စီ)ပိုး အခမဲ့ကုသရေးစင်တာ ဖြစ်လာတော့မည်ဖြစ်သည်။

"မကွေးပြည်သူ့ဆေးရုံကြီးမှာ ကုသမှုစင်တာတစ်ခုအနေနဲ့ အသစ်တိုးချဲ့ဖို့ရှိတယ်။ မနက်ဖြန်ကစပြီး သင်တန်းတွေစမယ်။ ဆေးဝါးပို့ဆောင်ရေးအတွက် ဆောင်ရွက်နေပြီ။ ဓာတ်ခွဲပစ္စည်းတွေ တချို့တလေပို့ပြီးပြီ။ ဒီနှစ်အတွက် မျှော်မှန်းချက်ကတော့ လူဦးရေ ၂၀၀ နဲ့ ၂၅၀ ကြားမှာ ပထမဆုံးအနေနဲ့ ကုသနိုင်လိမ့်မယ်" ဟု ဒေါက်တာခင်စန္ဒာအောင်က ပြောကြားသည်။

အသည်းရောင်အသားဝါရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာ တစ်ရပ်အဖြစ်မှ ၂၀၃၀ ပြည့်နှစ် နောက်ဆုံးထား၍ ဖယ်ထုတ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လုပ်ဆောင်နေပြီး မြန်မာနိုင်ငံမှလည်း ပူးပေါင်းပါဝင်လျက်ရှိကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ခုနှစ်၌ မြန်မာနိုင်ငံအတွင်း အသည်းရောင်အသားဝါရောဂါဖြစ်ပွားမှုကို စစ်တမ်းကောက်ယူရန် အစီအစဉ်ရှိကြောင်း ၎င်းကပြောသည်။

"ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ရဲ့စီမံချက်နဲ့ အသည်းရောင်အသားဝါ (စီ)ပိုး ကုသဖို့အတွက် ပရောဂျက်မှာ မကွေးတိုင်းဒေသကြီးက ပါဝင်ခွင့်ရရှိခဲ့ပါတယ်။ ဒါကြောင့်မို့ (စီ) ပိုးရှိသူတွေဟာ မကွေးပြည်သူ့ဆေးရုံကြီးမှာ အခမဲ့ကုသခွင့်ရပါတော့မယ်။ လူနာတွေအတွက် ကုန်ကျစရိတ်တွေ အများကြီးသက်သာသွားပါမယ်။ ကုသခွင့်ရပြီဆိုရင် တခြားလူကိုလည်း မကူးစက်နိုင်တော့ဘူး"ဟု ဆေးတက္ကသိုလ်(မကွေး)ဆေးပညာဌာန ပါမောက္ခဒေါက်တာသင်းသင်းနွဲ့က ရှင်းပြသည်။

၂၀၁၅ ခုနှစ်က စစ်တမ်းများအရ အသည်းရောင်အသားဝါရောဂါ(ဘီ)ပိုးဖြစ်ပွားသူများမှာ မြန်မာနိုင်ငံလူဦးရေ၏ ၆ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး ယင်းရောဂါအတွက် ကာကွယ်ဆေးထိုးပြီး ကာကွယ်နိုင်ကြောင်း၊ (စီ)ပိုးရောဂါဖြစ်ပွားသူမှာ နိုင်ငံ့လူဦးရေ၏ ၂ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး ယင်းရောဂါအတွက် ကာကွယ်ဆေးမရှိသော်လည်း ပျောက်ကင်းအောင်ကုသ၍ရကြောင်း ကမ္ဘာ့အသည်းရောင်အသားဝါတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

**ဇေယျာတု(မကွေး)**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း အဆင်းတွင် လေယာဉ်ရှေ့ဘီးကျိုးမှုဖြစ်ပွား၊ ခရီးသည်များ တစ်စုံတစ်ရာထိခိုက်မှုမရှိ

မြစ်ကြီးနား- မန္တလေး- ရန်ကုန် ခရီးစဉ်ပြေးဆွဲသည့် Golden Myanmar Airline ပိုင် XY-AJM လေယာဉ်သည် ယနေ့ညနေ ၄ နာရီ မိနစ် ၄၀က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ဆင်းသက်စဉ် ပြေးလမ်းပေ ၄၀၀၀ အရောက် လေယာဉ်မီးသတ်ရုံရှေ့အနီး၌ လေယာဉ်ရှေ့ဘီးမှာ တာယာ ခေါက်သွား၍ အပေါ်သို့ပြန်ခုန်တက်သွားပြီး ပြန်အကျတွင် လေယာဉ်ရှေ့ဘီးကျိုးသွားသဖြင့် ခရီးသည်များအား အရေးပေါ်ကယ်ဆယ်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရသည်။ ယင်းဖြစ်စဉ်ကြောင့် လေယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် ၇၂ ဦးစလုံး ထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာမရရှိကြောင်း သိရသည်။

"လေဆိပ်ကို ဆင်းတဲ့အချိန်မှာ လေနည်းနည်း တိုက်ပြီး Nose Wheel ကျိုးသွားတာပါ။ လေယာဉ်က ပြေးလမ်းကို ဆင်းပြီးမှဖြစ်တာ။ အဲဒီလေယာဉ်က ပြေးလမ်းမှာ ပိတ်နေတဲ့ အတွက် လေယာဉ်ကိုဆွဲဖို့ လေဆိပ်ကို သုံးနာရီလောက် ပိတ်ထားခဲ့ရတယ်။ ဒီမတော်တဆမှုမှာ ခရီးသည်တွေ ရော၊ ဝန်ထမ်းတွေပါ ဘာမှမဖြစ်ပါဘူး" ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အောင်က ပြောသည်။

ယင်းလေယာဉ်ခရီးစဉ်တွင် လိုက်ပါလာသည့် ခရီးသည် တစ်ဦးက "လေယာဉ်က လေဆိပ်ကိုဆင်းမယ်လို့ ကြေညာပြီး တော့ တော်တော်နဲ့ မဆင်းနိုင်ဘူး။ ရာသီဥတုကလည်း နည်းနည်းကြမ်းတယ်။ နောက်လေယာဉ်မယ်တွေက ဆင်းမယ် ဆိုပြီး ခါးပတ်တွေသေချာပတ်ခိုင်းထားတယ်။ လေယာဉ်ဆင်း တော့ နောက်ဘီးကအရင်ထိပြီး ရှေ့ဘီးထိတာကျတော့ နည်းနည်းကြမ်းပြီး ခုန်သွားတယ်။ ခရီးသည်တွေလည်းလန့်ပြီး အသံတွေ ထွက်လာကြတယ်။ ပြီးတော့ လေယာဉ်က အနည်း ငယ်စောင်းပြီး ရပ်သွားတယ်။ ပိုင်းလော့ကရှေ့ဘီးကျိုးသွား လားမသိဘူးလို့ပြောပြီး ဆင်းကြည့်ကြတယ်။ အဲဒီအချိန်မှာ မီးသတ်ကား တွေ ရောက်လာတယ်။ ကားနဲ့ခရီးသည်တွေကို လာခေါ်ပြီး လေဆိပ်ကို ပို့ပေးခဲ့ပါတယ်။ ထိခိုက်မိတာတော့ မရှိပါဘူး"ဟု ပြောသည်။

ယင်းဖြစ်စဉ်ကြောင့် လေဆိပ်သို့ လေယာဉ်ဆင်းသက်မှု များကို ခေတ္တရပ်နားခဲ့ရပြီး အဆိုပါ လေယာဉ်ကို ညနေ ၆နာရီ ၂၅ မိနစ်တွင် ပြေးလမ်းပေါ်မှဖယ်ရှားနိုင်ခဲ့ကြောင်း၊ အခြား လေကြောင်းလိုင်းမှလေယာဉ်များ ပြန်လည်ဆင်းသက်နိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ထိခိုက်ပျက်စီးသွားသည့်လေယာဉ်အား ရွှေ့ပြောင်းနေစဉ်။

အဆိုပါနေရာသို့ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အောင်၊ အထွေထွေမန်နေဂျာ ဦးစိုးပိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ရာ ယနေ့ညနေ ၆ နာရီခွဲ တွင် လေဆိပ်ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး လေယာဉ်များ ပုံမှန် ဆင်းသက်နိုင်ပြီဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အထွေထွေမန်နေဂျာ ဦးစိုးပိုင်ထံမှ သိရသည်။

**ဝန်းရံခါ၊ တင်စိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သန်းထိုက်**

## မြန်မာ့ရုပ်မြင်သံကြား

**၃-၈-၂၀၁၉ (စနေနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၁၀း၃၀ - မြေပြိုမှုဖြစ်ပေါ်နေချိန်တွင် ပြုလုပ်ရန်အချက်များ
- ၁၀း၄၅ - " SMM 3rd Asian"Asia World Foundation "Men's U 23 Volleyball Championship " (Live Broadcast) (မြန်မာနှင့် ဟောင်ကောင်)
- ၁၃း၀၅ - မြန်မာဇာတ်လမ်းတွဲ "ရင်တွင်းရေးပြဿနာ" (အပိုင်း-၆)
- ၁၃း၄၀ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအလွဲသုံးစား ပြုခြင်းအား ကျူးလွန်ရန် တွန်းအားပေးသည့်အချက် များ

**ညပိုင်း**

- ၁၅း၁၅ - " MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် " (Hantharwady United FC Vs Sagaing United FC)
- ၁၈း၃၀ - Tasty Trip
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ရာဇဝင်ထဲက သမိုင်းအနုပညာ "ရတနာပုံနန်းမြို့ မတည်မီကတည်းက တည်ရှိခဲ့သော ဘုရားများ" (ချမ်းသာကြီးဘုရား)
- - " SMM 3rd Asian" Asia World Foundation "Men's U23 Volleyball Championship ပြိုင်ပွဲအစီအစဉ် "

## ပြည်ကြီးတံခွန်မြို့နယ်တွင် ဆိုင်ကယ်ဂိုဒေါင် မီးလောင်မှုဖြစ်

**ပြည်ကြီးတံခွန် ဩဂုတ် ၂**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (ဂ) ရပ်ကွက် ဇော်ဂျီလမ်း ၇၀လမ်းနှင့် ၇၁ လမ်းကြားတွင် ဩဂုတ် ၂ ရက် နံနက် ၁၁ နာရီခန့်က ဆိုင်ကယ်ဂိုဒေါင်အတွင်း သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာ ကြိုးအပူလွန်ကဲရာမှအနီးရှိ ဂျပ်ဖာများသို့ မီးကူးစက်ကာ မီးလောင်မှုဖြစ်ကြောင်း သိရသည်။

မီးလောင်ရာသို့ အုပ်ချုပ်မှုယာဉ် သုံးစီး၊ မီးငြှိမ်းသတ်ယာဉ် ၃၀၊ အထောက် အကူပြုယာဉ် ခုနစ်စီး၊ မီးသတ်တပ်ဖွဲ့ ဝင်များနှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်ရာ နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ဂိုဒေါင် အဆောက်အအုံနှစ်လုံး၊ ဆိုင်ကယ် အစီး ၅၀၊ သုံးဘီးဆိုင်ကယ်ငါးစီးနှင့် အပိုပစ္စည်း များ မီးလောင်ဆုံးရှုံးခဲ့သဖြင့် ဆိုင်ကယ် ပြုပြင်ရေးတာဝန်ခံ တရုတ်နိုင်ငံ ချုံချင်း မြို့နေသူ ကျန်းကျွင်းအား ပြည်ကြီးတံခွန် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



မီးလောင်မှုဖြစ်သည့်ဆိုင်ကယ်ဂိုဒေါင်အား မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းမီးငြှိမ်းသတ်ကြစဉ်။

## မြောက်ဥက္ကလာပမြို့နယ်တွင် ဝိုင်ယာကြိုးအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

**မြောက်ဥက္ကလာပ ဩဂုတ် ၂**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ် ရွှေပေါက်ကံမြို့သစ် ခရေလမ်း စက်မှုဇုန်မြို့သစ်ရှိ ဇာမဏီပလတ်စတစ် အိတ်ပါးစက်ရုံတွင် ယနေ့နံနက် ၁ နာရီ ၂၅ မိနစ်က ဝိုင်ယာကြိုး အပူလွန်ကဲ၍ အောက်ရှိကော်စေ့အိတ်ပေါ်သို့ မီးပွား ကျရာမှ မီးလောင်မှုဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် စက်ရုံ ဂိုဒေါင်အဆောက်အအုံနှင့် ကော်စေ့၊ လူမနေသည့် ဂိုဒေါင်အဆောက်အအုံတို့ မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရ သည်။

မီးလောင်ရာသို့ မြောက်ဥက္ကလာပ မြို့နယ်မီးသတ်ဦးစီးမှူး ဦးပြည့်စုံ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးထွန်းလှိုင်နှင့် တာဝန်ရှိသူများက မီးသတ်ယာဉ် ၂၃ စီး၊ ရေသယ်ယာဉ် ၁၈ စီး၊ အထောက်အကူပြု ယာဉ်ငါးစီးဖြင့် Level-2 အဆင့်မီးငြှိမ်း သတ်ခဲ့ရာ ယနေ့နံနက် ၁ နာရီ မိနစ် ၅၀ တွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။ မီးလောင် မှုနှင့် ပတ်သက်၍ ဇာမဏီစက်ရုံမန်နေ ဂျာအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လှည်းကူးမြို့နယ်၌ တောဆင်ရိုင်းနှစ်ကောင် တွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၃/၃)၏ အနောက်ဘက် ကိုက် ၃၀၀ ခန့်အကွာရှိ ကိုင်းတော၌ ဩဂုတ် ၁ ရက် နံနက် ၇ နာရီက တောဆင်ရိုင်းနှစ်ကောင် ရောက်ရှိနေသဖြင့် အမှတ်(၁)သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ တောအုပ် ဦးဝင်းညွှန့်တို့ ပူးပေါင်းအဖွဲ့က တောအတွင်းသို့ ပြန်လည်ဝင်ရောက်ရေး ခြောက် လှန့်မောင်းထုတ်သော်လည်း ထွက်ခွာခြင်းမရှိဘဲ ကိုင်းတောအတွင်းသာ ကျက်စားလျက်ရှိသည်။

အဆိုပါ တောဆင်ရိုင်းများကို ယနေ့တွင် ကွန်ဂျီဆင်များဖြင့် ပြန်လည် မောင်းထုတ်ရန် စီစဉ်ထားကြောင်းနှင့် တောဆင်ရိုင်းနှစ်ကောင် ရောက်ရှိနေမှုကို ပတ်ဝန်းကျင်ကျေးရွာများအား အသိပေးထားပြီး ဆင်မုဆိုးများ၏ ပစ်ခတ်သတ်ဖြတ်မှုမခံရရေး ပူးပေါင်းစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## တန့်ယန်း၊ လားရှိုးနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂**

မူးယစ်တပ်ဖွဲ့စု(၂၃)တန့်ယန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းက တန့်ယန်းမြို့ တန့်ယန်း-ပန်ဆန်းကားလမ်း၊ နမ့်ပါတက်တံတား အနီးတွင် စိုင်းအောင်ထွန်း မောင်းနှင်လာသည့် ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ခရီးသည် ဒေါ်အေးဆိ(ခ)အေးအိ ယူဆောင်လာသည့်ကော်ပုံးအတွင်းမှ ဘိန်းစိမ်း ၁၂ ကီလိုကို လည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီက မူးယစ်တပ်ဖွဲ့စု(၂၄)မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် လားရှိုးမြို့မန်ဆူကားလေးဝင်း၊ ခရီးသည်တင်ယာဉ်ဂိတ်တွင် မသက်ဖွယ် ဆာလာအိတ်တစ်လုံး အပ်နှံခဲ့ကြောင်းသတင်းအရ စစ်ဆေးရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၄၁၄၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မွန်းလွဲ ၃ နာရီခွဲတွင် ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ဝမ်ပုံ(အာခါ)ကျေးရွာနေ ယာဆန်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဝါးခယ်မမြို့နယ်၌ စက်လှေနှစ်စင်းတိုက်မိပြီး တစ်ဦးပျောက်ဆုံးနေ

**နေပြည်တော် ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် တုံးလုံချောင်းကျေးရွာ သဘော့ချောင်းတွင် ယမန်နေ့ ညနေ ၄ နာရီခွဲက အဆိုပါကျေးရွာနေ စိုးသိန်း(၂၄)နှစ် မောင်းနှင်ပြီး ၎င်း၏ ဦးလေးဖြစ်သူ ဦးဝင်းမောင် လိုက်ပါလာသော စက်လှေနှင့် မျက်နှာချင်းဆိုင်မှ တစ်ရွာ တည်းနေ မပန်းအိဖြူ(၁၅နှစ်) မောင်းနှင်ပြီး ၎င်း၏မိခင်ဖြစ်သူ ဒေါ်သီတာ လိုက်ပါ လာသည့် စက်လှေတို့ တိုက်မိခဲ့သည်။

စက်လှေတိုက်မိမှုကြောင့် မပန်းအိဖြူနှင့်ဒေါ်သီတာတို့မှာ ရေထဲသို့ပြုတ်ကျခဲ့ရာ ဒေါ်သီတာအား ပြန်လည်ဆယ်ယူရရှိခဲ့သော်လည်း မပန်းအိဖြူမှာ ရေနစ်ပျောက်ဆုံး နေသဖြင့် လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စက်လှေမောင်းသူများဖြစ်ကြသည့် စိုးသိန်းနှင့် မပန်းအိဖြူ တို့ကို ကျုံမငေးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# တရုတ်နိုင်ငံမှ တင်ပို့ကုန်များကို နောက်ထပ်အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံဖိုး အခွန်တိုးကောက်မည်ဟု အမေရိကန်ကြေညာ




အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ

**ဝါရှင်တန် ဩဂုတ် ၂**

တရုတ်နိုင်ငံအပေါ် ပြစ်ဒဏ်ပေးသည့် အခွန်တိုးကောက်ခံမှုအနေဖြင့် တရုတ်တင်ပို့ကုန်များကို နောက်ထပ် အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံဖိုး အခွန်တိုးမြှင့် ကောက်ခံသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဩဂုတ် ၁ ရက်တွင် ကြေညာလိုက်ကြောင်း သိရသည်။

အမေရိကန်၏ ထိုသို့လုပ်ဆောင်မှုက ကုန်သွယ်ရေးစစ်ပွဲအတွက် မှားယွင်းသောနည်းလမ်းဖြစ်ကြောင်း တရုတ်နိုင်ငံက သတိပေးခဲ့သည်။

တင်ပို့ကုန်များအပေါ် အမေရိကန်ဒေါ်လာ ၂၅၀ ဘီလီယံတန်ဖိုးခန့်ရှိ တင်ပို့ကုန်များအပေါ် ၂၅ ရာခိုင်နှုန်း အခွန်တိုးမြှင့်ကောက်ခံမှု စတင်လုပ်ဆောင်နေပြီဖြစ်သည့်အပြင် ၁၀ ရာခိုင်နှုန်း အခွန်တိုးကောက်ခံမှုမှာလည်း စက်တင်ဘာ ၁ ရက်တွင် စတင်အသက်ဝင်လာတော့မည်ဖြစ်သည်။

၁၀ ရာခိုင်နှုန်း အခွန်တိုးကောက်ခံမှုသည် ကာလတိုအတွက်ဖြစ်ပြီး ၎င်းအနေဖြင့် အခွန်တိုးကောက်ခံမှုကို လိုအပ်သလို အလျော့အတင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သမ္မတထရမ့်က အိမ်ဖြူတော်၌ ပြောကြားခဲ့သည်။

ယခုရက်သတ္တပတ်အတွင်း အမေရိကန်နှင့် တရုတ်ခေါင်းဆောင်နှစ်ဦးတို့ ရှန်ဟိုင်း၌ မျက်နှာချင်းဆိုင် တွေ့ဆုံ ဆွေးနွေးခဲ့ကြပြီးနောက် ကုန်သွယ်ရေးဆိုင်ရာ နောက်အကျော့ ဆွေးနွေးပွဲများကို လာမည့်စက်တင်ဘာလ အစောပိုင်းတွင် ထပ်မံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခွန်တိုးမြှင့်ကောက်ခံမှုများ လုပ်ဆောင်နေခြင်းသည် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပွတ်တိုက်မှုများကို ဖြေရှင်းနိုင်မည့် မှန်ကန်သည့်နည်းလမ်းမဟုတ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ဗန်ကောက်၌ ကျင်းပသည့် အာဆီယံဒေသအတွင်း အစည်းအဝေးပြင်ပ၌ ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## ဆော်ဒီ၌ အမျိုးသမီးများအား ပြည်ပသို့ လွတ်လပ်စွာ ခရီးသွားလာခွင့်ပြု

**ရီယာ့ဒ် ဩဂုတ် ၂**

ဆော်ဒီအာရေဗျနိုင်ငံ၌ အမျိုးသမီးများသည် အိမ်ထောင်ဖက်၏ ခွင့်ပြုချက်တောင်းခံရန် မလိုအပ်ဘဲ ပြည်ပသို့ လွတ်လပ်စွာသွားလာနိုင်ပြီဖြစ်ကြောင်း တော်ဝင်အမိန့် ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ဩဂုတ် ၂ ရက်တွင် ကြေညာလိုက်သည့် ဥပဒေသစ်အရ အသက် ၂၁ နှစ်ပြည့်ပြီးသူ အမျိုးသမီးတိုင်းသည် ၎င်းတို့၏ အိမ်ထောင်ဖက် အမျိုးသားထံမှ ခွင့်ပြုချက်မလိုဘဲ နိုင်ငံကူးလက်မှတ် လျှောက်ထားနိုင်ခွင့်ရှိကြောင်း သိရသည်။ ဆယ်ကျော်သက်များ အားလုံး နိုင်ငံကူးလက်မှတ် လျှောက်ထားနိုင်ပြီး လွတ်လပ်စွာ ခရီးသွားလာခွင့်ရှိပြီဖြစ်ပြီး အမျိုးသမီးများကို အမျိုးသားများနှင့် တန်းတူအခွင့်အရေး ပေးအပ်လိုက်သည့် ထုတ်ပြန်ချက် ဖြစ်သည်ဟု ဆိုသည်။

တော်ဝင်အမိန့်၌ အမျိုးသမီးများအား ကလေးမွေးဖွားခွင့်၊ လက်ထပ်ခွင့်နှင့် ကွာရှင်းခွင့်တို့အတွက် မှတ်ပုံတင်ခွင့်ကိုလည်း ခွင့်ပြုလိုက်ကြောင်း သိရသည်။ ထို့အပြင် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ချဲ့ထွင်ပေးသည့် အလုပ်အကိုင်ခန့်ထားမှုဆိုင်ရာ စည်းမျဉ်းများလည်း တော်ဝင်အမိန့်ထုတ်ပြန်ချက်တွင် ပါဝင်ကြောင်း သိရသည်။

အဆိုပါဥပဒေအရ နိုင်ငံသားအားလုံးသည် လိင်ပိုင်းဆိုင်ရာ ခွဲခြားဆက်ဆံမှုများမခံရဘဲ အလုပ်လုပ်ကိုင်ခွင့် ရရှိမည်ဖြစ်သည်ဟု ဆိုသည်။ ဆော်ဒီအမျိုးသမီးများ အနေဖြင့် ပြည်ပသို့ခရီးသွားလာမှုအတွက် နိုင်ငံကူးလက်မှတ် လျှောက်ထားရာတွင် ခင်ပွန်း၊ ဖခင် သို့မဟုတ် အခြားသော မိသားစုဝင် အမျိုးသားတစ်ဦးဦး၏ ခွင့်ပြုချက် မလိုအပ်တော့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပနေချိန်အတွင်း ဗန်ကောက်မြို့၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွား

**ဗန်ကောက် ဩဂုတ် ၂**

ဒေသတွင်း အာဆီယံထိပ်သီးအစည်းအဝေးကျင်းပနေသည့် ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်၌ ဩဂုတ် ၂ ရက်တွင် အသေးစား ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ရာ လူသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ဗုံးပေါက်ကွဲမှုများနှင့် ပတ်သက်၍ ချက်ချင်းစုံစမ်းစစ်ဆေးမှု လုပ်ဆောင်ရန် အမိန့်ထုတ်ခဲ့ကြောင်း ထိုင်းအစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ လုံခြုံရေးဆောင်ရွက်မှုများကိုလည်း တင်းကျပ်ခဲ့ပြီး ပြည်သူလူထုအတွင်း ထိခိုက်အနာတရမရှိစေရန် ညွှန်ကြားထားသည်။

မြို့တော်ဗန်ကောက်ရှိ နေရာအချို့တို့တွင် စားပွဲတင်တင်းနစ်ဘောလုံးအရွယ်အစားရှိသည့် ပင်ပေါင်ဗုံးခေါ် ပေါက်ကွဲပစ္စည်းများ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ဒေသတွင်း အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပနေစဉ်အတွင်း အစိုးရကို စိတ်အနှောင့်အယှက် ဖြစ်စေရန်ရည်ရွယ်လျက် တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်ဟု ယူဆရပြီး လူအများအပြား သေကျေပျက်စီးရန် ရည်ရွယ်လုပ်ဆောင်ခဲ့ဟန်မရှိကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် ပြည်သူသုံးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ဒဏ်ရာမပြင်းထန်ကြောင်း ပထမဆုံးပေါက်ကွဲခဲ့သည့်ဗုံးကို တွေ့ရှိခဲ့သည့် စွမ်လောင်ဒေသမှ ညွှန်ကြားရေးမှူး ရီနူစူစာတရာက ပြောကြားခဲ့သည်။ နောက်ထပ်ဗုံးပေါက်ကွဲမှုနှစ်ခုမှာ မြို့စွန်ရှိ ကျော်ကြားသည့် မိုးမျှော်အဆောက်အအုံအနီး ဖြစ်ပွားခဲ့ပြီး မှန်များကို ကွဲကြေစေခဲ့ကြောင်း အရေးပေါ် ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်နေရာ၌ ရဲတပ်ဖွဲ့ဝင်တစ်ဦး စစ်ဆေးနေစဉ်။

## တရားမဝင် ရွှေ့ပြောင်းသွားလာသည့် ဟွန်ဒူးရပ်စ်နိုင်ငံသား ၅၀၀၀ ခန့်ကို အမေရိကန် ဖမ်းဆီးထိန်းသိမ်းထား

**ဝါရှင်တန် ဩဂုတ် ၂**

အမေရိကန်ရှိ တရားမဝင်ရွှေ့ပြောင်းသွားလာသူများကို ထိန်းသိမ်းရာ အကျဉ်းစခန်းများ၌ ဟွန်ဒူးရပ်စ်နိုင်ငံမှ တရားမဝင်ရွှေ့ပြောင်းသွားလာသူ ၅၀၀၀ ခန့်ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ဟွန်ဒူးရပ်စ်သမ္မတ၏ ဇနီးဖြစ်သူ အေနာဂါစီယာက ဩဂုတ် ၁ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန် ပြည်ထောင်စုရှိ အကျဉ်းစခန်းများ၌ ဟွန်ဒူးရပ်စ်မှ အကျဉ်းသား ၅၀၀၀ ခန့်ရှိနေပြီး မက္ကဆီကိုရှိ အကျဉ်းစခန်းများတွင်လည်း အများအပြား ဖမ်းဆီးထိန်းသိမ်းခံရလျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

**အမေရိကန်ပြည်ထောင်စုဆီ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူအရေအတွက်တိုးပွား**

ဟွန်ဒူးရပ်စ်နိုင်ငံသည် ဂွါတီမာလာနှင့် အယ်လ်ဆာဗေဒိုးနိုင်ငံများကဲ့သို့ အမေရိကန်ပြည်ထောင်စုဆီ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူအရေအတွက် တိုးပွားလာသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ယင်းနိုင်ငံများမှ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများ အမေရိကန် သို့ ဝင်ရောက်ရာ လမ်းကြောင်းပေါ်တွင် မက္ကဆီကို နိုင်ငံတည်ရှိနေသည့်အတွက် မက္ကဆီကိုနိုင်ငံအနေဖြင့် တရားမဝင် ရွှေ့ပြောင်းသွားလာသူ ဝင်ရောက်မှု အရေအတွက်ကို လျှော့ချရေး ကြိုးပမ်းဆောင်ရွက်ရလျက်ရှိသည်။ မက္ကဆီကိုနိုင်ငံသည် ဟွန်ဒူးရပ်စ်၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးမည့် စီမံကိန်းနှစ်ခုအတွက် အမေရိကန်ဒေါ်လာသန်း ၃၀ အကူအညီပေးမည်ဟု ကတိပေးခဲ့သည်။

**တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို ထိန်းချုပ်ရေး ဆောင်ရွက်ရန် ဖိအားပေး**

အမေရိကန်ပြည်ထောင်စုသည် အမေရိကအလယ်ပိုင်းနိုင်ငံများနှင့် မက္ကဆီကို နိုင်ငံတို့အား တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို ထိန်းချုပ်ရေး ဆောင်ရွက်ရန် ဖိအားပေးကာ ၎င်း၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မူဝါဒကို ပိုမိုတင်းကျပ်စေခဲ့သည်။

**ဆင်ဟွာ**

# နိုင်ငံတကာ သတင်းတိုထွာ

## တောင်ကိုရီးယားနိုင်ငံကို တင်ပို့ကုန်ဆိုင်ရာဦးစားပေး စာရင်းမှ ဂျပန်ဖယ်ရှား

**တိုကျို ဩဂုတ် ၂**

တင်ပို့ကုန်ဆိုင်ရာ ရိုးရှင်းသော လုပ်ထုံးလုပ်နည်းများတွင် ပါဝင်သည့် နိုင်ငံများစာရင်းမှ တောင်ကိုရီးယားနိုင်ငံကို ဖယ်ရှားရန် ဂျပန်နိုင်ငံက ဩဂုတ် ၂ ရက်တွင် ဆုံးဖြတ်ချက်ချလိုက်ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံကို အဖြူရောင်စာရင်းမှ ဖယ်ရှားမည့် အစီအစဉ်များဆောင်ရွက်ရန် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အစိုးရအဖွဲ့က ခွင့်ပြုလိုက်သည်။ အဆိုပါဆုံးဖြတ်ချက်သည် အစိုးရအဖွဲ့က အတည်ပြုပြီး ၂၁ ရက်အကြာတွင် စတင်အသက်ဝင်မည်ဟု သိရသည်။

ပြီးခဲ့သည့်လ အစောပိုင်းက တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့သည့် အဓိက ကုန်ပစ္စည်းများဖြစ်သည့် memory chip နှင့် display panel များအတွက်လိုအပ်သည့် နည်းပညာဆိုင်ရာကုန်ပစ္စည်းသုံးမျိုးကို ဂျပန်နိုင်ငံက ပိုမိုစည်းကမ်းတင်းကျပ်ခဲ့သည်။

**ဆင်ဟွာ**

## အမေရိကန် ဗဟိုဘဏ်က ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးအကြိမ် အတိုးနှုန်းလျှော့ချ

**ဝါရှင်တန် ဩဂုတ် ၂**

အမေရိကန် ဗဟိုဘဏ်သည် ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးအကြိမ်အဖြစ် အတိုးနှုန်းလျှော့ချမှု ပြုလုပ်ခဲ့ပြီး ယင်းသို့ လျှော့ချရခြင်းမှာ ကမ္ဘာ့စီးပွားရေးဆိုင်ရာ မသေချာမရေရာမှုများနှင့် အမေရိကန်၏ ငွေကြေးဖောင်းပွမှုကို လျှော့ချရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း အမေရိကန် ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျရုန်းပိုဝဲလ်က ပြောကြားခဲ့သည်။

အတိုးနှုန်းလျှော့ချရာတွင် အဓိကကျသည့် အတိုးနှုန်းကို ၂ ရာခိုင်နှုန်းမှ ၂ ဒသမ ၅ ရာခိုင်နှုန်းအကြားတွင် ထားရှိမည်ဖြစ်ပြီး ထိုသို့ လျှော့ချမှုသည် ကမ္ဘာတစ်ဝန်း ငွေကြေးဆိုင်ရာအကျပ်အတည်းဖြစ်ပွားခဲ့သည့် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်းမှစတင်ကာ အမေရိကန် ဗဟိုဘဏ်က ပထမဆုံးအကြိမ် အတိုးနှုန်းလျှော့ချလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်၏ စီးပွားရေးသည် အသင့်အတင့်အနေအထားဖြင့် တိုးတက်မှု ရှိနေသော်လည်း တရုတ်နိုင်ငံနှင့် ဖြစ်ပွားနေသည့် ကုန်သွယ်ရေးစစ်ပွဲကြောင့် လာမည့်အနာဂတ်တွင် မရေရာမှုများ မြင့်တက်လာစေနိုင်ကြောင်း ဗဟိုဘဏ်မူဝါဒရေးဆွဲသူများက သတိပေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နျူကလီးယား လက်နက်ဖျက်သိမ်းရေး မျှော်လင့်ချက်

**ကလျာမိုးမြင့်**



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းကို စစ်ဘက်တာဝန်ရှိသူများနှင့် အတူ တွေ့ရစဉ်။

မြောက်ကိုရီးယားနိုင်ငံဟာ ၎င်းရဲ့နျူကလီးယားလက်နက်စမ်းသပ်မှုတွေကို ရှစ်ရက်အတွင်း သုံးကြိမ်မြောက်အဖြစ် ဩဂုတ် ၂ ရက်မှာ လုပ်ဆောင်ခဲ့တယ်လို့ တောင်ကိုရီးယားစစ်ဘက်က သတင်းဖော်ပြခဲ့ပါတယ်။ ဒီအချိန်မှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကတော့ ဆက်တိုက်လုပ်ဆောင်နေတဲ့ ဒုံးကျည်စမ်းသပ်မှုတွေဟာ သိပ်ပြီးတော့ ပြဿနာမရှိလှဘူးလို့ မှတ်ချက်ပေးခဲ့တာကို တွေ့ရပါတယ်။

**မျှော်လင့်ချက်မကုန်သေး**

နျူကလီးယားလက်နက်ပိုင်ဆိုင်တဲ့ မြောက်ကိုရီးယားဟာ ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်တွေအရ တိုက်ချင်းပစ်ဒုံးကျည်တွေ စမ်းသပ်ပစ်လွှတ်မှုကို ပိတ်ပင်ထားတာခံရတာကြောင့် ၎င်းရဲ့ဒုံးကျည်စမ်းသပ်မှုတွေကို လုံခြုံရေးကောင်စီအဖွဲ့ဝင်တွေက ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချနေလင့်ကစား သမ္မတထရမ့်ကတော့ မျှော်လင့်ချက်မကုန်သေးတဲ့ အနေအထားမျိုး ဖော်ပြခဲ့ပါတယ်။ ၎င်းဟာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့တာ သုံးကြိမ်တိုင်တိုင်ရှိခဲ့ပြီဖြစ်သလို ၎င်းတို့တွေ့ဆုံဆွေးနွေးခဲ့တဲ့ ဖြစ်ရပ်တိုင်းဟာလည်း ကမ္ဘာ့သတင်းမီဒီယာ အများအပြားရဲ့ ခေါင်းကြီးသတင်းတစ်ပုဒ် ဖြစ်ခဲ့ပါတယ်။

**မစတင်နိုင်သေး**

ဒုံးကျည်စမ်းသပ်မှုတွေက ကျွန်တော့်အတွက် သိပ်ပြီး ကိစ္စမရှိဘူး။ ဘာတွေဖြစ်နေတယ်ဆိုတာကို ကျွန်တော်တို့ မြင်ရမှာပဲ။ ဒါပေမယ့် တာတိုပစ်ဒုံးကျည်တွေဟာ အတော်လေးတော့ အဆင့်မြင့်လာတယ်ဆိုရမယ်လို့ အိုဟိုင်းယိုးမှာ ပြုလုပ်မယ့် လူထုစုဝေးမှုတစ်ခုဆီသွားဖို့ အိမ်ဖြူတော်က ထွက်ခွာခဲ့ချိန်မှာ သမ္မတထရမ့်က ပြောကြားခဲ့ပါတယ်။

ခေါင်းဆောင်ကင်နဲ့ သမ္မတထရမ့်တို့ဟာ ကိုရီးယားကျွန်းဆွယ်ကို ပိုင်းခြားထားတဲ့ စစ်မဲ့ဇုန်အတွင်းမှာ ဇွန်လက မျက်နှာချင်းဆိုင် တွေ့ဆုံခဲ့ကြချိန်အတွင်း နျူကလီးယားအရေး ဆွေးနွေးပွဲတွေ ပြန်စဖို့ သဘောတူညီခဲ့ကြပြီး ဖြစ်ပါတယ်။ ဒါပေမယ့် အလုပ်သဘောအဆင့် စကားပြောဆိုဆွေးနွေးမှုတွေကိုတောင် အခုချိန်အထိ မစတင်ရသေးပါဘူး။

**ပူးတွဲစစ်ရေးလေ့ကျင့်မှု**

မြောက်ကိုရီးယားအနေနဲ့ စိတ်ကသိကအောက်ဖြစ်နေရတဲ့ ကိစ္စတစ်ခုလည်း ရှိနေပါတယ်။ အဲဒါကတော့ မကြာခင်အချိန်အတွင်း အမေရိကန်နဲ့ တောင်ကိုရီးယားနိုင်ငံက တပ်ဖွဲ့ဝင်တွေ ပူးတွဲစစ်ရေး လေ့ကျင့်မှုပြုလုပ်မယ့် ကိစ္စပါပဲ။ ဒါနဲ့ပတ်သက်ပြီး ကျွမ်းကျင်သူတချို့က ဒုံးကျည်တွေကို မကြာခဏဆိုသလို မြောက်ကိုရီးယားက စမ်းသပ်ပစ်လွှတ်နေတာဟာ အမေရိကန်ကို ဖိအားပေးဖို့ ဖြစ်နိုင်တယ်လို့ သုံးသပ်ပါတယ်။ ပြုံယမ်းကိုယ်တိုင်ကလည်း ဒီလိုတွေ ပစ်လွှတ်နေတာက ပူးတွဲစစ်ရေးလေ့ကျင့်မယ့်ကိစ္စကို သတိပေးနေတာဖြစ်တယ်လို့ ပွင့်ပွင့်လင်းလင်း ဝန်ခံထားပါတယ်။

**ကြန့်ကြာနိုင်**

သမ္မတထရမ့်ဘက်က ကိစ္စမရှိဘူးလို့ ဆိုနေပေမယ့် ညှိနှိုင်းဆွေးနွေးမှုတွေကတော့ အခုနှစ်နှောင်းပိုင်းမရောက်ခင်အထိ ကြန့်ကြာသွားနိုင်တယ်လို့ လေ့လာသူတွေက ခန့်မှန်းထားပါတယ်။ ဩဂုတ် ၂ ရက် အစောပိုင်းမှာ မြောက်ကိုရီးယားက တိုက်ချင်းပစ် ဒုံးကျည်နှစ်စင်းကို အရှေ့ဘက်ကမ်းခြေဆီကနေ ပစ်လွှတ်လိုက်ပြီး အဲဒီအရာက ၂၂၀ ကီလိုမီတာ (မိုင်ပေါင်း၁၄၀)လောက်အထိ ပျံသန်းခဲ့ပါတယ်။ ဒုံးကျည်ဟာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၅ ကီလိုမီတာအထိ ရောက်ရှိခဲ့ပြီး အမြန်နှုန်းအားဖြင့် အသံ၏အမြန်နှုန်းပမာဏဖြစ်တဲ့ ၆ ဒသမ ၉ မက်ချ် ရှိခဲ့တယ်လို့ တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်ရုံးက ပြောကြားခဲ့ပါတယ်။

**ယခင်နဲ့မတူတဲ့ အမြန်နှုန်း**

ဒီအတိုင်းအတာဟာဆိုရင် တာတိုပစ်ဒုံးကျည်တစ်စင်းအတွက် ယခင်နဲ့မတူအောင် မြန်ဆန်တဲ့နှုန်းလို့လည်း သိရပါတယ်။ ဒုံးကျည်ပျံသန်းမှုအချက်အလက်တွေက ဇူလိုင် ၃၁ ရက်တွင် စမ်းသပ်ပစ်လွှတ်ခဲ့တဲ့အချက်အလက်တွေနဲ့ တစ်ပုံစံတည်းဖြစ်ပြီး တောင်ကိုရီးယားသမ္မတရုံးက ဒါဟာ တာတိုပစ်ဒုံးကျည်အမျိုးအစားသစ်တစ်ခုဖြစ်ဖို့ များတယ်လို့ ပြောကြားခဲ့ပါတယ်။

ပြီးတော့ အခုရက်သတ္တပတ် အစောပိုင်းမှာ ပစ်လွှတ်လိုက်တဲ့ ဒုံးကျည်နှစ်စင်းကို ပြုံယမ်းက ဖွံ့ဖြိုးမှုအဆင့်မြှင့်တင်ထားတဲ့ ပြောင်းဝကျယ်ပြီး အချက်ပေါင်းများစွာ ပစ်နိုင်အောင် လုပ်ဆောင်ထားတဲ့ ဒုံးကျည်စနစ်တစ်ခုလို့ ဖော်ပြခဲ့ပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်တုန်းက တာတိုပစ်ဒုံးကျည်နှစ်စင်းကို ပစ်ခတ်မှုလုပ်ဆောင်ခဲ့ပြီး အဲဒီထဲကတစ်စင်းဟာ ၇၀၀ ကီလိုမီတာနီးပါးအထိ ရောက်ရှိခဲ့တယ်လို့ တောင်ကိုရီးယားဘက်က ဆိုထားပါတယ်။

**ပြန်လည်သင့်မြတ်**

၂၀၁၇ ခုနှစ်အတွင်း သမ္မတထရမ့်နဲ့ ခေါင်းဆောင်ကင်တို့ဟာ အပြန်အလှန် ပုဂ္ဂိုလ်ရေးထိုးနှက်မှုတွေနဲ့ စစ်ပွဲဆင်နွှဲဖို့ ခြိမ်းခြောက်မှုတွေ လုပ်ဆောင်ရင်း တင်းမာမှုတွေ မြင့်တက်ခဲ့ပြီးတဲ့နောက် ၂၀၁၈ ခုနှစ်မှာတော့ ကိုရီးယားကျွန်းဆွယ်နဲ့ အနီးတစ်ဝိုက်မှာ သံတမန်ရေးအရ မြန်မြန်ဆန်ဆန် ပြန်လည်သင့်မြတ်မှုရရှိခဲ့တာကို တွေ့ခဲ့ရပါတယ်။ ဒါပေမယ့်လည်း အမှန်တကယ် နျူကလီးယားလက်နက်ဖျက်သိမ်းရေး ကြိုးပမ်းရာမှာ တိုးတက်ဖြစ်ထွန်းမှု နှေးကွေးခဲ့တယ်လို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။ မြောက်ကိုရီးယားအနေနဲ့ ၎င်းရဲ့ နျူကလီးယားလက်နက်အားလုံးကို စွန့်လွှတ်မယ်လို့ သဘောတူဖို့ လိုအပ်နေသေးသလို ဝါရှင်တန်က မြောက်ကိုရီးယားအပေါ် လုပ်ဆောင်နေတဲ့ အရေးယူပိတ်ဆို့မှုတွေ ဆက်ရှိနေဖို့လိုတယ်လို့ အခိုင်အမာဆိုနေဆဲပဲ ဖြစ်ပါတယ်။

**သတိပေး**

ဝါရှင်တန်နဲ့ ဆိုးလ်နှစ်နိုင်ငံ တပ်ဖွဲ့ဝင်တွေ ပူးတွဲစစ်ရေးလေ့ကျင့်မယ့်ကိစ္စကို မစွန့်လွှတ်ဘူးဆိုရင် အမေရိကန်နဲ့ မြောက်ကိုရီးယား နျူကလီးယား လက်နက်ဖျက်သိမ်းရေး ညှိနှိုင်းဆွေးနွေးမှုတွေနဲ့လည်း လွဲချော်သွားနိုင်တယ်လို့ ပြုံယမ်းက သတိပေးနေပါတယ်။ ဒီတော့ ပူးတွဲစစ်ရေးလေ့ကျင့်တာကို ရှေ့ဆက်တိုးရင် မြောက်ကိုရီးယားက တုံ့ပြန်တဲ့အနေနဲ့ နောက်ထပ်ဒုံးကျည်တွေ စမ်းသပ်ပစ်ခတ်လာနိုင်သေးတယ်လို့ အမျိုးသားအကျိုးစီးပွားဌာနမှ ဟယ်ရီကာဇီရာနစ်က ခန့်မှန်းချက် ပေးခဲ့ပါတယ်။

သူတစ်လှည့် ကိုယ်တစ်ပြန် လုပ်ဆောင်နေတဲ့ စစ်ရေးအရ လှုပ်ရှားမှုတွေက အလုပ်သဘောအဆင့် ဆွေးနွေးပွဲတွေကို သေချာပေါက် နှောင့်နှေးစေနိုင်တယ်လို့ ၎င်းကပြောပါတယ်။ ပင်တဂွန်ကတော့ ပူးတွဲစစ်ရေးလေ့ကျင့်မယ့် အစီအစဉ်ကို အပြောင်းအလဲမရှိ ဆက်လုပ်သွားမယ်လို့ ဆိုထားပြီဖြစ်ပါတယ်။

**တပ်ဖွဲ့ဝင်တွေအခြေစိုက်**

နျူကလီးယားလက်နက်ပိုင်ဆိုင်တဲ့ မြောက်ကိုရီးယားရဲ့အန္တရာယ်ကနေ ကာကွယ်ဖို့ အမေရိကန်က ၎င်းရဲ့တပ်ဖွဲ့ဝင် ၂၈၅၀၀ ကို မဟာမိတ်ဖြစ်တဲ့ တောင်ကိုရီးယားနိုင်ငံမှာ ချထားပါတယ်။ ဒီထဲက တပ်ဖွဲ့ဝင်အများစုဟာ ဆိုးလ်မြို့တောင်ပိုင်းရှိ တောင်ကိုရီးယားနဲ့ ဝါရှင်တန်ရဲ့ ပင်လယ်ရပ်ခြားဆိုင်ရာ အကြီးဆုံးစစ်အခြေစိုက်စခန်းဖြစ်တဲ့ Camp Humphreys မှာ အခြေစိုက်လျက် ရှိပါတယ်။

နျူကလီးယားအရေးမှာ အမေရိကန်ဘက်က ကြိုးပမ်းမှုကို လေ့လာကြည့်မယ်ဆိုရင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင်တွေ ဖြစ်ကြတဲ့ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံတွေဟာ ဒီအတောအတွင်း မြောက်ကိုရီးယားက မကြာခဏ လုပ်ဆောင်နေတဲ့ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုတွေကို ဝေဖန်ရှုတ်ချခဲ့ကြပေမယ့်လည်း သမ္မတထရမ့်က မြောက်ကိုရီးယားခေါင်းဆောင်နဲ့ ၎င်းရဲ့ဆက်ဆံရေး အဆင်ပြေလာအောင် လုပ်ဆောင်နေခဲ့တာကို တွေ့ရပါတယ်။ မြောက်ကိုရီးယားနိုင်ငံအနေနဲ့ ပြီးပြည့်စုံပြီး လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ နျူကလီးယားဖျက်သိမ်းရေးဆီ ဦးတည်တဲ့ ခြေလှမ်းစဖို့နဲ့ အမေရိကန်နဲ့အတူ အဓိပ္ပာယ်ပြည့်ဝတဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ လုပ်ဆောင်ဖို့ လုံခြုံရေးကောင်စီအဖွဲ့ဝင်တွေက တိုက်တွန်းလျက်ရှိပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ**

> “နှစ်နိုင်ငံတပ်ဖွဲ့ဝင်တွေ ပူးတွဲစစ်ရေးလေ့ကျင့်မယ့်ကိစ္စကို မစွန့်လွှတ်ဘူး ဆိုရင် အမေရိကန်နဲ့ မြောက်ကိုရီးယား နျူကလီးယားလက်နက် ဖျက်သိမ်းရေး ညှိနှိုင်းဆွေးနွေးမှုတွေနဲ့လည်း လွဲချော်သွားနိုင်တယ်လို့ ပြုံယမ်းက သတိပေးနေပါတယ်”

# တိုင်းဒေသကြီးနှင့် ပြည်နယ်သတင်းများ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသည့် ရေဒီယိုလိုင်းများနှင့် ရုပ်သံလိုင်းများ၏ အစီအစဉ်များကို မြန်မာ့ရုပ်မြင်သံကြား၏ Web Portal၊ Facebook၊ YouTube နှင့် Soundcloud တို့တွင် လွှင့်တင်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသည့် ရေဒီယိုလိုင်းများ၊ ရုပ်သံလိုင်းများ၏ အစီအစဉ်များကို New Media Platform တွင် ပြန်လည်နားဆင်ကြည့်ရှုနိုင်ရန်ရည်ရွယ်၍ Web Portal တစ်ခု ထူထောင်ကာ လွှင့်တင်ပေးလျက်ရှိသည့် Web Address မှာ https://www.mrtv.gov.mm ဖြစ်သည်။

ယင်း Web Portal တွင် TV နှင့် ရေဒီယိုတို့မှ နေ့စဉ်ထုတ်လွှင့်လျက်ရှိသည့် ပြည်တွင်းပြည်ပသတင်းများ၊ မိုးလေဝသသတင်းများအပြင် အစီအစဉ်များကိုလည်း စီးပွားရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ အားကစား၊ လူငယ်ရေးရာ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဖျော်ဖြေရေးစသည့် ကဏ္ဍများခွဲ၍ လွှင့်တင်ပေးလျက်ရှိသည်။ ထို့ပြင် လွှတ်တော်ကဏ္ဍ၊ NRC ရုပ်သံလိုင်းမှ တိုင်းရင်းသားဘာသာစကားဖြင့် ထုတ်လွှင့်သည့် တိုင်းရင်းသားတို့၏ ရိုးရာအကများ၊ ဓလေ့ရိုးရာအစီအစဉ်များနှင့် လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများကို တွေ့ဆုံမေးမြန်းသည့် မျက်မှောက်ရေးရာ အဖြာဖြာ၊ စကားဝိုင်းဆွေးနွေးခန်းအစီအစဉ်များအပြင် နိုင်ငံတော်အကြီးအကဲများ၏ မိန့်ခွန်းများကိုလည်း လွှင့်တင်ပေးထားသည်။

ယင်းအစီအစဉ်များကို Social Media များဖြစ်သည့် Facebook, YouTube နှင့် Soundcloud တို့တွင်လည်း လွှင့်တင်ပေးထားသည်။ Facebook တွင် Search Box ၌ MRTV ဟု ရိုက်ထည့်ပြီး ရှာနိုင်သည်။ Address အတိအကျမှာ www.facebook.com/ mrtvwebmediaportal ဆိုလျှင် MRTV Facebook Page ကို တွေ့ရမည်ဖြစ်သည်။ YouTube လိပ်စာမှာ www.youtube.com/MRTVYoutubeChannel ဖြစ်ပြီး Soundcloud မှာ www.soundcloud.com/Myanmar_Radio တို့ဖြစ်သည်။

ရေဒီယိုလိုင်းများ၊ ရုပ်သံလိုင်းများကို Online မှ တိုက်ရိုက် Livestreaming ကြည့်ရှုနိုင်ရန် http://www.mrtvlivestream.tv တွင် လွှင့်တင်ထားပြီးဖြစ်၍ Browser မှတစ်ဆင့် ဝင်ရောက်ကြည့်ရှု နားဆင်နိုင်သကဲ့သို့ Android စနစ်သုံး Mobile Devices များတွင်လည်း ကြည့်ရှုနားဆင်နိုင်ရန် MRTV Mobile App အား Google Play Store တွင် Register လုပ်ထားပြီးဖြစ်၍ အလွယ်အကူ Download ပြုလုပ် ကြည့်ရှုနားဆင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနား ပုသိမ်မြို့၌ ကျင်းပ

**ပုသိမ် ဩဂုတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ၂၀၁၉ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှု အထိမ်းအမှတ် ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့နှင့် ပူးပေါင်းပြီး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ၂၀၀၃ ခုနှစ်မှစ၍ နှစ်စဉ် စက်တင်ဘာလအတွင်း ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ်မှစ၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအဖြစ် ဩဂုတ်လတစ်လလုံး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အာဟာရဖွံ့ဖြိုးရေး၏ အရေးပါပုံကို ပိုမိုသတိပြုမိလာစေပြီး အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းလက်တွဲဆောင်ရွက်သွားနိုင်ရန် မျှော်မှန်းကြောင်း၊ နိုင်ငံသားများ အာဟာရပြည့်ဝ ကျန်းမာနေခြင်းသည် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် အရေးပါသည့် အခြေခံအကြောင်းရင်းလည်း ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သည့် အာဟာရချို့တဲ့မှုများ လျော့နည်းပပျောက်ရေး၊ အာဟာရလွန်ကဲမှု ပြဿနာများ ကာကွယ်ရေး၊ လူထုအတွင်း အာဟာရပြည့်ဝမျှတစွာ စားသုံးတတ်သည့် ဓလေ့များ ထွန်းကားလာရေးတို့ကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းထွန်းအောင်နှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီး ဒုတိယပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သီဟအောင်တို့က တိုင်းဒေသကြီးအတွင်း အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိများက စံပြမိခင်ဆုရရှိကြသူများအား ဆုများချီးမြှင့်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေနှင့် သံချဆေးများ တိုက်ကျွေးခြင်း၊ ကျောင်းသူအချို့အား သံဓာတ်ဆေးပြားတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရဆေးဝါးများကို တိုက်ကျွေးခဲ့ကြပြီး ပြသထားသောပြခန်းကို ကြည့်ရှုခဲ့ကြသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

## ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၁၇ နှစ်အောက် မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**ဘားအံ ဩဂုတ် ၂**

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလားအသက် ၁၇ နှစ်အောက် မြို့နယ်ပေါင်းစုံ (လူငယ်) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင်လ နောက်ဆုံးပတ်က ဘားအံမြို့အောင်သံလွင်အားကစားကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် တက်ရောက်ပြီး ဆုများပေးအပ်ချီးမြှင့်သည်။

ဗိုလ်လုပွဲစဉ်အဖြစ် ဘားအံမြို့နယ် ဘောလုံးအသင်းနှင့် ကော့ကရိတ် မြို့နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပွဲကစားချိန်အတွင်း တစ်ဖက် တစ်ဂိုးစီဖြင့် သရေကျနေသဖြင့် ပင်နယ်တီအဆုံးအဖြတ်ဖြင့် ကော့ကရိတ်မြို့နယ် ဘောလုံးအသင်းက လေးဂိုး - သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်သည့် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဗိုလ်လုပွဲနေ့ အကောင်းဆုံးအားကစားဆုကိုလည်းကောင်း၊ ပထမဆုရရှိသော ကော့ကရိတ်မြို့နယ် ဘောလုံးအသင်းနှင့် ဒုတိယဆုရရှိသော ဘားအံမြို့နယ် ဘောလုံးအသင်းတို့မှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုများကို လည်းကောင်း၊ ပူးတွဲတတိယဆုရရှိသော ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် မြဝတီမြို့ ဘောလုံးအသင်းတို့အား လည်းကောင်း၊ ဒုတိယဆုရရှိသော ဘားအံမြို့နယ် ဘောလုံးအသင်းအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အနိုင်ရဗိုလ်စွဲသွားသော ကော့ကရိတ်မြို့နယ် ဘောလုံးအသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဆုတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲကို ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ ဘောလုံးအသင်း ခုနစ်သင်း ပြိုင်ပွဲဝင်အားကစားသမား ၁၄၀ ဝင်ရောက်ယှဉ်ပြိုင်ကစားကြပြီး အုပ်စုနှစ်စုခွဲ၍ ပွဲစဉ်ပေါင်း ၁၂ ပွဲဖြင့် ဇူလိုင် ၁၈ ရက်မှ ၃၁ ရက်အထိ ယှဉ်ပြိုင် ကစားခဲ့ကြသည်။ ပြိုင်ပွဲမှထူးချွန်ထက်မြက်သည့် အားကစားသမားများအား ပြည်နယ် လက်ရွေးစင်အဖြစ် ရွေးချယ်၍ စက်တင်ဘာလတွင် နေပြည်တော်၌ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၇ နှစ်အောက် ဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် အနိုင်ရရှိသည့် ကော့ကရိတ်မြို့နယ် ဘောလုံးအသင်းအား တံခွန်စိုက်ဆု ပေးအပ်ချီးမြှင့်စဉ်။

## ဒုတိယအကြိမ် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်း ထားဝယ်မြို့၌ ကျင်းပ

**ထားဝယ် ဩဂုတ် ၂**

စိမ်းလန်းစေဖို့ ရှေ့ဆက်စို့ အစီအစဉ်ဖြင့် ဒုတိယအကြိမ်မြောက် နိုင်ငံတစ်ဝန်း စုပေါင်းသစ်ပင်စိုက်ပျိုးခြင်း လှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်တက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT အနေဖြင့် စိမ်းလန်းစေဖို့ရှေ့ဆက်စို့ အစီအစဉ်ဖြစ်သော MPT Green Movement Activity အစီအစဉ်နှင့် စုပေါင်းသစ်ပင် စိုက်ပျိုးခြင်း လှုပ်ရှားမှု Nationwide Tree Planting Campaign များကို နိုင်ငံတစ်ဝန်း ကျင်းပသည်မှာ ယခုဆိုလျှင် ဒုတိယအကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ ယနေ့အချိန်အခါတွင် သစ်ပင်များ ထပ်မံစိုက်ပျိုးရန်နှင့် ရှိပြီးသားသစ်တောသစ်ပင်များကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်ကြောင်း၊ ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးသက်ရောက်မှုရှိစေမည့် ယခုအစီအစဉ်အတွက် ဝမ်းသာပီတိဖြစ်ရကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တနင်္သာရီတိုင်းဒေသကြီးမန်နေဂျာ ဦးဇော်နိုင်လင်းက သစ်ပင်စိုက်ပျိုးခြင်းဖြင့် မိမိတို့၏သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်မည်ဖြစ်ကြောင်းကို ပြည်သူများအကြား သိရှိကြစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ပြီး သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာစေရန်မှာလည်း အားလုံး၏တာဝန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထားဝယ် တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ MPT ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ ခရေ၊ ကံ့ကော်၊ အာသောက သစ်ပင်ပျိုးပင်စုစုပေါင်း ၂၅၀ ကို ထားဝယ်တက္ကသိုလ်ဝင်းအတွင်း၌ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အရေးပေါ်အသက်ကယ်သင်တန်း တက်ရောက်မည့် ပရဟိတအသင်းများအတွက် ထောက်ပံ့ငွေပေးအပ်

**လှိုင်ကော် ဩဂုတ် ၂**

နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်သင်တန်းသို့ သင်တန်းတက်ရောက်မည့် အသင်းသား အသင်းသူ ၃၂ ဦးအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်လ နောက်ဆုံးပတ်က ကယားပြည်နယ်ဝန်ကြီးချုပ်ရုံးခန်း၌ ကျင်းပသည်။

အဆိုပါသင်တန်းမှာ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ် (ဗဟို) နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် Myanmar Rescue အဖွဲ့တို့ ပူးပေါင်း၍ ဩဂုတ် ၁၀ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ကယားပြည်နယ်အတွင်းရှိ ပရဟိတအသင်းများဖြစ်သည့် မော်ချီး ပရဟိတအသင်း၊ ဖြူစင်မေတ္တာ ပရဟိတအသင်း၊ ဖရူဆို လူမှုကူညီရေးအသင်း၊ မေတ္တာမွန် လူမှုကူညီရေးအသင်း၊ မင်္ဂလာ ပရဟိတအသင်း၊ ရွှေလှိုင်ကော် (ကယား) ပရဟိတအသင်းတို့မှ အသင်းသား အသင်း သူ ၃၂ ဦးတို့ တက်ရောက်မည်ဖြစ်သည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက သင်တန်းတက်ရောက်မည့်သူ သင်တန်းသား သင်တန်းသူ ၃၂ ဦးအတွက် ငွေကျပ် ခြောက်သိန်း လေးသောင်း တိတိကို ပရဟိတအသင်းမှ ကိုယ်စားလှယ်များအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**လှိုင်ကော်သား**

ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# သန်လျင်မြို့ပြည်သူ့ဆေးရုံကြီး၌ ၃၂ ခုတင်ဆံ့ သံဃာဆေးကုသဆောင်သစ် တည်ဆောက်လျက်ရှိ

**ရန်ကုန် ဩဂုတ် ၂**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ သံဃာတော်များ ဆေးကုသရာတွင် အဆင်ပြေလွယ်ကူစေရန်အတွက် ခုတင် ၃၂ လုံးဆံ့ သီးသန့် သံဃာဆေးကုသဆောင်သစ်ကို ဆေးရုံဝင်းအတွင်း တည်ဆောက်လျက်ရှိကြောင်း သန်လျင်ပြည်သူ့ဆေးရုံကြီး တာဝန်ရှိသူထံမှ သိရသည်။

သံဃာဆေးကုသဆောင်သစ်ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် သန်လျင်မင်းကျောင်းဆရာတော်၏ ဩဝါဒ လမ်းညွှန်မှုဖြင့် ကျိုက်ခေါက်ဘုရားမြောက်ဘက်ရှိ နေလတိုက်ကျောင်းဆရာတော်က ဦးဆောင်ကာ သန်လျင်အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ညွှန်ကြားရေးမှူး ဒေါက်တာတိုးတိုးနှင့် ခုနစ်ရက်သားသမီးများ၏ စုပေါင်းလှူဒါန်းမှုများဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ သံဃာသီးသန့် ဆေးကုသဆောင်သစ်သည် အလျား ၉၉ ပေ၊ အနံ ၃၆ ပေရှိ သံထည်၊ အုတ်ညှပ် နှစ်ထပ်အဆောက်အအုံဖြစ်ကာ ခုတင် ၃၂ လုံးဆံ့ပြီး လက်ရှိအချိန်တွင် တည်ဆောက်မှုလုပ်ငန်း ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**



သံဃာသီးသန့်ဆေးကုဆောင်သစ် ဆောက်လုပ်နေမှုကို ဩဂုတ် ၁ ရက်က တွေ့ရစဉ်။

# ပူတာအိုမြို့နယ်မှ ကိုရီးယားသုတေသနဓာတ်ခွဲခန်းဆောက်လုပ်မှု ၈၅ ရာခိုင်နှုန်း ပြီးစီး




၈၅ ရာခိုင်နှုန်းခန့် ဆောက်လုပ်ပြီးစီးနေသော ကိုရီးယားသုတေသနဓာတ်ခွဲခန်း အဆောက်အအုံကို တွေ့ရစဉ်။

**ပူတာအို ဩဂုတ် ၂**

ကချင်ပြည်နယ် ပူတာအိုမြို့ရှိ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း၌ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသား ဇီဝအရင်းအမြစ် သိပ္ပံဌာန (National Institute of Biological Research)နှင့် မြန်မာနိုင်ငံ သစ်တောဦးစီးဌာနတို့ ပူးပေါင်းတည်ဆောက်နေသည့် ကိုရီးယား သုတေသနဓာတ်ခွဲခန်း ဆောက်လုပ်မှုလုပ်ငန်းများ ဩဂုတ် ၁ ရက်တွင် ၈၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးအောင်မောင်းထံမှ သိရသည်။

ပူတာအိုဒေသမှ ထွက်ရှိသည့် ဆေးဥ၊ ဆေးမြစ်များ၊ သစ်ခွနှင့် သစ်ပင်များအစရှိသည့် ကုန်ကြမ်းပစ္စည်းအမျိုးမျိုးကို ကုန်ကြမ်းအဖြစ် နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းမပြုဘဲ ဒေသထွက် ကုန်ချောအဖြစ် ထုတ်လုပ်ရောင်းချနိုင်ရန် ရည်ရွယ်လျက် ကိုရီးယားနိုင်ငံ ဇီဝအရင်းအမြစ် သိပ္ပံဌာနနှင့် မြန်မာနိုင်ငံ သစ်တောဦးစီးဌာနတို့အကြား သဘောတူစာချုပ်အရ အဆိုပါ ကိုရီးယားသုတေသနဓာတ်ခွဲခန်းကို ပူတာအိုမြို့ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း တည်ဆောက်နေခြင်း ဖြစ်သည်။

အဆိုပါ အဆောက်အအုံအတွက် ကုန်ကျစရိတ် ငွေကျပ်သိန်း ၁၁၈၀ ကို နှစ်နိုင်ငံ သဘောတူစာချုပ်အရ ကိုရီးယားနိုင်ငံက ကျခံပြီး ကချင်ပြည်နယ် အစိုးရအဖွဲ့ထံမှ တင်ဒါအောင်မြင်ခဲ့သည့် ပူတာအိုနန်းတော် ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူကာ အလျား ၄၅ ပေ၊ အနံ ၃၈ ပေ၊ အမြင့် ၁၈ ပေရှိ နှစ်ထပ် အဆောက်အအုံကို ယခုနှစ် မတ်လမှ စတင် အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆောက်လုပ်ရေးလုပ်ငန်းများမှာ လက်ရှိအချိန်တွင် ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးနေ၍ အောက်တိုဘာလထဲတွင် ရာနှုန်းပြည့် ပြီးစီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံ ပြီးစီးသွားပါက ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိစေရန်နှင့် ကုန်ချောများ လှိုင်လှိုင်ထုတ်နိုင်ပြီး ကုန်ကြမ်းစဉ်ဆက်မပြတ် ရရှိနိုင်မည့် စိုက်ပျိုးနည်းသင်တန်းများ ပို့ချပေးနိုင်ရန် ကိုရီးယားနိုင်ငံ ဇီဝအရင်းအမြစ်သိပ္ပံဌာနနှင့် မြန်မာနိုင်ငံ သစ်တောဦးစီးဌာနတို့ သဘောတူလက်မှတ်ရေးထိုးထားကြောင်း ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးထံမှ သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# စလင်းမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၏ ရေပြင်ကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့်မှု ဝက်သည်းကန်ကြီးအတွင်း လက်တွေ့ဆောင်ရွက်

**စလင်း ဩဂုတ် ၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၏ ရေပြင်ကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဇူလိုင် ၃၀ ရက်က စလင်းမြို့ ဝက်သည်းကန်ကြီးအတွင်း ပြုလုပ်ခဲ့သည်။

သရုပ်ပြလေ့ကျင့်ရာတွင် စလင်းမီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းဗိုလ် ကြီးကြပ်ပြီး ဒုတိယဦးစီးမှူး ဦးအောင်ကိုထိုက် ခေါင်းဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ရေနစ်နေသူအား စက်လှေဖြင့် ကယ်ဆယ်ခြင်း၊ အသက်ကယ်အင်္ကျီဖြင့် ရေကူးကယ်ဆယ်ခြင်းတို့ အပါအဝင် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများကို သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။ စလင်းမြို့နယ်တွင် နှစ်စဉ် ရေဝတီမြစ် ရေကြီးလေ့ရှိသဖြင့် ရေဘေးအန္တရာယ်များ ပေါ်ပေါက်လာပါက ပြည်သူများအား အချိန်မီကယ်ဆယ်ရေး ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ သရုပ်ပြလေ့ကျင့်မှု ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**



# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂-၈-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၈၃၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၁၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၈၃၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၆၀/၉၀၅ ကျပ် | ၉၁၀/၉၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀/၉၁၅ ကျပ် | ၉၂၅/၉၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၈၀၅ ကျပ် | ၈၃၅/၈၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၉၅ ကျပ် | ၉၄၅/၉၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၂ · ၅ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၇၈ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၈ · ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၃၂ · ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၁၄ · ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၂၇ · ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၇ · ၈၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၇၄၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၆ · ၀၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၃ · ၈၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၁၄၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၅၀၀ | ၄၀၀၃ | ၄၄၀၈၆၀၀၀ |
| MTSH | ၃၄၀၀ | ၃၄၀၀ | ၁၅၇၇ | ၅၃၆၁၈၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၅ | ၄၀၀၀၀ |
| FPB | ၂၄၅၀၀ | ၂၄၅၀၀ | ၉၈ | ၂၄၀၁၀၀၀ |
| TMH | ၂၉၅၀ | ၂၉၅၀ | ၉၃၄ | ၂၇၅၅၃၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီထွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# တင်ဇာမော်နှင့် အမာခံပရိသတ်များ တွေ့ဆုံပွဲနှင့် သီချင်းဆိုပြိုင်ပွဲ ပြုလုပ်

တေးသံရှင်တင်ဇာမော်နှင့် သူ၏ အမာခံ ပရိသတ်များ တွေ့ဆုံပွဲနှင့် တင်ဇာမော်၏ သီချင်းများအဆိုပြိုင်ပွဲ၏ Grand final ပွဲကို ဇူလိုင် ၃၀ ရက်က ဟာမိုနီစတူဒီယို၌ ပြုလုပ်ခဲ့ပြီး ယင်းပွဲသည် လေးနှစ်မြောက် ကျင်းပသောပွဲဖြစ်ကာ ယခုနှစ် အဆိုပြိုင်ပွဲ Season 4 ၏ ဖိုင်နယ်တွင် ပြိုင်ပွဲဝင် ငါးဦးက စုံတွဲသီဆိုမှု၊ တစ်ကိုယ်တော် သီဆိုမှုများဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ဒိုင်လူကြီးများအဖြစ် တေးသံရှင် မီမီဝင်းဖေ၊ ကော်နီ၊ချောစုခင်နှင့် မီးနို တို့က ဆောင်ရွက်ပေးခဲ့ကြသည်။

"ကျွန်တော်က အစ်မ(တင်ဇာမော်) ပထမဆုံးအခွေ ထွက်ပြီး ၁၉၉၆-၁၉၉၇ ခုနှစ်ကတည်းက Group တစ်ခု ထောင်ခဲ့တာပေါ့နော်။ Group စထောင်တုန်းကတော့ အစ်မနဲ့ fan တွေနဲ့ ရင်းရင်းနှီးနှီးတွေ့ဖို့ပေါ့၊ ဒါလောက်ပဲ၊ ဒါပေမယ့် အစ်မကလည်း အဆိုတော်ဖြစ်နေတော့ သီချင်းဆိုပြိုင်ပွဲလေးလုပ်ရင် ကောင်းမယ်ဆိုပြီး လုပ်ဖြစ်ခဲ့တာပါ"ဟု တင်ဇာမော်၏ အမာခံပရိသတ်တစ်ဦးလည်း ဖြစ်ပြီး ပရိသတ်အဖွဲ့၏ admin လည်း ဖြစ်သူ ကိုဇော်မင်းနိုင်က ပြောသည်။

တင်ဇာမော်အနေဖြင့်လည်း မိမိအောင်မြင်ခဲ့သော တေးသီချင်းများကို ပရိသတ်များက ပြန်လည်သီဆိုမှု အပေါ် "အခုလိုကိုယ့်သီချင်းလေးတွေကို ဆိုကြတော့ ပျော်တာပေါ့။ ဒီလိုပြိုင်ပွဲလေးလုပ်တော့ တင်ဇာမော်ရဲ့ တေးချစ်သူတွေအတွက် တစ်နှစ်တစ်ခါ ပရိသတ်နဲ့တွေ့ဆုံပွဲလေးလည်း ဖြစ်သွားတာပေါ့။ပြီးတော့ သီချင်းဝါသနာပါတဲ့ ပရိသတ်တွေအတွက်လည်း အခွင့်အရေးလေးတစ်ခု ဖြစ်သွားတာပေါ့။ တစ်ချိန်ချိန်မှာ ဒီထဲကနေ တကယ် အဆိုကောင်းတဲ့သူတွေ ဖြစ်မလာဘူးလို့ မပြောနိုင်ဘူးလေ။ အစ်မကိုယ်တိုင်လည်း မျှော်လင့်တယ်"ဟု ပြောသည်။



အဆိုပါ သီချင်းဆိုပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အယောက် ၃၀ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ထိုအထဲမှ နောက်ဆုံး ဆန်ခါတင် ငါးဦး ရွေးထုတ်၍ fan meeting နေ့တွင် final ပွဲကိုပါ ပူးတွဲကျင်းပခဲ့ခြင်းဖြစ်ကာ မအက်စတာပါလ်က winner ဆုကို ရရှိခဲ့ကြောင်း၊ တင်ဇာမော်အနေဖြင့် ယခင်နှစ်က ပြိုင်ပွဲများတွင် ဒိုင်လုပ်ခဲ့သော်လည်း ယခုတစ်နှစ်တွင် ဒိုင်အဖြစ် မပါဝင်ဘဲ ပရိသတ်အနေဖြင့်သာ ပြိုင်ပွဲဝင်များကို အားပေးခြင်းနှင့် ပရိသတ်နှင့်အတူ သီချင်းများ သီဆိုခြင်း၊ ဂိမ်းများ ကစားခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုလင်း**

## ငွေစက္ကူ ခုနစ်ရွက် ဇာတ်လမ်းတွဲထဲတွင် ဝေနှင်းအဖြစ် သရုပ်ဆောင်သည့် မြနှင်းရည်လွင်နှင့် တွေ့ဆုံခြင်း

လူငယ်ဒါရိုက်တာ သည်ခေတ်နေ ရိုက်ကူးထားပြီး MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့် ပြသနေသော ငွေစက္ကူ ခုနစ်ရွက် ရုပ်သံဇာတ်လမ်းတွဲတွင် မိသားစုစီးပွားရေး အခြေအနေကြောင့် မိမိ၏ ဘဝကို အရင်းတည်ကာ ဝမ်းရေးအတွက် ဖြေရှင်းနေရသူ ဝေနှင်းအဖြစ် သရုပ်ဆောင်ထားသော မြနှင်းရည်လွင်နှင့် တွေ့ဆုံ၍ အဆိုပါ ဇာတ်လမ်းတွဲအကြောင်းနှင့် အနုပညာလှုပ်ရှားမှုများအကြောင်းကို မေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။ ငွေစက္ကူ ၇ ရွက်အတွက် ကာရိုက်တာပိုင်း ပြင်ဆင်ခဲ့ပုံကို ပြောပြပါဦး။**

ဖြေ။ ။ဒီဇာတ်လမ်းအတွက် ပြင်ဆင်ရတာကတော့ အရင်ဆုံး ဇာတ်လမ်း စဖတ်ကတည်းက ဝေနှင်းဖြူဆိုတဲ့ မိန်းကလေးရဲ့ စိတ်ကို မြင်ကြည့်လို့ရနေပြီ။ ဖတ်ရင်း ငိုလည်းငိုခဲ့ရတယ်၊ ကာရိုက်တာက ကေတီဗွီမိန်းကလေးလည်းဖြစ်ပြန်၊ ပြီးတော့ ဦးလေးအရွယ်လူနဲ့လည်း ပတ်သက်ရမယ့် ကာရိုက်တာဆိုတော့ စိတ်ပူတယ်၊ အဲဒီတော့ ကြောက်စိတ်မဝင်အောင် အဲလိုမိန်းကလေးတွေဆို ဘယ်လိုပုံဖြစ်နိုင်မလဲဆိုတာ အဝေးကနေ လေ့လာတယ်။ ပြီးတော့ ကိုယ်နဲ့လည်း လိုက်ဖက်အောင်၊ အဲဒီလို မိန်းကလေးတွေရဲ့ပုံစံမျိုးလည်းဖြစ်အောင် ကြိုးစားသရုပ်ဆောင်ခဲ့ပါတယ်။

**မေး။ ။ဒီကားလေးက ပရိသတ်ကြည့်ရှုမှုများပြီး လူကြိုက်များတဲ့ ဇာတ်လေးလည်း ဖြစ်နေတယ်၊ ဒီကားလေးက ပညာပေးကားလေးဆို မှန်မလား။**

ဖြေ။ ။ငွေကြောင့်ဖြစ်တဲ့ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ အပူတွေ၊ စိတ်အစွဲအလမ်း၊ အညှိုးအတေးကြီးတာတွေ၊ ဝဋ်ကြွေးတွေ ဒီဇာတ်လမ်းထဲမှာပါ တော့ ဒါတွေထဲက တစ်ခုမဟုတ်တစ်ခုတော့ ယူတတ်ရင်ယူတတ်သလို သင်ခန်းစာရပြီး နားလည်လာနိုင်ပါတယ်၊ လောကကြီးအကြောင်းက ထင်သလို မလွယ်ဘူးဆိုတာပါပဲ၊ ဒီကားလေး ရိုက်ရင်းနဲ့ ညီမတောင် အများကြီး ပညာလေးတွေ ရလိုက်တယ်၊ ညီမလိုပဲ ပရိသတ်တွေလည်း ဒီကားလေးကြည့်ပြီး တစ်ခုခု မက်ဆေ့ရမယ်လို့ ထင်ပါတယ်။

**မေး။ ။အခုဆို မြနှင်းရည်လွင်ကို ပရိသတ်က ဇာတ်လမ်းတွဲတွေနဲ့ ပိုသိလာပြီဆိုတော့ ထပ်ပြီး အနုပညာနဲ့ပတ်သက်တာ ဘာအစီအစဉ်တွေရှိလဲ။**



ဖြေ။ ။အခုလက်ရှိမှာ ဇာတ်လမ်းတွဲနှစ်ခု ရိုက်နေပါတယ်၊ နောက် home movie တစ်ခုရယ်၊ ရုပ်ရှင်ကားကြီးတစ်ခုရယ်လည်း ရိုက်ဖို့ရှိပါတယ်၊ နောက်ထပ်ရိုက်နေတာလေးတွေကလည်း ဆန်းသစ်နေမှာပါ၊ အသေးစိတ်ပြောလို့မရသေးလို့ မပြောတာပါ၊ ထွက်လာလို့ ကြည့်လိုက်ရင် အခုလိုပဲ ကြိုက်ကြမယ်လို့ထင်ပါတယ်၊ ကာရိုက်တာကတော့ အစုံလုပ်ကြည့်ချင်ပါတယ်၊ ဟာသလည်း လုပ်ကြည့်ချင်တယ်။

**ကိုလင်း**

## အဆိုတော် ရွှေထူး၏ အစ်မအဖြစ် သရုပ်ဆောင်မည့် ထပ်ဆင့်အကယ်ဒမီ ထက်ထက်မိုးဦး

၁၉၉၈ ခုနှစ်က အနုပညာလောကထဲကို ခိုင်မာလာနှင်းဆီ ဆိုသည့် အမည်ဖြင့် စတင်ဝင်ရောက်ခဲ့ပြီး ထက်ထက်မိုးဦးအမည်ဖြင့် ရုပ်ရှင်လောကတွင် ထပ်ဆင့်အကယ်ဒမီ ရရှိခဲ့သလို တီဗွီကြော်ငြာများတွင်လည်း အနုပညာ ဘုရင်မတစ်ဦးအဖြစ် ပရိသတ်တင်စားခြင်းကို ခံခဲ့ရသည့် ထက်ထက်မိုးဦးအနေဖြင့် လာမည့် ဒီဇင်ဘာလထဲတွင် ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားတစ်ကား၌ အဆိုတော် ရွှေထူး၏ အစ်မအဖြစ် သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ထက်ထက်မိုးဦးအနေဖြင့် နှလုံးရောဂါ အခံရှိသူတစ်ဦးလည်းဖြစ်သောကြောင့် ကျန်းမာရေးအခြေအနေအရ ဇာတ်ကားရိုက်ကူးမှုများကို နားထားခဲ့ရပြီးနောက် ယခု အနုပညာလှုပ်ရှားမှုများကို ပြန်လည်လုပ်ကိုင်နေခြင်းဖြစ်ကြောင်း သိရသည်။

"ထက်က ကျန်းမာရေးက ခဏခဏဖြစ်နေတာဆိုတော့ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နေရတဲ့ အချိန်က များတယ်၊ အရမ်းကြီး ပင်ပန်းတာမျိုးကို လုပ်ရတဲ့ လုပ်ကွက်တွေတော့ မလုပ်နိုင်တော့ဘူးလေ ၊ အခုလည်း ကိုယ့်ကိုယ် ပရိဂျူဆာတွေက လာငှားကြတဲ့အခါ အမေခန်း၊ အစ်မခန်းတွေ များပါတယ်၊ ကိုယ်ကလည်း အနုပညာသမားတစ်ယောက်ဆိုတော့ အနုပညာစိတ်က ဘယ်တော့မှ ပျောက်မှာမဟုတ်ဘူးဆိုတော့ လက်ခံပြီး ကြိုက်ရင် ရိုက်တာပါပဲ၊ ကျန်းမာရေးကလည်း မဆိုးဘူးဆိုတဲ့အခြေအနေလေး ဖြစ်လာတော့ အခုလာမယ့် ဒီဇင်ဘာလထဲမှာတော့ အဆိုတော်ရွှေထူးနဲ့ သူ့ရဲ့အစ်မနေရာကနေ သရုပ်ဆောင်ဖို့ ပြင်ဆင်နေပါတယ်၊ အခုရိုက်မယ့် ကားလေးက ဒရမ်မာ ကားလေး တစ်ကားပါပဲ၊ ထက်တို့က အခုချိန်မှာ အသက်အရွယ်အရဆိုတော့ အရင် ငယ်ရွယ်တုန်းကလိုတော့ ကိုယ်လုပ်ချင်တာလုပ်ခွင့် ဘယ်ရတော့မလဲပေါ့နော်၊ တစ်ချိန်က ကိုယ်တွေငယ်တုန်းကလည်း ကိုယ့်ရှေ့က အနုပညာရှင်ကြီးတွေက နေရာဖယ်ပေးရတာ သဘာဝပဲလေ၊ ဒါတွေ လိုက်ခံစားနေလို့တော့ ဘယ်ရမလဲ၊ အရင်တုန်းကအချိန်တွေကို လွမ်းမိတာတော့ အမှန်ပါပဲ"ဟု ထက်ထက်မိုးဦးက ပြောဆိုသည်။

ယခုခေတ်တွင် ပြောင်းလဲတိုးတက်လာသော အနုပညာဖန်တီးမှုအခြေအနေများနှင့် ပတ်သက်၍လည်း ထက်ထက်မိုးဦးက "ပြောင်းလဲမှုတွေကတော့ အလွန်ကို ကောင်းလာပါတယ်၊ ထက်တို့တုန်းက ပုံစံလေးတွေက အခြေခံသဘောတရားလောက်တော့ ရှိသေးတာပေါ့နော်၊ အခုဆို ရိုက်ချက်တွေ၊ စကားပြောတဲ့ပုံစံတွေ၊ ရိုက်မယ့်ပုံစံတွေ၊ ယူထားတဲ့ အပြင်အဆင်တွေ အကုန်လုံးက အရင်ကထက် ကွာသွားတယ်"ဟု သုံးသပ်ပြောကြားသည်။

**ကိုလင်း**



## ဒါရိုက်တာ ထူးပိုင်ဇော်ဦး၏ 'သူစိမ်းအိမ်' ဇာတ်ကား ရုံတင်သည့်နေ့တွင် နိုင်ငံအနှံ့ရှိ ရုပ်ရှင်ရုံများ၌ အောင်မြင်မှုများ ရရှိနေ

'ည' ရုပ်ရှင်ဇာတ်ကားဖြင့် အောင်မြင်မှုများ ရရှိခဲ့သော လူငယ်ဒါရိုက်တာ ထူးပိုင်ဇော်ဦး၏ သူစိမ်းအိမ် ရုပ်ရှင်ဇာတ်ကားအနေဖြင့် စတင်ပြသသည့် ဩဂုတ် ၁ ရက်တွင် ပရိသတ်၏ စိတ်ဝင်စားမှုအများအပြားကို ရရှိနေကြောင်း သိရသည်။

Junction City ရုပ်ရှင်ရုံများတွင် စတင်ပြသသည့် ဩဂုတ် ၁ ရက်အတွက် လက်မှတ်များကို ခုံအပြည့် ရောင်းချခဲ့ရသလို Mega Ace ရုပ်ရှင်ရုံများတွင်လည်း ပုံမှန်ပွဲချိန်ထက်ပို၍ ပွဲချိန်များ ထပ်တိုးပြသရသည်အထိ အောင်မြင်မှုများ ရရှိနေကြောင်း သိရသည်။ ထို့အတူ နိုင်ငံအနှံ့ရှိ Paradiso ရုပ်ရှင်ရုံများတွင်လည်း တစ်ပတ်အတွင်း ပုံမှန်ပွဲချိန်များထက်ပို၍ ပွဲချိန်များ ထပ်တိုးထားရကြောင်း သိရသည်။

အဆိုပါ သူစိမ်းအိမ် ရုပ်ရှင်တွင် သရုပ်ဆောင် အကယ်ဒမီလွင်မိုး၊ ဂျူကာ၊ ချာလီ၊ ရှိန်းတင်ထူး၊ အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ်၊ အကယ်ဒမီ လင်းဇာနည်ဇော်၊ အကယ်ဒမီဖွေးဖွေး၊ မြတ်နိုးအေး၊ ကူးကူးဇင်အောင် စသည့် သရုပ်ဆောင်များ ပါဝင်ထားကာ ဇာတ်လမ်းအမျိုးအစားမှာ စိတ္တဇလူသတ် သည်းထိတ်ရင်ဖို ဇာတ်လမ်းဖြစ်ပြီး ဇာတ်ကားကို အချိန် နှစ်နှစ်ကျော်ကြာ ရိုက်ကူးထားကြောင်း သိရသည်။



**ဝေလင်း**



# မြန်မာစကားသမိုင်းအတွက် (၃)

## မောင်ခင်မင် (ဓနုဖြူ)

"အခုခေတ်နဲ့မတူတဲ့ ပုဂံခေတ်က သရသံတွေကို ကျောက်စာ၊ မင်စာအထောက်အထားအရ လေ့လာကြည့်ခဲ့သေးသလား"

"ဟုတ်ကဲ့၊ လေ့လာခဲ့ပါတယ် ဆရာ။ အခုခေတ် 'ရွှေ၊ ငွေ' ဆိုတဲ့ စကားလုံးတွေကို ပုဂံခေတ်က 'ရှုယ်၊ ငုယ်' လို့ရေးတာ တွေ့ရပါတယ်။ အသံထွက်ကလည်း 'ရှူအယ်'၊ 'ငုအယ်' ဆိုတဲ့ အသံမျိုးနဲ့ နီးမယ် ထင်ပါတယ် ဆရာ"

"သမီးလည်း လေ့လာကြည့်ပါတယ်။ 'လွန်' ကို 'လောန်'၊ ကျွန်ကို 'ကျောန်'၊ 'သွန်း' ကို 'သောန်' လို့ရေးတာတွေ့ရပါတယ်"

"ဟုတ်ပါပြီ"

"ပြီးတော့ 'အထွတ်' ကို 'အထောတ်'၊ 'လွှတ်' ကို 'လှောတ်' လို့ ရေးပါတယ်။ အသံထွက်ကြည့်တော့ 'အောန်'၊ 'အောတ်' ဆိုတဲ့ ခပ်ဝဲဝဲအသံမျိုးဖြစ်နေပါ တယ် ဆရာ။ ပုဂံခေတ်က အဲဒီသရသံတွေကို အဲဒီလို အသံမျိုး ထွက်ခဲ့လိမ့်မယ်လို့ ယူဆမိပါတယ်"

"ဟုတ်ပါပြီကွယ်။ အဲဒီလိုပဲ 'ချစ်' ကို 'ချတ်'၊ 'ခစ်' ကို 'ခတ်' လို့ရေးတာ 'အစဉ်' ကို 'အစန်'၊ 'ယှဉ်' ကို 'ယှန်' လို့ ရေးတာတွေကိုကြည့်ပြီး အသံထွက်တော့လည်း အဲဒီလို 'အန်' သရသံထွက်လိမ့်မယ်လို့ မှန်းဆရတာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ...သရသံအကြောင်း ဒီလောက်ပြောရင် လမ်းစရလောက်ပါပြီ။ ဗျည်းသံတွေအကြောင်း ဆက်ပြောရအောင်။ လွယ်လွယ်နဲ့မြင်သာတဲ့ ဗျည်းတွဲ အကြောင်းကစပြောမယ်။ ဗျည်းတွဲဆိုတာ ခုခေတ်မှာ ယပင့်၊ ရရစ် ဗျည်းတွေပေါ့။ ယပင်းက ယအက္ခရာနဲ့ ဘေးကပင့်ထားတာ၊ ရရစ်က ရ အက္ခရာနဲ့ရစ်ထားတာ ဆိုတာ သိကြမှာပေါ့"

"ဟုတ်ကဲ့သိပါတယ် ဆရာ"

"ဒီနေရာမှာ ယပင့်ရော၊ ရရစ်ရော ခုခေတ်မှာ ယ သံချည်းပဲထွက်တာကို သတိပြုမိမယ်ထင်တယ်"

"သတိပြုမိပါတယ် ဆရာ"

"မကိုယပင့်ရင်လည်း /မျ/ လို့အသံထွက်တယ် မကို ရရစ်ရင်လည်း /မျ/ လို့ပဲ အသံထွက်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"လေ့လာကြည့်ရင် 'ယ' နဲ့ 'ရ' ဟာ မူလတုန်းက အသံ မတူတာတွေ့မှာပေါ့။ ပါဠိစကားမှာ ရကို လျှာလိပ်သံထွက်တယ် မဟုတ်လား။ ယကိုသာ ယသံထွက်တာလေ။ မွန်စကားမှာလည်း အဲဒီလိုပဲ 'ရ'သံနဲ့ 'ယ'သံခွဲပြီး ထွက်တယ်။ အဲဒီတော့ မွန်အက္ခရာကို အခြေခံပြီး မြန်မာစာစရေးတုန်းက အဲဒီ 'ရ'သံနဲ့ 'ယ' သံခွဲပြီးထွက်ခဲ့မယ်လို့ ယူဆရတယ်"

"ဟုတ်ကဲ့ပါ"

"အခုခေတ်မှာ 'ရက်' လို့ရေးတာကို ပုဂံခေတ် တုန်းက 'ရျက်' လို့ ယပင်းနဲ့ရေးတယ်။ 'ဆရာ' ကျတော့ 'ဆြျာ' လို့ ရရစ်နဲ့ ရေးတာရှိတယ်။ အသံထွက်ကြည့်ရင် 'ရျက်' မှာ ရကိုလျှာလိပ်သံနဲ့ ထွက်ပြီးမှ တွဲထားတဲ့ ယပင့်ကို ယသံထွက်ရတာပေါ့။ အဲဒီလိုပဲ ဆြျာမှာလည်း ဆမှာပါတဲ့ရရစ်ကိုလျှာလိပ်သံထွက်ပြီး ယပင်းကို ယသံထွက်ရတယ်။ ဒါကြောင့် ဗျည်းသံနှစ်ခုတွဲတဲ့ဗျည်းတွဲတွေမှာ နောက်ကတွဲတဲ့ 'ရ' နဲ့ 'ယ' ဟာ အသံတူ မဟုတ်ဘဲ 'ရ'ကို လျှာလိပ်သံ၊ 'ယ'ကို'ယ'သံထွက်ရတယ်ဆိုတာ သိရတာပေါ့။ ဒါစာ အရေးအသားကို အထောက် အထားပြုပြီး ပြောရတာလေ"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ချက်က ပုဂံခေတ်တုန်းက ဗျည်းတွဲ တွေမှာ မူလဗျည်းရဲ့နောက်က လဗျည်းတွဲတာလည်း ရှိတယ်။ ကျောင်းကို 'က္လောင်' လို့ရေးတာ၊ မြေကို 'မ္လိယ်'လို့ရေးတာတွေမှာပေါ့"

"တွေ့ပါတယ် ဆရာ။ ချင်ကို 'ခ္လင်'၊ ဖြစ်ကို 'ဖ္လစ်' လို့ ရေးတာတွေလည်း တွေ့ပါတယ်"

"စာအရေးအသားအနေနဲ့ ပြောရင်တော့ 'လဆွဲ' လို့ ပြောရမှာပေါ့။ အခုခေတ်မှာတော့ အဲဒီလဆွဲသံ မသုံးတော့ သလောက်ပဲ။ အဲဒီလိုပြောရတာက ထားဝယ်ဒေသမှာတော့ လဆွဲသံရှိနေသေးတာက လေ့လာကြည့်နိုင်တယ်။ ဒါဘာပြသလဲ ဆိုရင် ရှေးတုန်းက မြန်မာစကားမှာ လဆွဲသံသုံးတယ်။ နောက်ပိုင်းမှာ ပျောက်ကုန်ပြီ။ ထားဝယ်မှာတော့ အဲဒီရှေးမြန်မာ စကားသံကို ခုအထိ ထိန်းသိမ်းထားတယ်ဆိုတဲ့ အချက်ပဲ"

"ပုဂံကျောက်စာနဲ့၊ ထားဝယ်စကားနဲ့ အခုလို ဆက်စပ် ပြောပြတာ သမီးတို့အတွက် အသိတိုးပါတယ် ဆရာ။ ကျေးဇူး တင်ပါတယ်"

"စိတ်ဝင်စားစရာကောင်းတာက ဆရာပြောခဲ့ သလိုပဲ၊ ပုဂံခေတ်တုန်းက ဗျည်းတွဲတွေမှာ အရင်းခံ ဗျည်းနောက်က တွဲတဲ့ အသံသုံးမျိုးရှိတယ်မဟုတ်လား။ ယ သံရယ်၊ ရ သံရယ်၊ လ သံရယ်ပေါ့။ ဒီအသံတွေကို ယပင့်၊ ရရစ်၊ လဆွဲ ဆိုတဲ့ ရေးထုံးတွေအရ သိရတာ လေ။ ဒါပေမယ့် ခုခေတ်မှာ ရရစ်လို့ ခေါ်တဲ့ ရ လျှာလိပ် သံရော၊ လဆွဲလို့ခေါ်တဲ့ လ သံရော ယပင့် သံလို့ခေါ်တဲ့ ယ သံအဖြစ် ပြောင်းသွားပြီဆိုတဲ့အချက်ပဲ"

**"စိတ်ဝင်စားစရာကောင်းတာက ဆရာပြောခဲ့သလိုပဲ၊ ပုဂံခေတ်တုန်းက ဗျည်းတွဲတွေမှာ အရင်းခံ ဗျည်းနောက်ကတွဲတဲ့ အသံသုံးမျိုးရှိတယ်မဟုတ်လား။ ယ သံရယ်၊ ရ သံရယ်၊ လ သံရယ်ပေါ့။ ဒီအသံတွေကို ယပင့်၊ ရရစ်၊ လဆွဲ ဆိုတဲ့ ရေးထုံးတွေအရ သိရတာလေ။ ဒါပေမယ့် ခုခေတ်မှာ ရရစ်လို့ ခေါ်တဲ့ ရ လျှာလိပ်သံရော၊ လဆွဲလို့ခေါ်တဲ့ လသံရော ယပင့်သံလို့ခေါ်တဲ့ ယ သံအဖြစ် ပြောင်းသွားပြီဆိုတဲ့အချက်ပဲ"**

"ဆရာ၊ လဆွဲ မရှိတော့ပေမယ့် ရရစ်တော့ ရှိသေးတယ် မဟုတ်လား"

"အရေးအနေနဲ့တော့ ရှိသေးတယ်လေ။ အသံက လျှာလိပ်သံမှ မထွက်တော့တာ။ ယ သံဖြစ်နေပြီ မဟုတ်လား"

"သြော်... ဟုတ်ကဲ့ပါဆရာ၊ သမီးရောသွားလို့ပါ"

"ဒီတော့ မြန်မာစာပေါ်ပေါက်ခါစ ဗျည်းတွဲသံတွေ မှာ လဆွဲသံကလည်း ယပင့်သံကို ပြောင်းတယ်။ ရရစ်သံကလည်း ယပင့်သံကို ပြောင်းတယ်။ မူလကရှိနေတဲ့ ယပင့်သံလည်းရှိတယ်။ အသံသုံးမျိုးဟာ တစ်မျိုး တည်းပေါင်းဖွဲ့သွားတဲ့ သဘောပေါ့ ကွယ်"

"နားလည်ပါပြီ ဆရာ"

"ကဲ... အရင်းခံဗျည်းတွေကရော ဘယ်လိုသဘော ရှိသလဲ။ ဆက်ကြည့်ရအောင်။ ဗျည်းတွေကတော့ အရေးအက္ခရာတွေက ခုခေတ်နဲ့အတူတူပါပဲ။ 'က' က 'အ' အထိ ၃၃ လုံးပေါ့။ 'အ' ကတော့ သရထဲလည်း ပါတယ်။ ဗျည်းထဲလည်းပါတယ်မဟုတ် လား။ ဗျည်းသံ ကျတော့ ပြောစရာရှိလာတယ်။ ဒါအရေးလည်း ကြီးတယ်။ လိုရင်းကိုပြောရရင် ပုဂံခေတ်မှာ ဂ၊ ဃ၊ ဇ၊ ဈ၊ ဒ၊ ဓ၊ ဗ၊ ဘ ဆိုတဲ့ သံပြင်းဗျည်းတွေကို က၊ ခ၊ စ၊ ဆ၊ တ၊ ထ၊ ပ၊ ဖ ဆိုတဲ့ သံညင်းဗျည်းတွေနဲ့ ပြောင်းပြီး ရေးတာ တစ်သမတ်တည်း တွေ့ရတယ်ကွဲ့"

"သြော်... ဟုတ်ကဲ့ပါ"

"ပိုပြီးရှင်းအောင်ပြောရရင် ဂကို ကနဲ့ ပြောင်းရေး တယ်။ ဃ ကို ခနဲ့ ပြောင်းရေးတယ်။ အဲဒီလိုပဲ အစဉ် အတိုင်း သံပြင်းကို သံညင်းနဲ့ ပြောင်းရေးတာတွေ့ရ တယ်"

"ဟုတ်ကဲ့ ကျောက်စာမှာ 'သံဃာ' ကို သင်္ခါ' လို့ ရေးတာ သမီးတွေ့ဖူးပါတယ် ဆရာ"

"ကျွန်တော်ကတော့ 'ဓမ္မ' ကို 'ထမ္မ' လို့ ရေးတာ သတိထားမိပါတယ်ဆရာ"

"ဟုတ်တာပေါ့။ အဲဒီအတိုင်းပဲ။ 'ဂူ' ကို 'ကူ' လို့ ရေးတယ်။ မာဃကို မာခ လို့ရေးတယ်။ 'ဇယ' ကို 'စယ'၊ ဒဏ်ကိုတန်၊ ဇာတ်တော်ကို ထတ်တစ်၊ ဗေဒင်ကို ပေတင်၊ ဘေးကို ဖိယ်လို့ ရေးတာ တွေ့ရတယ်။ ဒါက နမူနာပြတာပါ"

"ဟုတ်ကဲ့ပါ"

"အထူးသဖြင့် သံပြင်းလို့ခေါ်တဲ့အသံတွေက ပါဠိ သက္ကတ စကားလုံးတွေမှာ အသုံးများတယ်။ အဲဒီစကား လုံးတွေကို ပုဂံသားတွေက သံညင်းလို့ခေါ်တဲ့ အသံပျော့တဲ့ စာလုံးတွေနဲ့ ပြောင်းပြီးရေးတာကို ကြည့်ရင် အဲဒီတုန်းက မြန်မာတွေဟာ သံပြင်း ဗျည်းတွေကို ရွတ်ဆိုလေ့ မရှိဘူး။ သံညင်းနဲ့ ပြောင်းပြီး အသံထွက် လေ့ရှိတယ်လို့ ယူဆရတာ ပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"နောက်ခေတ်ပညာရှင်တွေကလည်း အဲဒီပြဿနာကို သတိပြုမိကြတယ်။ မော်ဘီဆရာ သိန်းကြီးက ပေါရာဏဒီပနီ ကျမ်းမှာ မြန်မာဗျည်း ၃၃ လုံးမှာ ဂ၊ ဃ၊ ဇ၊ ဈ၊ ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊ ဒ၊ ဓ၊ ဗ၊ ဘ၊ ဠ ဆိုတဲ့ ၁၄ လုံးဟာ ပါဠိသက္ကတစကားတွေနဲ့ ဆိုင်တယ်။ မြန်မာစကားစစ်စစ်မှာ က၊ ခ၊ င၊ စ၊ ဆ၊ ည၊ တ၊ ထ၊ န၊ ပ၊ ဖ၊ မ၊ ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ အ ဆိုတဲ့ ၁၉ လုံးက မြန်မာစကားလုံးစစ်စစ်တွေမှာ သုံးတယ်လို့ ခွဲခြား ပြဖူးတယ်။ ဒီတော့ မြန်မာဗျည်းသံတွေမှာ ပုဂံခေတ်တုန်းက သံညင်းတွေက ပဓာနကျတယ်။ သံပြင်းတွေကတော့ မြန်မာတွေ ရွတ်ဆိုလေ့မရှိတဲ့ အသံတွေဖြစ်တယ်လို့ နားလည် နိုင်ပါတယ်။ ဒါဟာ ပုဂံခေတ်က မြန်မာ သရသံ၊ ဗျည်းသံ တွေအကြောင်း စာအရေးအသားကို အထောက်အထားပြု ပြီး စူးစမ်းလေ့လာကြည့်တာပါပဲကွယ်။ ကဲ... ဒီလောက်ပဲ နားကြစို့"

## တီးတိန်၌ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

**တီးတိန် ဩဂုတ် ၂**

ချင်းပြည်နယ် တီးတိန်မြို့နယ် ဘောလုံးအဖွဲ့ချုပ်နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် မြို့နယ်အုပ်ချုပ်ရေးမှူးဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇူလိုင်လနောက်ဆုံးပတ်က တီးတိန်မြို့ ကမ်းဟောက်အားကစားကွင်း၌ ပြုလုပ်သည်။

အထူးပွဲအဖြစ် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အမျိုးသမီးများ ယှဉ်ပြိုင်ပြီး ဗိုလ်လုပွဲတွင် စကောလမ်းအသင်းနှင့် ပညာရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စကောလမ်းအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဂိုးသမားဆု၊ နောက်တန်းဆု၊ အလယ်တန်းဆု၊ ရှေ့တန်းဆု၊ အကောင်းဆုံးအားကစားသမားဆု၊ ပထမနှင့် ဒုတိယရရှိသည့် အသင်းများအား လည်ဆွဲပြားနှင့် ငွေသားဆုများကို တာဝန်ရှိသူတို့က ပေးအပ်ချီးမြှင့်သည်။

အဆိုပါဘောလုံးပြိုင်ပွဲတွင် စကောလမ်းအသင်း၊ မြို့မအသင်း၊ လွယ်ဘွာလ် အသင်း၊ လေးလုမ်းအသင်း၊ ဌာနပေါင်းစုံ အသင်းနှင့် ပညာရေးအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေကူရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့အသံရေဒီယို အစီအစဉ်များကို FM စနစ်ဖြင့် စတင်၍ ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် မြန်မာ့အသံ FM ရေဒီယို လွှင့်စက်များ တိုးချဲ့တပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မြစ်ကြီးနားဇုန်နယ်လက်အောက်ရှိ ရွှေကူရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ တပ်ဆင်ရန်အတွက် FM လွှင့်စက် (150 W) တစ်စုံကို ဝယ်ယူဆောင်ရွက်ခဲ့သည်။ ဇူလိုင် ၂၄ ရက်တွင် အဆိုပါ FM လွှင့်စက် (150 W) နှင့် ဆက်စပ်ပစ္စည်းများကို စတင်တပ်ဆင်ခဲ့ပြီး ဇူလိုင် ၂၇ ရက်တွင် တပ်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။ ဇူလိုင် ၂၈ ရက် နံနက် ၆ နာရီမှ စတင်၍ မြန်မာ့အသံရေဒီယို FM အစီအစဉ်များကို လွှင့်အား (150 W)၊ လှိုင်းနှုန်း (88.3 MHz) ဖြင့် စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။

ရွှေကူရုပ်သံစက်ရုံမှ မြန်မာ့အသံရေဒီယို FM အစီအစဉ်များ ထုတ်လွှင့်မှုကို ရွှေကူမြို့ပေါ်ရပ်ကွက် (၄)ရပ်ကွက်နှင့် သဘော်အင်း၊ ပေါက်ကုန်း၊ ငါးဘတ်ကြီး၊ ပန်းတင်၊ စင်းဖုတ်၊ တော်လန်ကိုင်း၊ ခေါလဲ၊ စီသာ၊ စီမော်၊ ဝင်ဝ၊ မံဝိန်း၊ နောင်လတ်ကြီး၊ တုံးပုံ၊ တိန်းဟွန်း၊ နွတ်ချို၊ ကျောက်ကြီး၊ ရွှေဘုံသာ၊ ပေါက်ကုန်း၊ မိုးစစ်နှင့် ဆင်တပ် စသည့်ကျေးရွာတို့မှ ကြည်လင်ပြတ်သားစွာ ဖမ်းယူနားဆင်နိုင်သည်။

ရွှေကူရုပ်သံစက်ရုံ မြန်မာ့အသံ ရေဒီယို FM အစီအစဉ်များကို လွှင့်အား (150 W)၊ လှိုင်းနှုန်း (88.3 MHz) ဖြင့် ဩဂုတ် ၁ ရက်မှစတင်၍ ပုံမှန်ထုတ်လွှင့်သွားမည် ဖြစ်သည်။

**သတင်းစဉ်**



သံတွဲမြို့နယ် ရွှေလေ့ကျေးရွာအထက်တန်းကျောင်း၌ ဩဂုတ် ၁ ရက်က မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။

**(အဆိုပါ ဟောပြောပွဲတွင် ရွှေလေ့နယ်မြေစခန်းမှူး ရဲအုပ် မျိုးထွန်းက မူးယစ်ဆေးဝါး၏ သားကောင်များမဖြစ်စေရန်နှင့် မူးယစ်ဆေးဝါးဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ သံတွဲမြို့ယာဉ်ထိန်း တပ်ဖွဲ့စု(၂၄)မှ ရဲအုပ်သန်းစိုးအောင်က ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကိုလည်းကောင်း အသိပညာပေးဟောပြောကြသည်)** ၁၆၄

## မိုင်းဖြတ်၌ မူလမြေပိုင်ရှင် သုံးဦးအား မြေယာအစား ပြန်လည်ပေးအပ်

**မိုင်းဖြတ် ဩဂုတ် ၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်၌ ၁၉၉၃ ခုနှစ်က တိုးချဲ့မြို့ကွက်သစ် ဖော်ထုတ်ရာတွင် ပါဝင်သွားသည့် မြေနေရာများအတွက် လျော်ကြေး၊ နစ်နာကြေး ရယူခဲ့ခြင်း မရှိသည့် မူလပိုင်ရှင်သုံးဦးအား မြေပေးမိန့်ပေးအပ်ပွဲကို ဇူလိုင်လနောက်ဆုံးပတ်က မြို့နယ် အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်နှင့် ဦးအားကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် တာဝန်ရှိသူတို့က မူလပိုင်ရှင်များဖြစ်သည့် ဒေါ်နန်းကိန် - ကျိုင်းဆမ်ဆုအား ဧရိယာ ၃ ဒသမ ၆၀ ဧကကိုလည်းကောင်း၊ ဒေါ်နန်းကောင်ခမ်းအား ၂ ဒသမ ၉၅ ဧက ကိုလည်းကောင်း၊ ဦးစိုင်းလုံ - အီနန်းအွမ်အား ၂ ဒသမ ၄၅ ဧကကိုလည်းကောင်း ပေးအပ်ခဲ့သည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

# တောင်ငူ ၅၂ မြို့ရှာပုံတော်

## သောင်းကေတု

**ပထမမြန်မာနိုင်ငံ ပုဂံမင်းဆက် ပျက်သုဉ်းပြီးနောက်ပိုင်းတွင် သူတလူငါတမင်းဖြင့် မြန်မာနိုင်ငံ ဒေသအသီးသီး၌ မြို့ပြနိုင်ငံများ ပေါ်ထွန်းလာခဲ့ကြသည်။ မြင်စိုင်း၊ ပင်းယ၊ အင်းဝ၊ ဟံသာဝတီ၊ တောင်ငူ စသဖြင့် တထီးတနန်း စံမြန်းခဲ့ကြသည်။ အေဒီ ၁၅ ရာစုတွင် တောင်ငူမင်းဆက်ကို တည်ထောင်သူ မင်းကြီးညိုက တောင်ငူဒေသတစ်ဝိုက်ကို စည်းရုံးသိမ်းသွင်းကာ မြန်မာတစ်ပြည်လုံးကို ပြန်လည်စုစည်းရန် စတင်လုပ်ဆောင်ခဲ့သည်။ သားတော် တပင်ရွှေထီး၊ ဘုရင့်နောင်တို့လက်ထက်တွင် မြန်မာတစ်ပြည်လုံးသာမက ယိုးဒယား၊ လင်းဇင်း ၊ မဏိပူရတို့ကိုပါ ဩဇာလွှမ်းမိုးခဲ့သည်။ ဘုရင့်နောင်ကို ဆက်ခံသူသားတော် နန္ဒဘုရင်လက်ထက်တွင် အုပ်ချုပ်မှုညံ့ဖျင်းသောကြောင့် နိုင်ငံပြိုကွဲခဲ့ရသည်။ ဘုရင့်နောင်၏ သားတော်တစ်ပါးဖြစ်သော ညောင်ရမ်းမင်းက ပြန်လည်စည်းရုံးသိမ်းသွင်းကာ ဘုရင့်နောင်၏အရိုက်အရာကို ထိန်းသိမ်းနိုင်ခဲ့သည်။**

ထိုအချိန်မှစ၍ တောင်ငူ၊ ပဲခူး စသောမြို့ကြီးများမှာလည်း မင်းညီမင်းသား၊ ဘုရင်ခံ၊ မြို့ဝန်တို့အုပ်ချုပ်သော မြို့များအဖြစ်သို့ ကျဆင်းလာခဲ့သည်။ ညောင်ရမ်းခေတ် ပင်းတလဲမင်းလက်ထက်တွင် ညီတော် မင်းရဲကျော်ထင်ကိုလည်းကောင်း၊ မင်းရဲဇေယျသူရကို ပြည်မင်းလက်ထက်တွင်လည်းကောင်း၊ မင်းရဲကျော်ထင်လက်ထက်တွင် မင်းရဲနရသီဟကိုလည်းကောင်း၊ စနေမင်းလက်ထက်တွင် မင်းရဲကျော်ထင်၏ သားတော် နေမျိုးဒတ္တကိုလည်းကောင်း၊ ဟံသာဝတီရောက်မင်းလက်ထက်တွင် တောင်ငူရာဇာကိုလည်းကောင်း တောင်ငူမြို့၏ ဘုရင်ခံအဖြစ် ခန့်အပ်ခဲ့သည်။ ကုန်းဘောင်ခေတ်တွင် အလောင်းဘုရား၏ ညီအရင်း သတိုးသခ်သူ (ဦးရွှေကြူ) ကို တောင်ငူဘုရင်ခံအဖြစ် ခန့်အပ်ခဲ့သည်။ နောင်တော်ကြီးလက်ထက်တွင် ပုန်ကန်သဖြင့် ဖယ်ရှားခံရသည်။ ဘိုးတော်ဘုရား၏ တတိယသားတော် သတိုး ဓမ္မရာဇာ (ဦးရွှေပုံ) ကို တောင်ငူဘုရင်ခံအဖြစ် ခန့်အပ်ခဲ့သည်။ ထို့နောက်ပိုင်းတွင် တောင်ငူကို သာမန်မြို့ဝန်များသာ အုပ်ချုပ်ကြသည်။

တောင်ငူမြို့မှ စီမံခန့်ခွဲသော နယ်မြေ ၅၂ ခုရှိသည်။ ကေတုမတီ တောင်ငူ ၅၂ မြို့ဟု ခေါ်ကြသည်။ အလားတူပင် ဟံသာဝတီ ၃၂ မြို့၊ မုတ္တမ ၃၂ မြို့၊ ပုသိမ် ၃၂ မြို့၊ ဇင်းမယ် ၅၇ မြို့ဟု အုပ်ချုပ်စီရင်ရသော နယ်မြေအပိုင်းအခြားကို ဖော်ပြကြသည်။ တောင်ငူ ၅၂ မြို့မှာ မြောက်ဘက်အစွန်ဆုံး ညောင်လွန့် (ရမည်းသင်းတောင်ဘက်)၊ တောင်ဘက်အစွန်ဆုံး မင်းရဲလှမြို့ (ညောင်လေးပင်မြို့နယ် တော်ဝိအနီး) အထိ ကျယ်ဝန်းသည်။ ယခုတောင်ငူခရိုင် နှစ်ဆခန့် ကျယ်ဝန်းသည်။

တောင်ငူ ၅၂ မြို့တွင် ပါဝင်သောမြို့များမှာ အရှေ့မြောက်ထောင့်တွင် (၁) ခရင်းမြို့၊ (၂) တောင်တွင်းမြို့ (၃) မင်းမူးမြို့၊ (၄)နေရဗန်မြို့၊ (၅) ကမ်းနီမြို့၊ အရှေ့တောင်ထောင့်တွင် (၁) ရှားစေးမြို့၊ (၂) ကသောင်းတောင်မြို့၊ (၃) မြို့သစ် မြို့၊ (၄) ကုလားမြို့၊ (၅) မင်းတပ်မြို့၊ (၆) မုန်းမြို့၊ (၇) ကြောင်ပြာမြို့၊ (၈) ကျောက်မော်မြို့၊ (၉) ဝတီးမြို့၊ (၁၀) ဆည်မြောင်းမြို့၊ (၁၁) ရွှေလွန်တောမြို့၊ (၁၂) ဗာရာဏသီမြို့၊ တောင်မျက်နှာတွင် (၁) ကျောက်စောင်းမြို့၊ (၂) စမ္ပါဝတီ မြို့၊ (၃) မြယာဝတီမြို့၊ (၄) အနန်းဘော်မြို့၊ (၅) ကျောက်စရစ်မြို့၊ (၆) မင်းရဲလှမြို့၊ (၇) ကမ္ဘောစသာတီမြို့၊ (၈) ဇေယျဝတီမြို့၊ (၉) တုံခန်းမြို့၊ အနောက်မျက်နှာတွင် (၁) ဧညဝတီမြို့၊ (၂) အောင်ကလိန်မြို့၊ (၃) ပပဲမြို့ ၊ အနောက်မြောက်ထောင့်တွင် (၁) လုံရမ်းမြို့ ၊ (၂) အောင်သာမြို့ ၊ (၃) စိုင်မြို့ ၊ (၄) တောင်ညိုမြို့ ၊ (၅) ကြက်သားမြို့၊ (၆) ငနွယ်ကုန်း (ဝါးနွယ်ကုန်း) မြို့၊ (၇) ဝက္ကမူမြို့၊ (၈) ပြကောင်းမြို့ (ကျည်တောင်)၊ (၉) အိုင်ပုမြို့၊ (၁၀) ကူသပိတ်မြို့၊ (၁၁) သိုမြို့၊ မြောက်မျက်နှာတွင် (၁) ဘင်ပြည်မြို့၊ (၂) ကြက်ခြေမြို့၊ (၃) သံလွင်မြို့၊ (၄) သာဂရမြို့၊ (၅) နောင်ပြင်မြို့ (ရန်အောင်မြင်)၊ (၆) ရွှေမြို့ ၊ (၇) ကစိန်အင်း (ငါးစိမ်းအင်း)မြို့ ၊ (၈) စအုံမြို့ ၊ (၉) နင်းကြမ်းမြို့ ၊ (၁၀) ကင်းသာမြို့ ၊ (၁၁) မြို့လှမြို့ ၊ (၁၂) ကျောက်ချပ်



နေပြည်တော်တစ်ဝိုက်ရှိ တောင်ငူ ၅၂ မြို့ဝင် မြို့ရွာများ။

အထက်ပါ မြို့ရုံ ၅၂ မြို့ တောင်ငူရာဇဝင်တွင် ဖော်ပြသော တောင်ငူ ၅၂ မြို့ဖြစ်သည်။

တောင်ငူစစ်တမ်း ၁၁၄၆ ခုနှစ် တောင်ငူ ၅၂ မြို့ဝင် မြို့ရွာများကို ဖော်ပြထားရာ စုစုပေါင်း ၃၆ ခုကို တွေ့ရှိရသည်။ အချို့မြို့ရွာအမည်သစ်များပါဝင်လာပြီး တချို့လည်း ပျောက်ကွယ်နေသည်။ တောင်ငူ ၅၂ မြို့ မြောက်ပိုင်းသည် ယခု နေပြည်တော်ဧရိယာတွင် ပါဝင်သော တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေးတစ်ဝိုက်တွင် ရှိသည်။ ညောင်လွန့်၊ တလိုင်းသေ၊ ရွှေမြို့ ၊ တောင်ညို၊ ကြည်တောင် (ကျည်တောင်)၊ ကျောက်ချက်၊ မင်းပြင်၊ ဝါးနွယ်ကုန်း (မင်းမကြီး)၊ ကြက်သား (လယ်မ)၊ တပ်တော်သာ ၁၀ မြို့သူကြီးများ၏ ထွက်ဆိုချက်တွင် နယ်မြေအကျယ်အဝန်း၊ အခွန်ကောက်ခံပုံ၊ အုပ်ချုပ်ပုံ အသေးစိတ် ပါဝင်ပါသည်။ ကင်းသာအမည်ကို တွေ့ရသော်လည်း အသေးစိတ် မပါရှိပါ။

ဆွာမြို့ ၊ ကဲလင်း၊ ကွမ်းအုံ၊ မြောင်းတူးတို့မှာ ယခုရေတာရှည်မြို့နယ်တွင် ပါဝင်သည်။ စည်ပင်၊ ရေကြည်မြို့ကြီး(ဧညဝတီ)၊ လယ်လှ၊ ဘာနှောင်း၊ ကန္ဒီ၊ မည်းဖြူ (သောက်ရေခပ်) တို့မှာ တောင်ငူမြို့နယ်တွင် တည်ရှိသည်။ ဖွဲ့တိုင်း-ဘုမ္မတီး၊ တပြည်း(တပြေး)တို့မှာ ထန်းတပင်မြို့နယ်၊ ဗာရာဏသီ (အနော်ရထာ၏ ကင်း ၄၃ မြို့ဝင်) မှာ သံတောင်ကြီးမြို့နယ်၊ ကျောက်မော်၊ ကျောက်ကြီး၊ ကပ်ကျေး၊ ကြောင်ပြာ၊ ဆည်မြောင်းမြို့များမှာ ယခုကျောက်ကြီးမြို့နယ်တွင် ရှိသည်။ ကင်းငယ်၊ ကံလှည့်၊ ဆားတောင်၊ ရေဖြူ၊ ချောင်းကာ၊ မည်းဟော်တို့မှာ အုတ်တွင်းမြို့နယ်တွင် တည်ရှိသည်။ ကျောက်စောင်း၊ ဇေယျဝတီမှာ ဖြူးမြို့နယ်တွင်လည်းကောင်း အနမ်းဘော်၊ တုံခန်း၊ ကျောက်စရစ်မြို့များမှာ ကျောက်တံခါးမြို့နယ်တွင်လည်းကောင်း၊ တောင်ဘက်အစွန်ဆုံးကျသည့် မင်းရဲလှမြို့သည် ညောင်လေးပင်မြို့နယ် တော်ဝိကျေးရွာအနီးတွင် တည်ရှိပါသည်။

ကျောက်မော်၊ ကြောင်ပြာ၊ မင်းရဲလှ၊ တုံခန်းမြို့တို့မှာ မူလက ဟံသာဝတီ ၃၂ မြို့တွင် ပါဝင်သော်လည်း ကုန်းဘောင်ခေတ်တွင် တောင်ငူမြို့၏ အုပ်ချုပ်မှုအောက်တွင် ပါဝင်လာသည်။

### တောင်ညိုမြို့

ယခု နေပြည်တော်-မကွေး-ကံပြားလမ်းအနီးတွင် တည်ရှိသော တောင်ညိုမြို့သည် ရေလွဲ ငါးခရိုင်တွင် ပါဝင်ပြီး တောင်ငူခေတ် မင်းကြီးညိုလက်ထက်မှစကာ တောင်ငူပိုင်နက်တွင် ပါဝင်လာခဲ့သည်။ တောင်ငူ ၅၂ မြို့ဝင် မြို့လည်းဖြစ်သည်။ တောင်ငူရာဇဝင်တွင် တောင်ငူမြို့မြောက်ဘက် တာ ၃၀၀၀၀ အကွာ တောင်ထိပ်ပေါ်တွင် ဂန္ဓပလ္လင်စေတီတည်ရှိကြောင်း သီရိဓမ္မာသောကမင်းကြီးက မြတ်စွာဘုရား၏ ညှပ်ရိုးတော်ဓာတ်ကို ဌာပနာကြောင်း ဖော်ပြထားသည်။ ၂၀၁၇ ခုနှစ်က တောင်ညိုကို အလည်ရောက်ခဲ့ရာတွင် ဂန္ဓပလ္လင်ဘုရားကို မထင်မှတ်ဘဲ ဖူးမြော်ခဲ့ရ၏။ နေပြည်တော်၊ သာယာကုန်းရွာအနီးတွင် တည်ရှိသော ဖိတ်ဖိတ်ရောင်စေတီကို သွားဖူးစဉ်က နန္ဒပေါ်မြို့ ဒုတိယနန်းစံ မော်ဇော်ကန္ဒုမင်းတည်ကြောင်း ကမ္ပည်းကျောက်စာရေးထားသည်ကို ဖတ်ရ၏။ နန္ဒပေါ်မြို့ တည်နေရာကို သိချင်နေ၏။ ဆရာကြီး ဦးပွားရေးသော တောင်ငူရာဇဝင်တွင် ပုဂံ နရပတိစည်သူမင်းကြီး တိုင်းခန်းလှည့်လည်ရာတွင် ဂန္ဓပလ္လင်ဘုရားကို ပြုပြင်မွမ်းမံပြီး နန္ဒပေါ်မြို့ကို မြစိမ်းတောင်ညိုဟု သမုတ်ခဲ့ကြောင်း၊ ထိုအခါမှစ၍ တောင်ညိုဟုတွင်ကြောင်း ဖော်ပြထားသည်။

ယခုအခါ တောင်ညိုမြို့သည် ဥတ္တရသီရိမြို့နယ်တွင် ပါဝင်သော ရပ်ကွက်တစ်ခု ဖြစ်လာသည်။ ၁၁၄၆ ခုနှစ် တောင်ငူစစ်တမ်းတွင် တောင်ညိုမြို့သူကြီး ငရွှေဝင်း အသက် ၂၇ နှစ်ကို မေးသော် အောက်ပါအတိုင်း ထွက်ဆိုသည်။ တောင်ညိုမြို့ကို အဘိုး ငထွန်းစံကျော် ကြီးစိုးသည်။ သူမရှိလျှင် သား ငဦးကြီး၊ ၎င်းနောက် ကျွန်တော် အုပ်ချုပ်သည်။ တောင်ညိုမြို့သည် အရှေ့ကို လေးတိုင်ကွာ ဘိုးစောင်းတောင်ရိုးအထိ တစ်ဖက် ရွှေမြို့မြေနှင့် ကြောကိုင်း၊ အရှေ့တောင်ကို ခုနစ်တိုင်ကွာ ဘိုးစောင်းတောင်အထိ၊ တစ်ဖက် ကြက်သားမြေနှင့် ကြောကိုင်း၊ တောင်ကို နှစ်တိုင်ကွာ ငလိုက်ချောင်းအထိ၊ တစ်ဖက်ကြက်သားမြေနှင့် ကြောကိုင်း၊ အနောက်တောင်ကို တာ တစ်သောင်းကွာ ပလွေးအိုင်ဝန်းအထိ၊ တစ်ဖက် ရေလွဲ ငါးခရိုင် သိုမြို့မြေနှင့် ကြောကိုင်း၊ အနောက်ကို ၁၄ တိုင်ကွာ ကုန်းခေါင်ရိုးမအထိ၊ တစ်ဖက် တောင်တွင်းကြီးမြေနှင့် ကြောကိုင်း၊ အနောက်မြောက် ကို ၁၄ တိုင်ကွာ အုတ်ပုံ၊ နစ်သားရုပ်၊ ကျောက်ခွက်၊ တစ်ဖက် ငလွှမ်းကွမ်းပေးအထိ၊ တစ်ဖက်ပင်းမြေ၊ ရန်အောင်မြို့သစ်မြေနှင့် ကြောကိုင်း၊ မြောက်ကို ၁၄ တိုင်ကွာ၊ နတ်စင်ရေထွက်၊ ပန်းလုတောင်၊ နတ်ဒန်းတိုင်၊ အင်းပတ်လက်၊ ကြက်ပျောက်ကုန်းအထိ၊ တစ်ဖက် ရမည်းသင်းမြို့မြေနှင့် ကြောကိုင်း၊ ဤနယ်ရှစ်ရပ်အတွင်း ဂန္ဓပလ္လင်ဘုရားဝတ်မြေ အရှေ့နောက်တစ်တိုင် တောင်မြောက်တစ်တိုင်၊ ၎င်းမြေလုပ်သားတို့မှာ ကျွဲတစ်ရှဉ်းလျှင် စပါး ငါးတင်း၊ နွားတစ်ရှဉ်းလျှင် စပါး သုံးတင်း ဝတ်သိမ်းတို့က ကောက်ခံ၍ ဘုရားရှင်ကို လှူဒါန်းပြင်ဆင်ရသည်။

ယခု ဝတ်သိမ်းမရှိလျှင် သူကြီးက ကောက်ခံ၍ ဘုရားအနီးအပါးနေ ရဟန်းသူတော်တို့က ဘုရားရှင်ကို ပြင်ဆင်လှူဒါန်းသည်။ ကျန်မင်းမြေတွင် ကင်းလေးသားတို့က လုပ်ဆောင်သည်ကို အခွန်မခံရ။ အသည်အလာတို့လုပ်ဆောင်သည်မှာ ကျွဲတစ်ရှဉ်းလျှင် စပါး ၁၀ တင်း၊ ဝန်စား တစ်တင်း၊ ကြွက်စား တစ်တင်း၊ စာရေးတစ်ခွဲ၊ ကျီစိုး တစ်ခွဲ ၊ သူကြီး တစ်တင်း အခွန်တော်တို့ကို တောင်ငူ၊ ကျီတော်မှာ ချင်သွင်းရိုးအပေါ်ဝန် အကောက်အစား၊ တရားကွမ်းဖိုး စီရင်ကောက်စားရသည်များကို တောင်ငူရုံးမှာ ဆက်ရိုး၊ နယ်တွင်းနေ ကြေးပေး၊ ကြေးဆုံ၊ ကင်းလေးသားတို့မှာ တောင်ငူက အခန့်အထားကို ခံ၍ ခွဲခန့်ဆုံပေးထမ်းရွက်ရသည်ဟု စစ်တမ်းတွင် ဖော်ပြသည်။

ဤသည်မှာ တောင်ငူ ၅၂ မြို့ဝင် မြို့ရွာများနှင့် တောင်ငူစစ်တမ်းပါ တောင်ညိုမြို့အကြောင်း ဖြစ်ပါသည်။ ကျန်မြို့ရွာများကိုလည်း အလျဉ်းသင့်သလို ဖော်ပြသွားပါမည်။

**ကျမ်းကိုး- တောင်ငူရာဇဝင် ( ဦးပွားတည်းဖြတ်) ၁၁၄၆ ခုနှစ်၊ တောင်ငူစစ်တမ်း (လက်ရေးမူ)**

# နမ့်ခမ်းမြို့သီတဂူစက္ခုဒါနဆေးရုံတော်၌ မျက်စိဝေဒနာရှင် ၇၉၂ ဦးစမ်းသပ်ပေးနိုင်ခဲ့ပြီး ၁၆၂ ဦး ခွဲစိတ်ပေးနိုင်ခဲ့

**နမ့်ခမ်း ဩဂုတ် ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ ဇေယျသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ သီတဂူစက္ခုဒါနဆေးရုံတော်၌ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ(အဂ္ဂမဟာပဏ္ဍိတ၊ ဗဟုဇနဟိတဓရ မဟာဓမ္မကထိက )ဦးစီးသည့် မျက်စိအထူးကုဆရာဝန်ကြီးများပါဝင်သောအဖွဲ့သည် ဆဋ္ဌမအကြိမ်မြောက် မျက်စိဝေဒနာရှင်များအား ဇူလိုင် ၂၈ ရက်မှ ၃၁ ရက်အထိ အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးခဲ့ရာ မျက်စိဝေဒနာရှင် ၇၉၂ ဦးကို စမ်းသပ်စစ်ဆေးဆောင်ရွက်ပေးပြီး ၁၆၂ ဦးကို ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

မျက်စိလာရောက်စမ်းသပ်ခွဲစိတ်ကုသကြသော မျက်စိဝေဒနာရှင်များအား နေရာထိုင်ခင်းစားသောက်ရေး၊ အထွေထွေလိုအပ်သောပြုစုစောင့်ရှောက်မှုများအတွက်အဆင်ပြေမှုရှိစေရန်နမ့်ခမ်းမြို့သီတဂူဆေးရုံတော်၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ၊ ဇေယျသုခကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဝိနယာစာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) နှင့် ဆေးရုံတော်ကြီးကြပ်မှုကော်မတီအဖွဲ့ ၊ နမ့်ခမ်းမြို့ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ နမ့်ခမ်း၊ မူဆယ်၊ (၁၀၅)မိုင်မှ ပရဟိတလူမှုရေးအသင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးပြီး ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ကျေးရွာများရှိ စေတနာရှင်ပြည်သူများက အလှူငွေများ၊ လိုအပ်သော ဆေးဝါးများ၊ မျက်မှန်များ၊ ထမင်းဘူးနှင့် သောက်ရေသန့်များကို လှူဒါန်းခဲ့ကြသည်။

လာရောက်ကုသမှုခံယူကြသော မျက်စိဝေဒနာရှင်များတွင် နမ့်ခမ်းမြို့နယ်၊ မူဆယ်မြို့နယ်၊ ပန်ဆိုင်း(ကြူကုတ်)၊ ၁၀၅ မိုင်၊ နမ့် ဖတ်ကာ၊ ကချင်ပြည်နယ် မန့်ဝိန်းကြီးဒေသရှိ ပြည်သူများ၊ မြန်မာတရုတ်နယ်စပ်ရှိ ရဟန်းသံဃာများ၊ သက်ကြီးရွယ်အိုနှင့် လူငယ်လူရွယ် မျက်စိဝေဒနာရှင်များပါဝင်ပြီး လိုအပ်သော မျက်စိကုသမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း (နမ့်ခမ်း)**


နမ့်ခမ်းမြို့သီတဂူစက္ခုပါလဆေးရုံ၌ မျက်စိဝေဒနာရှင်များအား တွေ့ရစဉ်။

## 2019 COMMUNITY SHIELD

# ဝင်ဘလေမှာ ကွန်မြူနတီဒိုင်းကိုအရယူမယ့် ပရီမီယာလိဂ်ချန်ပီယံ




**လာမယ့်ဩဂုတ် ၄ ရက်မှာ အင်္ဂလန်ဘောလုံးရာသီအဖွင့်ကွန်မြူနတီဒိုင်းပွဲကို ကျင်းပတော့မယ်။ ဒီပွဲကို အင်္ဂလန်နိုင်ငံရဲ့ဝင်ဘလေကွင်းအတွင်းမှာ ကျင်းပသွားမှာဖြစ်သလို လီဗာပူးနဲ့ မန်စီးတီး တို့လို လက်ရှိအင်္ဂလန်ရဲ့အကောင်းဆုံးနှစ်သင်းယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ အမှန်တကယ်တော့ ဒီပြိုင်ပွဲဟာ ပရီမီယာလိဂ်ချန်ပီယံနဲ့အက်ဖ်အေဖလားချန်ပီယံတို့ ယှဉ်ပြိုင်ရတဲ့ပွဲဖြစ်ပေမယ့် မနှစ်က ရာသီမှာ မန်စီးတီးက ပရီမီယာလိဂ်ဖလားရော အက်ဖ်အေဖလားပါရယူနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်မှာ ဒုတိယရခဲ့တဲ့ လီဗာပူးက ဒီပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။**

လီဗာပူးဟာ ဒီကွန်မြူနတီဒိုင်းကို ၂၀၀၆ ခုနှစ်တုန်းကနောက်ဆုံးအကြိမ် ရယူနိုင်ခဲ့တာဖြစ်တာကြောင့် ဒီဆုနဲ့ဝေးနေခဲ့တာ ၁၀ စုနှစ်တစ်ခုကျော်ခဲ့ပြီဖြစ်ပြီး ဒီအောင်မြင်မှုကို တစ်ကျော့ ပြန်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်တဲ့အတွက် ပွဲကလည်း အကြိတ်အနယ်ရှိမှာ သေချာနေပါတယ်။ မန်စီးတီးကတော့ ဒီကွန်မြူနတီဒိုင်းကို မနှစ်ကရာသီမှာလည်း ချယ်လ်ဆီးကိုအနိုင်ယူပြီး သိမ်းပိုက်နိုင်ခဲ့တာကြောင့် ဒီတစ်ကြိမ်လည်း အဆိုပါအောင်မြင်မှုကို ဆက်လက်ကာကွယ်သွားဖို့ အားစိုက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း မန်စီးတီးကပဲ ချန်ပီယံဆုကို ကာကွယ်နိုင်မလား ဒါမှမဟုတ် လီဗာပူးကပဲ ဒီကွန်မြူနတီဒိုင်းကို တစ်ကျော့ပြန်ရယူသွားနိုင်မလားဆိုတာက စိတ်ဝင်စားဖို့ကောင်းနေတယ်။

### လီဗာပူးရဲ့အနေအထား

လီဗာပူးဟာပြီးခဲ့တဲ့ရာသီမှာ ခြေစွမ်းကောင်းတွေ တောက်လျှောက်ပြသနိုင်ခဲ့ကာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာလည်း မန်စီးတီးကို တောက်လျှောက် ဖိအားပေးနိုင်ခဲ့သလို တစ်မှတ်အကွာနဲ့ ချန်ပီယံဆုဖလားကို လက်လွှတ်လိုက်ရတဲ့အထိ ခြေစွမ်းထက်မြက်ခဲ့တဲ့အပြင် ချန်ပီယံလိဂ်ဆုဖလားကိုလည်း အရယူနိုင်ခဲ့ပေမယ့် လက်ရှိနွေရာသီဈေးကွက်မှာတော့ အခုအချိန်အထိ ထိရောက်တဲ့အားဖြည့်မှုတွေ လုပ်ဆောင်နိုင်ခြင်း မရှိသေးပါဘူး။ လူငယ်ကစားသမားတွေ ဖြစ်တဲ့ ဟော်လန်ရဲ့အသက် ၁၇ နှစ်အရွယ် လူငယ်ကစားသမား ဗန်ဒီဘတ်နဲ့ အင်္ဂလန်ရဲ့အသက် ၁၆ နှစ်အရွယ် အဲလီယော့တို့ကိုသာ ခေါ်ယူထားနိုင်သလို ခြေစမ်းပွဲတွေမှာလည်း ခြေစွမ်းကောင်းတွေကို ပြသနိုင်ခြင်း မရှိခဲ့ပါဘူး။

လီဗာပူးဟာ ရာသီကြိုကာလ အဖွင့်ခြေစမ်းပွဲနှစ်ပွဲဖြစ်တဲ့ ထရန်မီယီနဲ့ ဘရက်ဖို့ဒ်တို့နဲ့ပွဲတွေမှာ ဂိုးပြတ်နိုင်ပွဲတွေ ယူဆောင်နိုင်ခဲ့ပေမယ့် နောက်ပိုင်းကစားခဲ့တဲ့ ခြေစမ်းပွဲတွေမှာတော့ ဒေါ့မွန်ကို ၂-၃ ဂိုး၊ ဆီဗီးလ်ကို ၁-၂ ဂိုး၊ နာပိုလီကို ၀-၃ ဂိုးတို့နဲ့ အရေးနိမ့်ခဲ့ပြီး စပို့တင်းလိုအသင်းမျိုးကိုလည်း နှစ်ဂိုးစီ သရေသာကစားနိုင်ခဲ့ပါတယ်။ အဆိုပါခြေစမ်းပွဲတွေမှာ ဖာမီနို၊ ဆာလတ်၊ မာနေးတို့လို ကစားသမားတွေပါဝင်ခဲ့ခြင်း မရှိပေမယ့်လည်း ဗန်ဒစ်၊ အာနိုး၊ ရောဘတ်ဆန်၊ ဂျိုးမာတစ်တို့လိုခံစစ်ကစားသမားတွေကိုတော့ အဓိကထား အသုံးပြုခဲ့သလို ကွင်းလယ်မှာလည်း ချိန်ဘာလိမ်၊ မီလ်နာ၊ ဖာဘင်ညိုတို့လို ကစားသမားတွေကိုအသုံးပြုခဲ့တဲ့ကြားက စုစုပေါင်း ၁၀ ဂိုးအထိ ပေးခဲ့ရတဲ့အခြေအနေအရ လီဗာပူးရဲ့ကွင်းလယ်နဲ့ ခံစစ်မှာ အထိုင်မကျမှုတွေရှိနေတာ မြင်သာပါတယ်။ ဒီပွဲစဉ်မှာလည်း မာနေး၊ ဖာမီနို၊ ဆာလတ်တို့ ပြန်လည်ပါဝင်လာရင် တိုက်စစ်စွမ်းဆောင်ရည် ထက်မြက်လာနိုင်ပေမယ့် ကွင်းလယ်နဲ့ ခံစစ်ပိုင်းစွမ်းဆောင်ရည်ကတော့ မနှစ်ကလို ခြေစွမ်းမျိုးပြန်ရဖို့တော့ ခက်ပါတယ်။

### မန်စီးတီးရဲ့အခြေအနေ

မန်စီးတီးကတော့ ရာသီအကြိုကာလမှာ ပရီမီယာလိဂ်အာရှဖလားကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှာ ချန်ပီယံဆုကို အရမယူနိုင်ခဲ့ပေမယ့် ဗိုလ်လုပွဲမှာ ဝုဖ်ကို ခြေစွမ်းပိုင်း သိသိသာသာနဲ့ ဖိအားပေးကစားနိုင်ခဲ့တာ တွေ့ရပါတယ်။ အဆိုပါပွဲမှာ ဂိုးကန်သွင်းခွင့် ၁၀ ကြိမ်ရတဲ့ကြားက ဂိုးမရခဲ့တာဖြစ်သလို ပွဲချိန် ၂၁ မိနစ်မှာရတဲ့ ပယ်နယ်တီကိုလည်း စတားလင်းက ဂိုးဝင်အောင် မသွင်းနိုင်ခဲ့တာကြောင့် ချန်ပီယံဆုနဲ့ လွဲခဲ့ရတာ ဖြစ်ပါတယ်။ ဒါ့အပြင် မန်စီးတီးဟာ အခြား ခြေစမ်းပွဲတွေမှာလည်း ကစ်ချီကို ၁-၆ဂိုး၊ ယိုကိုဟားမားကို ၁-၃ ဂိုးတို့နဲ့ အနိုင်ရခဲ့တာကို ကြည့်ရင် ခြေစွမ်းထက်မြက်ဆဲဖြစ်တာ မြင်သာပါတယ်။ မန်စီးတီးဟာ ဒီရာသီမှာ ဆာနေး၊ ဒီဘရူနီ၊ ဆေးလ်ဗား၊ အဂူရိုတို့လို ကစားသမားတွေကို အသင်းမှာ ဆက်ထိန်းထားနိုင်တဲ့အပြင် အက်သလက်တီကို ကွင်းလယ်ကစားသမား ရိုဒရီဂို ကိုလည်း ပေါင်၆၂သန်းနဲ့ခေါ်ယူထားနိုင်တာကြောင့် ကွင်းလယ်အင်အား ပိုမိုတောင့်တင်းလာပါတယ်။ ဒီပွဲစဉ်မှာ အဂူရို၊ ဂျေဆုတို့ ပြန်လည်ပါဝင်လာနိုင်တာကြောင့် မန်စီးတီးတိုက်စစ်ဟာ ပြီးခဲ့တဲ့ရာသီကလိုပဲ ထက်မြက်နေဦးမှာဖြစ်သလို လက်ရှိအားနည်းနေတဲ့ လီဗာပူးခံစစ်ကိုလည်း ဖိအားပေးသွားနိုင်မှာ သေချာနေပါတယ်။

### သုံးသပ်ချက်

ဒါ့အပြင် ဂွါဒီယိုလာဟာ ရာသီသစ်မှာလည်း အဓိကပြိုင်ဘက်ဖြစ်လာဦးမယ့် လီဗာပူးကို ရာသီမစခင်ကတည်းက စိတ်ဓာတ်ပိုင်းအသာရယူထားနိုင်အောင် အခုပွဲမှာ မဖြစ်မနေ အနိုင်ကစားဖို့ အားစိုက်လာမှာလည်း ဖြစ်ပါတယ်။ ဂျာဂျင်ကလော့ကလည်း ရာသီအဖွင့်မှာ အောင်မြင်မှုရယူနိုင်ဖို့ လူစုံအသုံးပြုလာမှာ ဖြစ်ပေမယ့်လည်း လက်ရှိအချိန်မှာ ခံစစ်ပိုင်းနဲ့ အသင်းလိုက်ဟန်ချက်မငြိမ်သေးတဲ့ အခြေအနေအရ ဒီနှစ်ရာသီအဖွင့်မှာလည်း မန်စီးတီးကသာ အောင်ပွဲခံသွားမယ်လို့ ယူဆမိပါတယ်။

**၂၀၁၉ ကွန်မြူနတီဒိုင်း**

**ကျင်းပမယ့်ရက် - ဩဂုတ် ၄ ရက်၊ ၂၀၁၉**

**ကွင်း - ဝင်ဘလေ**

**အသင်း - လီဗာပူး - မန်စီးတီး**

**ကွင်းလယ်ဒိုင် - မာတင်အက်ကင်ဆန်**

**ဝေမိုးဆက်**

## ရော်နယ်ဒို ပါဝင်ခြင်းမရှိသည့်အတွက် တောင်ကိုရီးယား ပရိသတ်များ တရားစွဲရန် စီစဉ်နေ



ပြီးခဲ့သည့် ဇူလိုင်လ ၂၆ ရက်တွင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ဂျူဗင်တပ်စ်အသင်းနှင့် တောင်ကိုရီးယား ကေလိဂ် All-Star အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သော ခြေစမ်းပွဲတွင် ဂျူဗင်တပ်စ်အသင်း တိုက်စစ်ကစားသမား ခရစ္စတီယာနို ရော်နယ်ဒို ပါဝင်ကစားခဲ့ခြင်းမရှိသည့်ကိစ္စနှင့်ပတ်သက်၍ တောင်ကိုရီးယား ဘောလုံးပရိသတ်အချို့သည် လျော်ကြေးငွေတောင်းခံရန်အတွက် တရားစွဲဆိုရန် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂျူဗင်တပ်စ်အသင်းနှင့် ကေလိဂ် All-Star အသင်းတို့ ခြေစမ်းပွဲကို စီစဉ်သည့် The Fsta Inc ကုမ္ပဏီက ခြေစမ်းပွဲကစားရန် စီစဉ်ထားသည့် စာချုပ်အရ ပေါ်တူဂီကစားသမား ရော်နယ်ဒိုသည် အဆိုပါပွဲတွင် အနည်းဆုံး ၄၅ မိနစ်ခန့် ပါဝင်ကစားရမည်ဖြစ်သည်ဟု ကြေညာခဲ့ပြီး အဆိုပါပွဲအား ပရိသတ်ပေါင်း ၆၃၀၀၀ လာရောက်ကြည့်ရှုအားပေးခဲ့သည်။ သို့သော်လည်း တိုက်စစ်ကစားသမား ရော်နယ်ဒိုသည် အဆိုပါခြေစမ်းပွဲတွင် ပါဝင်ကစားခြင်းမရှိခဲ့ဘဲ အရန်ခုံတွင်သာ ထိုင်နေခဲ့ပြီးနောက် တောင်ကိုရီးယား ပရိသတ်အချို့က ယခုကဲ့သို့ တရားစွဲဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် တောင်ကိုရီးယားပရိသတ်နှစ်ဦးက ၎င်းတို့သည် ကွင်းဝင်လက်မှတ်အား လိမ်ညာရောင်းချခြင်းခံခဲ့ရသည်ဟုဆိုကာ ရှေ့နေဖြစ်သူ ကင်မ်မင်ကီနှင့် ဆွေးနွေးတိုင်ပင်ကာ တရားစွဲဆိုရန် စီစဉ်လျက်ရှိသည်။ ရှေ့နေ ကင်မ်မင်ကီက လက်ရှိအချိန်တွင် ၎င်းနှင့် ဆွေးနွေးတိုင်ပင်လာသည့် ပရိသတ်နှစ်ဦးသာ ရှိသေးသော်လည်း တရားစွဲဆိုမည့်ပရိသတ်ဦးရေသည် ၆၀၀၀၀ ကျော်အထိ ရှိလာနိုင်ကြောင်း၊ အဆိုပါပရိသတ်များအား လျော်ကြေးငွေပေးချေရမည်ဆိုပါက ပေါင် ၄၆ သန်းအထိ ပေးချေရနိုင်ကြောင်း ပြောဆိုခဲ့သည်။

"တောင်ကိုရီးယားပရိသတ်များစွာဟာ ရော်နယ်ဒိုကို ကြည့်ရှုအားပေးချင်တာကြောင့် ကွင်းဝင်လက်မှတ်တွေ ဝယ်ယူခဲ့ကြပါတယ်။ The Fsta Inc ကုမ္ပဏီ ဒီခြေစမ်းပွဲအတွက် ဂျူဗင်တပ်စ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်မှာ ရော်နယ်ဒိုဟာ အနည်းဆုံး ၄၅ မိနစ်ကြာ ပါဝင်ကစားရမှာဖြစ်ပြီး ရော်နယ်ဒိုအနေနဲ့ ပရိသတ်တွေကို အမှတ်တရ လက်မှတ်ရေးထိုးပေးတဲ့ပွဲလည်း ပြုလုပ်လိမ့်မယ်လို့ ကြေညာခဲ့ပါတယ်။ အခုတော့ ပရိသတ်တွေက သူတို့ဟာ ကြော်ငြာအမှားနဲ့ လက်မှတ်တွေ လိမ်လည်ရောင်းချခံခဲ့ရတယ်လို့ ယူဆနေကြတယ်။ လက်ရှိအချိန်မှာ The Fsta Inc ကုမ္ပဏီကို တရားစွဲဖို့ ကျွန်တော်နဲ့ တိုင်ပင်လာတဲ့ ပရိသတ်က နှစ်ဦးသာရှိပါသေးတယ်။ ဒါပေမယ့် ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်ဆီ ဖုန်းနဲ့ဆက်သွယ်လာသူ အများအပြားရှိနေပါတယ်။ ဒါကြောင့် တရားစွဲဆိုမယ့် ပရိသတ်ဦးရေက ၆၀၀၀၀ ကျော်ရှိလာနိုင်တယ်" ဟု ပြောဆိုခဲ့သည်။

**ထက်အောင်**

## မန်ယူသို့ ပြောင်းရွှေ့ရန် ဒိုင်ဘာလာ ငြင်းဆိုပါက လူကာကူအနေဖြင့် မန်ယူတွင်သာ ဆက်ရှိနေဖွယ်ရှိ



ဂျူဗင်တပ်စ်အသင်း တိုက်စစ်မှူး ဒိုင်ဘာလာအနေဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် ငြင်းဆိုခဲ့ပါက မန်ယူအသင်းတိုက်စစ်မှူး လူကာကူအနေဖြင့်လည်း မန်ယူအသင်းတွင်သာ ဆက်ရှိသွားလိမ့်မည်ဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

မန်ယူအသင်းနှင့် ဂျူဗင်တပ်စ်အသင်းတို့သည် တိုက်စစ်မှူး လူကာကူနှင့် ဒိုင်ဘာလာတို့အား အလဲအလှယ်ပြုရန် စီစဉ်နေလျက်ရှိသည်။ ဘယ်ဂျီယံတိုက်စစ်မှူး လူကာကူအနေဖြင့် ယခုနွေရာသီဈေးကွက်ကာလအတွင်းတွင် မန်ယူအသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေသူ ဖြစ်သည်။ သို့သော်လည်း မန်ယူနှင့် ဂျူဗင်တပ်စ်အသင်းတို့အကြား အပြောင်းအရွှေ့ကိစ္စဖြစ်ပေါ်လာရေးသည် အာဂျင်တီးနားတိုက်စစ်မှူး ဒိုင်ဘာလာက မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒရှိမရှိအပေါ် မူတည်နေသည်ဟုဆိုသည်။ တိုက်စစ်မှူး ဒိုင်ဘာလာ (၂၅ နှစ်) သည် ဂျူဗင်တပ်စ်အသင်းတွင် ပုံမှန်ကစားခွင့်ရရှိရန် ရုန်းကန်ရသော်လည်း လာမည့်ဘောလုံးရာသီတွင် ဂျူဗင်တပ်စ်အသင်း၌ပင် ဆက်လက်ကစားသွားရန် ဆုံးဖြတ်ထားကြောင်းလည်း သတင်းများ ထွက်ပေါ်နေသည်။

စီးရီးအေထိပ်တန်းကလပ်အသင်း တစ်သင်းဖြစ်သည့် အင်တာမီလန်အသင်းကလည်း တိုက်စစ်မှူး လူကာကူအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ မန်ယူအသင်းတာဝန်ရှိသူများက တိုက်စစ်မှူး လူကာကူ၏ ပြောင်းရွှေ့ကြေးအဖြစ် ပေါင်သန်း ၈၀ သတ်မှတ်ထားပြီး အင်တာမီလန်အသင်းသည် ပေါင် ၅၄ သန်းဖြင့် တိုက်စစ်မှူး လူကာကူအား ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း အဆိုပါ ကမ်းလှမ်းမှုကို မန်ယူအသင်းက ပယ်ချခဲ့သည်။

အင်တာမီလန်အသင်းအနေဖြင့် တိုက်စစ်မှူး လူကာကူအား ခေါ်ယူရေးအတွက် ပြောင်းရွှေ့ကြေး တိုးမြှင့်ကမ်းလှမ်းခြင်း မပြုဘဲ ဂျူဗင်တပ်စ်တိုက်စစ်မှူး ဒိုင်ဘာလာကလည်း မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် ငြင်းပယ်ခဲ့ပါက တိုက်စစ်မှူး လူကာကူသည် မန်ယူအသင်းတွင်သာ ဆက်ရှိသွားရလိမ့်မည်ဖြစ်သည်။

တိုက်စစ်မှူး ဒိုင်ဘာလာသည် မန်ယူအသင်းသို့ ပြောင်းရွှေ့မည်ဆိုပါက တစ်ပတ်လုပ်ခငွေအဖြစ် ပေါင် ၃၅၀၀၀၀ ပေးချေရန် တောင်းဆိုထားခြင်းသည်လည်း မန်ယူအသင်းအနေဖြင့် တိုက်စစ်မှူး ဒိုင်ဘာလာအား ခေါ်ယူရေး ကြိုးစားမှုတွင် အဟန့်အတားတစ်ခုသဖွယ်ဖြစ်နေသည်ဟုဆိုသည်။ တိုက်စစ်မှူး ဒိုင်ဘာလာသည် ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ခုနှစ် ဘောလုံးရာသီတွင် ဂျူဗင်တပ်စ်အသင်းအတွက် စုစုပေါင်း ၄၂ ပွဲ ပါဝင်ကစားခဲ့ကာ ၁၀ ဂိုး သွင်းယူခဲ့သူ ဖြစ်သည်။

**ထက်အောင်**

# ကော့သောင်းမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှင့် ဓာတ်တိုင်များ လဲပြိုပျက်စီး

**ကော့သောင်း ဩဂုတ် ၂**

ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာ၊ ပုလုံးတုံတုံးကျေးရွာနှင့် ရွှေပြည်သာရပ်ကွက်များတွင် ဩဂုတ် ၂ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများ တိုက်ခတ်မှုကြောင့် ဓာတ်တိုင်များ လဲကျခြင်းနှင့် နေအိမ်များ အမိုးလန်ပျက်စီးပြိုကျမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ကော့သောင်းမြို့တွင် ယနေ့ နံနက်ပိုင်းမှစ၍ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများ တိုက်ခတ်မှုကြောင့် ရွှေပြည်စိုးကျေးရွာ ကိုးခန်းတွဲတန်းလျားတစ်ဆောင်ပေါ်သို့ သစ်ပင်များ ကျိုးကျပြီး နေအိမ်အမိုးနှင့် အစိတ်အပိုင်းတချို့ ပျက်စီးခြင်း၊ ပုလုံးတုံတုံးကျေးရွာ ကမ်းစပ်အပိုင်းတွင် တည်ရှိသည့် မြေစိုက်သွပ်မိုး နေအိမ်သုံးလုံး ပြိုကျခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။



အလားတူ ရွှေပြည်သာရပ်ကွက် ဗန္ဓုလလမ်းနှင့် ရွှေပြည်သာရပ်ကွက် ရုံးလမ်းအတွင်း အပင်များကျိုးကျသဖြင့် လူနေအိမ်တချို့ အမိုးလန်ပျက်စီးခြင်း၊ ကွန်ကရစ် ဓာတ်တိုင်များကျိုးကျ၍ လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ လေပြင်းတိုက်၍ ပျက်စီးသွားသည့်နေရာများသို့ ကျေးရွာနှင့် ရပ်ကွက် တာဝန်ရှိသူများနှင့် ကော့သောင်း အများပိုင်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကုမ္ပဏီတို့၏ ကရိန်းယာဉ်များဖြင့် သွားရောက်ရှင်းလင်းဖယ်ရှားခြင်း၊ ခရိုင်နှင့် မြို့နယ် သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲရေးကော်မတီနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့် ကူညီကယ်ဆယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ၂-၈-၂၀၁၉ ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများစာရင်း

(၀၆း၀၀)နာရီ ရေမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (ပေ) ကန်ရေသေ(ပေ) | ရေလှောင် ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင် ပမာဏ (ဧကပေ) | မိုး ရေချိန် (လက်မ) | ရေပိုလွှဲမှ ရေကျော် အမြင့်(ပေ) |
|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင်/ | ၃၆ | ၂၈၄၇၄ | ၃၇.၄၀ | ၃၂၀၆၈ | ၄.၂၅ | ၀.၄၀ |
| | | လှိုင်းဘွဲမြို့ | ၁၉ | ၂၃၇၆ | | | | |
| | | **ချင်းပြည်နယ်** | | | | | | |
| ၂ | လိုင်ဗားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၁ | ၆၉.၂၀ | ၁၉၀၉ | ၀.၂၀ | ၀.၄၀ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၃ | ရာဇဂြိုဟ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၆.၂၀ | ၅၃၁၄၀ | ၀.၄၀ | ၁.၂၀ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး(အရှေ့)** | | | | | | |
| ၄ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၃၀ | ၂၃၈၀ | ၁.၅၀ | ၀.၃၀ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၅ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၂.၄၀ | ၆၄၆၂၆၈ | - | ၂.၄၀ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | |
| ၆ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၆.၇၀ | ၃၃၂၇၈၀ | - | ၃.၂၀ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၃၇၂ | | | | |
| | | **မွန်ပြည်နယ်** | | | | | | |
| ၇ | ဝါးပါးရေလှောင်တမံ | သထုံခရိုင်/ | ၆၀ | ၄၁၅၀ | ၆၀.၂၅ | ၄၁၈၉ | ၅.၁၅ | ၀.၂၅ |
| | | သထုံမြို့ | ၁၇ | ၁၇၃ | | | | |
| | | ရခိုင်ပြည်နယ် | | | | | | |
| ၈ | ပြိုင်းချောင်းရေလှောင်တမံ | စစ်တွေခရိုင်/ | ၉၆ | ၂၅၂၀၅ | ၉၆.၉၀ | ၂၅၆၅၅ | - | ၀.၉၀ |
| | | ကျောက်တော်မြို့ | ၂၆ | ၁၀၅၄ | | | | |
| ၉ | ကြက်တက်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၀ | ၁၂၀ | ၃၀.၂၀ | ၁၂၃ | - | ၀.၂၀ |
| | | မင်းပြားမြို့ | ၁၀ | ၉ | | | | |
| ၁၀ | ရှောက်ချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၄၃ | ၁၁၄၀ | ၄၃.၂၀ | ၁၁၅၃ | - | ၀.၂၀ |
| | | ကျောက်တော်မြို့ | ၁၇ | ၁၂၀ | | | | |
| ၁၁ | တမန်းဒူးရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၄.၇၅ | ၆၇၈ | ၃၄.၈၅ | ၆၈၂ | - | ၀.၁၀ |
| | | မြေပုံမြို့ | ၁၁.၇၅ | ၇၅ | | | | |
| | | ဧရာဝတီတိုင်းဒေသကြီး | | | | | | |
| ၁၂ | နန်ကသူရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၃၉.၄၀ | ၄၁၁၆၀ | ၀.၄၇ | ၁.၄၀ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | |
| ၁၃ | ကညင်ရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၅.၇၀ | ၁၄၈၂၁၃ | ၀.၄၀ | ၁.၇၀ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | |

# သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်၊ ပြည်သူ့အချို့ရေဘေးသင့်

**မေတ္တာ**

တနင်္သာရီတိုင်းဒေသကြီး မေတ္တာမြို့ အမှတ်(၃)ရပ်ကွက် ဟိန္ဒူးချောင်းတံတားအနီးတွင် ဩဂုတ် ၁ ရက် ည ၁၁ နာရီက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ထားဝယ်-မေတ္တာကားလမ်းဘေးရှိ လျှပ်စစ်ဓာတ်တိုင်များပေါ် သစ်ပင်ကြီးပြိုကျသဖြင့် လျှပ်စစ်ဓာတ်တိုင်သုံးတိုင် ကျိုးပဲ့ပျက်စီးခဲ့ကြောင်း သိရသည်။

**မေတ္တာ(မြန်/ဆက်)**

**ကျောက်ကြီး**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့ ချောင်းရေ မြင့်တက်မှုကြောင့် ဩဂုတ် ၂ ရက်အထိ ပြောင်းရွှေ့ရသူ စုစုပေါင်း အိမ်ထောင်စု ၅၅ စု၊ လူဦးရေ ၂၄၉ ဦး ရှိလာကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်အတွင်း ချောင်းရေ ၃ ဒသမ ၁ ပေခန့် မြင့်တက်ဝင်ရောက်လာသဖြင့် ကပ်ကျေးရပ်ကွက်တွင် အိမ်ထောင်စု ၁၁ စု၊ ပဲခူးရပ်ကွက်၊ အိမ်ထောင်စုသုံးစု၊ ဗမာဝက်လာတောကျေးရွာမှ အိမ်ထောင်စုကိုးစုတို့ ယနေ့ထပ်မံ ပြောင်းရွှေ့ခဲ့ရသည်။

အဆိုပါ ရေဘေးရှောင်ပြည်သူများအား နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး အောင်စိုးမင်းနှင့် ကျောက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သူတို့ စီစဉ်ညွှန်ကြားမှုဖြင့် ဗိုလ်မှူး ကျော်ပြည့်ဖြိုးမင်း ဦးဆောင်သည့် တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်ဝန်ထမ်းများက ဝိုင်းဝန်းကူညီရွှေ့ပြောင်းပေးခဲ့သည်။ ရေဘေးရှောင်ပြည်သူများအတွက် နယ်မြေခံတပ်ရင်းဆေးအဖွဲ့က အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**

**ဇလွန်**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ဖားလက်ခိုကျေးရွာအုပ်စု ညောင်ပင်စုကျေးရွာတွင် ယမန်နေ့ညနေ ၄ နာရီမှ ယနေ့ နံနက် ၁၀နာရီအတွင်း မြစ်ကမ်းပါးသည် မြစ်ရေတိုက်စားမှုကြောင့် တဖြည်းဖြည်းချင်းပြိုကျလာကြောင်း၊ ယင်းကျေးရွာရှိ နေအိမ် ၃၇ လုံးနှင့် ဓမ္မာရုံကျောင်းဆောင်တစ်ဆောင်တို့ကို ဖျက်သိမ်းရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။ အဆိုပါ ဖျက်သိမ်းရွှေ့ပြောင်းရသော အိမ်ထောင်စုဝင်များသည် နီးစပ်ရာ ဆွေမျိုးနေအိမ်များတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပြီး အဆိုပါ မြစ်ကမ်းပါးပြိုကျမှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**ဝေယံ-ဇလွန်(မြန်/ဆက်)**

# ပြည်မြို့တွင် ရေလှောင်တမံနှင့် ရေဘေးကာကွယ်ရေး ပြည်သူများအား အသိပေး

**ပြည် ဩဂုတ် ၂**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေးဆွဲထားသည့် ရေလှောင်တမံနှင့် ရေဘေးကာကွယ်ရေးတာများ၏ အရေးပေါ် အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ပြည်သူလူထုအား အသိပညာပေး ဆွေးနွေးပွဲကို ပြည်မြို့နဝင်းရပ်ကွက် နဝင်းတာပေါင် ရေတံခါး၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်က အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်မြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးငြိမ်းနှင့် ဦးစီးအရာရှိဦးစန်းဦးတို့က တာတမံများနှင့် ပတ်သက်၍ အရေးပေါ် အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားကာ ပြည်မြို့နဝင်းတာနှင့် ဆက်စပ်လျက်ရှိသော ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများအား အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု အလံများပေးအပ်သည်။

ထို့နောက် ပြည်မြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများက တာတမံများ၏ အရေးပေါ်ရေဘေးကာကွယ်ရေးလုပ်ငန်းများကို လက်တွေ့လုပ်ဆောင် သရုပ်ပြခဲ့ကြသည်။

**မောင်ကျော်ကြီး**



ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဝန်ထမ်းများက တာတမံများ၏ အရေးပေါ် ရေဘေးကာကွယ်ရေးလုပ်ငန်းများ လက်တွေ့သရုပ်ပြသစဉ်။

# ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော် သတင်းစာရှင်းလင်းခန်းမ၌ ပြည်တွင်း ပြည်ပ သတင်းမီဒီယာများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ပထမဆုံးပြောချင်တာက မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်ရဲ့ တူရကီခရီးစဉ်မှာ မီဒီယာတွေနဲ့ တွေ့ဆုံတဲ့အခါ မြန်မာနိုင်ငံအစိုးရအနေနဲ့ ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသူတွေကို နိုင်ငံသားပေးသင့်တယ်၊ နိုင်ငံသားမပေးရင်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ ပေးသင့်တယ်၊ မြန်မာနိုင်ငံမှာ အစုလိုက်အပြုံလိုက် လူမျိုးတုံးသတ်ဖြတ်မှုတွေ ဖြစ်ပေါ်နေတယ်လို့ ပြောကြားခဲ့တဲ့အပေါ်မှာ အစိုးရရဲ့သဘောထားက အာဆီယံမှာ ပြည်တွင်းရေး ဝင်ရောက်မစွက်ဖက်ရေး မူဝါဒရှိပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့မှုကို လေးစားလိုက်နာရမယ်ဆိုတဲ့ အာဆီယံမူတွေ ရှိပါတယ်။ အာဆီယံရဲ့ ပဋိညာဉ်မှာပါတဲ့ မူတွေနဲ့လည်း သွေဖည်နေတယ်ဆိုတာ တွေ့ရပါတယ်။

"နံပါတ် ၂ အချက်က ရခိုင်ပြည်နယ်အရေးကိစ္စအတွက် ကျွန်တော်တို့ နိုင်ငံအစိုးရနဲ့ အာဆီယံပူးပေါင်းဆောင်ရွက်နေမှုတွေ အများကြီးရှိပါတယ်။ ဒီပူးပေါင်းဆောင်ရွက်နေမှုကို အထောက်အကူမပြုတဲ့အပြင် ဒီပူးပေါင်းဆောင်ရွက်နေမှုတွေအပေါ် ပိုပြီးယုတ်လျော့အောင် ထိခိုက်စေတဲ့အနေအထားတွေ့ပါတယ်။ ရခိုင်ပြည်နယ်ကနေ နေရပ်စွန့်ခွာသွားတဲ့သူတွေအတွက် မြန်မာနိုင်ငံအစိုးရနဲ့ ဘင်္ဂလားဒေ့ရှ်အစိုးရ ပူးပေါင်းဆောင်ရွက်နေတဲ့အခြေအနေတွေအပေါ်မှာလည်း ထိခိုက်မှုရှိနိုင်ပါတယ်။

"နံပါတ် ၃ အချက်က အာဆီယံအတွင်း ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံအတွင်း စည်းလုံးညီညွတ်မှုတွေ ထိခိုက်ပါတယ်။ တခြားနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စတွေအပေါ်မှာ

*စာမျက်နှာ ၁၁ ကော်လံ ၁* ❐

# ကျိုက်ဒိုမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် တောင်ကျရေစီးဆင်းမှုကြောင့် နေအိမ်များအတွင်း ရေများဝင်ရောက်

**ကျိုက်ဒို ဩဂုတ် ၂**

ကရင်ပြည်နယ် ကျိုက်ဒိုမြို့တွင် ယနေ့ နံနက် ၆ နာရီက မိုးအဆက်မပြတ်ရွာသွန်းမှုနှင့် တောင်ကျရေစီးဆင်းမှုကြောင့် အမှတ် ၁၊ ၂၊ ၃ ရပ်ကွက်များရှိ နေအိမ်များအတွင်း ရေစတင်ဝင်ရောက်ခဲ့သည်။

ရေများဝင်ရောက်မှုကြောင့် ရေလွတ်ရာဖြစ်သော အမှတ် ၁ ရပ်ကွက် သန္တိသုခဘုန်းကြီးကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် ရေဘေးရှောင်နေကြသည့် အိမ်ထောင်စု ၁၈ စုမှ အမျိုးသား ၄၉ ဦးနှင့် အမျိုးသမီး ၄၀၊ အမှတ် ၂ ရပ်ကွက်ရှိ တိသာရာမဘုန်းကြီးကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု လေးစုမှ အမျိုးသား ကိုးဦးနှင့် အမျိုးသမီး ငါးဦး၊ အမှတ် ၃ ရပ်ကွက် (အ.ထ.က ) ကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၅၉ စုမှ အမျိုးသား ၁၂၈ ဦးနှင့် အမျိုးသမီး ၁၂၃ ဦး စုစုပေါင်း လူဦးရေ ၃၅၄ ဦးတို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိသည်။

ရေဘေးရှောင်ပြည်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဇော်က ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့များ၊ တပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ဓာတ်ပုံ)**

**သန်းထွန်းနိုင်(မြန်/ဆက်)**




# တရုတ်-အာဆီယံ ယူ-၁၂ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် ဩဂုတ် ၂**

မြန်မာ ယူ-၁၂ အသင်းသည် တရုတ်နိုင်ငံ၌ ကျင်းပမည့် တရုတ်-အာဆီယံ ယူ-၁၂ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲ အုပ်စုပွဲများကို ဩဂုတ် ၂ ရက်မှစ၍ ကျင်းပလျက်ရှိပြီး တရုတ်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အာဆီယံနိုင်ငံများနှင့် ရင်းနှီးမှုရရှိစေရန်၊ အာဆီယံဘောလုံးလောကဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် ကျင်းပခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင်တရုတ်အသင်းအပါအဝင် အသင်း ၁၀ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(က)တွင် တရုတ်၊ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူ၊ လာအို၊ အုပ်စု(ခ)တွင် ဗီယက်နမ်၊ ထိုင်း၊ မြန်မာ၊ အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၃ ရက် နံနက် ၈ နာရီတွင် ထိုင်း၊ ညနေ ၃ နာရီခွဲတွင် ကမ္ဘောဒီးယား၊ ဩဂုတ် ၄ ရက်တွင် ဗီယက်နမ်၊ ဩဂုတ် ၅ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီမှာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်၊ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို ဩဂုတ် ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

တရုတ်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် မြန်မာ ယူ-၁၂ အသင်းကို မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး) မှ ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အုပ်ချုပ်သူအဖြစ် မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)ကျောင်းအုပ်ကြီး ဦးစိုးညွန့်၊ နည်းပြအဖြစ် ဦးညီညီထွန်းနှင့် ဦးကျော်ဇောတို့က တာဝန်ယူကိုင်တွယ်နေသည်။ မြန်မာ ယူ-၁၂ အသင်းကို ကစားသမား ၁၅ ဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အာဆီယံထိပ်သီးအသင်းများအပါအဝင် အာရှအင်အားကြီး တရုတ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် အတွေ့အကြုံကောင်းများရရှိမည့်ပြိုင်ပွဲဖြစ်သည်။

**ညီမြတ်သော်တာ**

## သောင်ရင်းမြစ်ရေ မြဝတီမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂**

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာအချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း လေးပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း အဆင်းတွင် လေယာဉ်ရှေ့ဘီးကျိုးမှုဖြစ်ပွား၊ ခရီးသည်များ တစ်စုံတစ်ရာထိခိုက်မှုမရှိ စာ » ၁၃

အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပနေချိန်အတွင်း ဗန်ကောက်မြို့၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွား စာ » ၁၄

**DECOLAND COMPANY LIMITED**
DECO
စက္ကူ၊ စာအုပ်နှင့် စာရေးကိရိယာ အမျိုးမျိုး
ONE-STOP TRUSTED PAPER SUPPLIER

**Copy Paper**
Copy Paper
Color Copy Paper

**Packaging Paper**
Duplex
Grey Chip Board
Ivory Board

**Printing Paper**
Art Card
Art Paper
Woodfree
Newsprint

**Special Paper**
Brief Card
Color Brief Card
Color Paper
Color Embossed Card
Gold/Silver Card
NCR Paper
Sticker paper
Tracing Paper

**Stationery paper**
Continuous Form
Fax Roll
NCR Register Roll
Register Roll
Thermal Paper Roll



Hot Line : 013 684292